၁၉၉၉ - ၂၀၀၀ ပညာသင်နှစ်



မဂ္ဂဇင်း

**A Lively Hope For AD-2000 And Beyond**



စတုတ္ထနှစ်သင်တန်းသူ/ သားများ



တတိယနှစ်သင်တန်းသူ/ သားများ

HOLY CROSS THEOLOGICAL COLLEGE LIBRARY YANGON.

# ရှာလုမ် မဂ္ဂဇင်း (၁၉၉၉ – ၂၀၀၀ ပညာသင်နှစ်)

## မာတိကာ


ကျောင်းအုပ်ကြီး ဥယျောဇဉ် ၃
တာဝန်ခံစာတည်း ရင်ဖွင့်စကား ၄

**ကဗျာ**

မောင်ပေါက်စည် ၅
ဧမြ ၆
စောမုတ်ဆိတ်(ကေတု) ၇
ဆောင်းအိမ် (ကေတု) ၈
လင်းထွဋ်ဝင်း ၉
ဝင်းနန္ဒာထွန်း ၁၀

**ကာတွန်း**

ညီထွေး (ကလေး) ၁၃
ကျားကြီး

**ဝိဉာဉ်အစာ**

ဒါဝိဒ်မင်းကြီး၏အပြစ်နှင့်
နာသန်၏တရား (ရွှေနော်ဒီလုံး) ၂၂
ယိုဖိတ်မတတ်ဖြစ်သော နလုံးသား
( Rev. စောမောင်ဒို) ၃၆
Psalm 23. (Fr. C. Bernard) ၃၈

**၂၁ ရာစုအတွက်စဉ်းစားစရာ**

၂၀ ရာစု၏ဆည်းဆာ (မောင်ဆုရှင်) ၁၇
အသက်ရှင်ခြင်းနှင့်ဆိုင်သော
မျှော်လင့်ခြင်း (ဆလိုင်းအိုက်ဇက်) ၂၅
အမျိုးသမီးများအား သိက္ခာပေးခြင်း
(မိုင်အောင်မဖြူ) ၂၈
အမျိုးသမီးများ၏အမှုတော်
ဆောင်ခြင်း (ဒေါ်ခင်ဆွေဦး) ၃၁
တပည့်တော်များ၏ အမှုတော်
ဆောင်ခြင်း (စောရှီးရှိ) ၄၁
ဆုတောင်းရန်အချိန်ကျပြီ
(ထွန်းမြတ်အေး) ၄၅
သခင်ခေါ်သံနာခံပါလော့ ...
(Rev.သန်းမြင့်ဦး) ၅၀

**အင်တာဗျူး**

H.C.Y နဲ့ တွေ့ဆုံခြင်း ၅၂

**ပေးစာ**

ညီငယ်အတွက်ပြန်စာ (ဖေသ) ၄၉

**ဆောင်းပါး**

ဘာတွေစဉ်းစားကြမလဲ
(Rev. ဆိုင်မွန်ဘီဘင်ထူး) ၁၉
အချိန် (လှိုင်းသန်း) ၂၄
မာကေဒေါနိပြည်ရှိအသင်းတော်၏
လှူဒါန်းခြင်း (နော်လားယူဖေါ်) ၃၃
အားထုတ်မှ အားထွက်မည်
(အောင်သင်း) ၅၇
သင်ဘယ်သူနည်း (ဦးအောင်လှထွန်း) ၆၄
ပညာအလင်း (Rev. ထန်အုပ်) ၆၈

**ဝတ္ထုတို**

အဖိုးထိုက်နှလုံးသား (ဘရန်ထန်) ၄၃
အလိုရှိ၍ လိုအပ်ပါသည် (တီဩဇာ) ၅၄
အနေးနဲ့အမြန် (ပြည်ငြိမ်းအေး) ၆၂
မြေကြီးစွန်းတိုင်အောင်
(Rev. မြသောင်း) ၇၀
ငြိမ်းချမ်းသောလမ်း ... (မေပြည့်ဝန်း) ၇၃
ပျော်နိုင်မလား (ဒီဇင်ဘာမွန်း) ၇၉
ရင်ထဲမှခံစားနားလည်ခြင်း
(စောရော်ဘင်) ၈၃
နောက်တစ်ကြိမ်ကြိုးစားရန်အခွင့် (ဆိုး) ၈၇

**ရင်ဖွင့်စကား**

ဥသြငယ် ၈၆
ကံအောင် ၇၇

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ရှာလုမ်မဂ္ဂဇင်း (၁၉၉၉–၂၀၀၀) ပညာသင်နှစ်
မဂ္ဂဇင်းကော်မတီ



ဘုန်းတော်ကြီးမာကုစောမောင်ဒိ (ကျောင်းအုပ်ကြီး) – နာယက
ဘုန်းတော်ကြီးဆိုင်မွန်ဘီဘင်ထူး (Dean) – အကြံပေးနှင့် စာမူစိစစ်ရေး

| | | |
|---|---|---|
| ဆလိုင်းထွန်းပ (တတိယနှစ်) | – | ကော်မတီသဘာပတိ |
| စောရှီးရှိ (နောက်ဆုံးနှစ်) | – | ကော်မတီဝင် |
| စအောင်လင်းထင် (တတိယနှစ်) | – | ကော်မတီဝင် |
| နော်ဝါးဖေါ (တတိယနှစ်) | – | ကော်မတီဝင် |
| ဒေးဗစ်ဘရန်ထန် (ဒုတိယနှစ်) | – | ကော်မတီဝင် |
| ဆလိုင်းအိုက်ဇက် (ပထမနှစ်) | – | တာဝန်ခံစာတည်း |
| စောလို (တတိယနှစ်) | – | စာတည်းအဖွဲ့ဝင် |
| ဝဏ္ဏစိုး (တတိယနှစ်) | – | စာတည်းအဖွဲ့ဝင် |

**ပန်းချီပညာရှင်များ**
နော်(လ်)အိမ်ခန့်၊ ကေလတ်၊
ကိုစန်း၊ ညီထွေး(ကလေး)၊
စ'အောင်သိန်း

**မျက်နှာဖုံး**
ညီထွေး (ကလေး)

**ကွန်ပြူတာစာစီ**
- ဆရာစိုးသိမ်း (P&P Dpt.)
- S.B.O Computer

**ပြင်ပဆက်သွယ်ရေး**
စောပြည့်ငြိမ်း၊ ဆလိုင်းဂျိုးဇက်၊
ဆလိုင်းကံအောင်

**စာအုပ်အပြင်အဆင်**
ဆလိုင်းအိုက်ဇက်၊
နန့်ဖေါင်ယာ

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
၁၀၄၊ အင်းယားလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။

| | | |
|---|---|---|
| ၁၉၉၉ | – | ဩဂုတ်လ |
| စောင်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ဓမ္မဒါန |

*(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)*



## ဥယျာဇဉ်



မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ ယခုစာသင်နှစ်၌ စာပေဝါသနာပါသူ ကျောင်းသူကျောင်းသား အတော်များများပါလာသည်ကို တွေ့ရသည်။ စာပေ၏တန်ဘိုး၊ စာပေ၏ထိရောက်မှု၊ စာပေ၏အရေးပါမှုသည် စာပေစတင်ပေါ်ထွန်းလာသည့်အချိန်မှ ယနေ့ထက်တိုင် လျော့ကျမသွားသေးသည်ကို သူတို့သိပုံရသည်။

အသင်းတော်သည် စာပေ၏အင်အားကိုမရယူပဲ တိုးတက်ရှင်သန်ဖို့လုပ်ဆောင်မည်ဆိုလျှင်၊ ခရီးနှင်နိုင်သော်လည်း၊ ကြန့်ကြာမှုများဖြင့် ရင်ဆိုင်ရမည်သာဖြစ်သည်။ ရုပ်ဝတ္ထုအရ မြင်ကွင်းသစ်များ အမျိုးမျိုး ပေါ်ထွန်းလာသည်ကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့နိုင်မည်ဖြစ်သော်လည်း ထိုအရာတို့သည် ရေရှည်တွင် ပြိုလဲပျက်စီးရမည်သာ ဖြစ်သည်။ စာပေကလောင်ဖြင့် အဆက်မပြတ်တည်ဆောက်တွန်းအားပေးခြင်းမှပေါ်ထွက်လာမည့် အသီးအပွင့်များသည် ယခုချက်ခြင်းမြင်တွေ့ရမည်မဟုတ်သော်လည်း၊ အချိန်ကျသောအခါ သီးပွင့်လာမည်ဖြစ်ပြီး၊ ထာဝရလည်းတည်ရှိနိုင်သွားမည် ဖြစ်သည်။

ယခုစာသင်နှစ်အတွင်း စာပေဝါသနာရှင် ကျောင်းသူကျောင်းသားများ၏ အားထုတ်မှုကိုအသိအမှတ် ပြုပါသည်။ စာပေ၏တန်ဘိုးကို နားလည်သူများဖြစ်သည်ကိုတွေ့ရ၍ ဝမ်းမြောက်ဂုဏ်ယူပါသည်။ သူတို့ကို လက်တွေ့ကျကျ၊ ထိထိရောက်ရောက်အားပေးနိုင်စွမ်း မရှိသေးသော်လည်း၊ ဘုရားသခင်သည်သူတို့၏ လုပ်ဆောင်မှုအတွက် ကြိုဆိုကြောင်း သတိပြုမိပါသည်။

မည်သို့ပင်ဖြစ်စေ ရှာလုမ်မဂ္ဂဇင်းကိုဖတ်သူများအဖို့ အသင်းတော်ရေး၊ ဝိညာဉ်ရေးနှင့်စာပေရသပိုင်းဆိုင်ရာ အတွေးအမြင်သစ်များရရှိ၊ သိရှိခြင်းမှ၊ အသင်းတော်အကျိုး ပိုမိုသယ်ပိုးနိုင်ပါစေကြောင်း ဆုတောင်းပါသည်။

၁၉၉၉ ခု၊ ဩဂုတ်လ
ရန်ကုန်မြို့။

ဘုန်းတော်ကြီး မာကုစောမောင်ဒိ
ကျောင်းအုပ်ကြီး
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

## “တာဝန်ခံစာတည်း၏ ရင်ဖွင့်စကား...”

- ငြိမ်သက်ခြင်း(**ရှာလုမ်**)၏ မူလအမြစ်ဖြစ်တော်မူသော ခရစ်တော်ဘုရား၏ လမ်းပြပို့ဆောင်မှုကြောင့် သန့်ရှင်းသောကားတိုင်မေ့မှတက္ကသိုလ်၏ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်၊ ရှာလုမ်မဂ္ဂဇင်းကို ထုတ်ဝေခွင့်ရခြင်းအတွက် ကျေးဇူးတော်ရေတွက်ချီးမွမ်းပါ၏။
- အထူးသဖြင့်
  သမိုင်းရှိသော. . . . . . . .
  အစဉ်အလာရှိသော. . . . . . . .
  ဂုဏ်ရှိသော. . . . . . . .
  ‘ရှာလုမ်’ ကို စာစောင်အဆင့်မှ မဂ္ဂဇင်းအဆင့်သို့ ချစ်မြတ်နိုးစွာဖြင့် တိုးမြှင့်၊ ပြုစုပျိုးထောင် ပေးလိုက်ပါပြီ။
- ‘ခရစ်သက္ကရာဇ် ၂၀၀၀နှင့်ဟိုမှာဘက်ကာလ’အဖို့ ပြင်ဆင်နေကြချိန်တွင် အသက်ရှင်ခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်း **(A Lively Hope)**ကို သက်ဝင်လှုပ်ရှားနိုင်ရန် ကျွန်တော်တို့ ဦးတည်ထားပါသည်။
- မိုးပေါ်ကကြယ်ပွင့်မဖြစ်နိုင်သည့်တိုင် အခန်းထဲက မီးအိမ်ငယ်လေးတော့ ဖြစ်နိုင်ဖို့ ကျွန်တော်တို့ တတ်အား သလောက် ကြိုးစားထွန်းညှိထားပါ၏။
- ‘ရှာလုမ်သမီးပျို’အတွက် ဖခင်စိတ်ယိုဖိတ်လျက် လိုအပ်သည့်ခွင့်ပြုချက်ဖြင့်. . . အလှူငွေများဖြင့်. . . စာမူများဖြင့်. . . ဆုတောင်းခြင်းဖြင့်. . . အကြံပေးချက်ဖြင့်. . . နှုတ်၏စောင်မခြင်း၊ လက်၏စောင်မခြင်း၊ အစစအရာရာ ဝိုင်းဝန်းပေးခဲ့ကြသူတိုင်းကို နှလုံးသည်းပွတ်အတွင်းထဲမှ ကျေးဇူးတင်လျက်၊ အနာဂတ်ကာလများထိတိုင် အမှတ်ရဂုဏ်ယူနေမည်ဖြစ်သည်။



သန့်ရှင်းသောရှာလုမ်အနမ်းဖြင့်. . . . .


ဆလိုင်းအိုက်ဇက်
**M.Sc(QI) (Maths); B.Th I**
တာဝန်ခံစာတည်း




## “လှတောရှာငယ် တည်စေချင်”

(မောင်ပေါက်စည်)

- အမုန်းပင်တစ်ပင်အောက် . . .
  ငါရောက်ဖူးပါပြီ။
- အချစ်ပင်တစ်ပင်အောက် . . .
  ငါရောက်ဖူးပါပြီ။
- အလှပင်တစ်ပင်အောက် . . .
  ငါရောက်ဖူးပါပြီ။
- အကျည်းတန်တစ်ပင်အောက် . . .
  ငါရောက်ဖူးပါပြီ။
- အတွေ့နဲ့အကြုံ၊
  အစုန်နဲ့အဆန်၊
  အပြန်နဲ့အသွား၊
  အခါးနဲ့အချို၊
  အငိုနဲ့အပြုံး၊
  အမုန်းနဲ့အချစ်၊
  အသစ်နဲ့အဟောင်း၊
  ထောင်းလမောင်း မချေနဲ့။
- လန်ကဓော၊
  လောကဓံ မြင်အောင်ရှုပါတော့၊
  အနအလှ
  သမုဒယ
  အညတရရယ်နဲ့
  သုခလှတော ။ ။



တစ်ခုတည်းသောဝါကြွားစရာ



* ဖခမည်းတော်၏
တစ်ပါးတည်းသားတော်
လျှောက်ခဲ့တဲ့လမ်းက
ကားတိုင်. . . . ။

* သိုးထိန်းကောင်းတစ်ပါး
ခံစားခဲ့ရတဲ့
သိုးကျောင်းအခက
ကားတိုင်. . . . ။

* သူရဲကောင်းတစ်ယောက်
ချီးမြှောက်ခံရတဲ့
ဂုဏ်ပြုတံဆိပ်က
ကားတိုင်. . . . ။

* ဥယျာဉ်မှူးတစ်ဦး
ဂုဏ်ပြုခံရတဲ့
အသီးအပွင့်က
ကားတိုင်. . . . ။

* သမားတော်တစ်ပါး
ကုသခြင်းအတွက်
အကျိုးအမြတ်က
ကားတိုင်. . . . ။

* ကားတိုင် ကားတိုင်
ထိုကားတိုင်. . . .
ယေရှုပိုင်တဲ့ ထိုကားတိုင်
ထိုကားတိုင်မှတစ်ပါး
ဝါကြွားစရာအခြား
ကျွန်ုပ်၌မရှိပြီ။ ။

စောမုတ်ဆိတ်(ကေတု)






အိုင့်ဂါဝိညာဉ်(မြေ)

* တောလမ်းခရီး၊ သစ်ပင်ကြီးများကိုတွေ့မြင်
မြေတွင်လျှောင်းသက်
ဟောင်းရွက်တို့ကိုတွေ့သောခါ
ရွက်နုသစ်များဝေဦးမည်ဟု
ယုံကြည်စိတ်ချမျှော်လင့်ရ၏။

* နေမင်းသူရိန်၊ အပူရှိန်ပြင်းထန်
အနောက်အဏ္ဏဝါ၊ ပင်လယ်ပြာလွန်သည်တွင်
နံနက်နေခြည်ဝေဦးမည်ဟု
ယုံကြည်စိတ်ချမျှော်လင့်ရ၏။

* ပွင့်လွှာပွင့်ချပ်၊ အရပ်ရပ်၌လှပနေဆဲ
လေပြေဆင့်၍ကြွေလွင့်ကာအမြင်မတင့်သည့်တိုင်
သီးကင်းခိုင်လုံးဝေဦးမည်ဟု
ယုံကြည်စိတ်ချမျှော်လင့်ရ၏။

* သဘာဝတရား
အသစ်သောပြောင်းလဲခြင်းများအတွက်
မျှော်လင့်ချက်အနန္တ
ဤမျှလောက်ရှိရပါသော်
အို. . . ငါ့ဝိညာဉ်
သင်သည်အားယူ၍ရဲရင့်
မျှော်လင့်၍အသစ်
ဘာကြောင့် မဖြစ်နိုင်ရမည်နည်း။ ။




* မှီတွယ်ရာ
ကားတိုင်မှတစ်ပါး
အခြားမရှိ. . . .။


* ခင်တွယ်ရာ
ခရစ်တော်မှတစ်ပါး
အခြားမရှိ. . . .။

* အချစ်စစ်၊ ဆန္ဒစစ်
သခင့်ကျွန်စင်စစ်
ဖြစ်လိုပါ၏အရှင်. . .။ ။

လင်းထွဋ်ဝင်း



ရှန်းထွက်ခဲ့ပါ(ဝင်းနန္ဒာထွန်း)




* အပြုံးတွေကြား
နစ်မြုပ်သွားသူအကြောင်း
ပြန်ပြောင်းလို့စဉ်းစားမိ။

* နင်လား. . .၊ ငါလား. . .၊
အပြုံးများစွာပြုံးခဲ့ပါလည်း. . .။

* မဲ့ပြုံး၊ ရွဲ့ပြုံး
ခနဲ့ပြုံးတွေနဲ့
နေ့ရက်တွေဆက်ခဲ့ပေါ့. . .။

* ဟန်ဆောင်မှုကင်း
မာနရှင်းတဲ့
သခင့်ရဲ့အပြုံးက
အိပ်မက်ကကုန်းအထမှာ
ပြုံးစစနဲ့သရော်နေ. . .။

* သက်ပြင်းရှင်ကိုမှုတ်ထုတ်
ငါလုပ်နေတာတွေ
အလုပ်မဟုတ်မှန်း
စမ်းသပ်မိခဲ့. . .။


* အသိစိတ်. . .၊
နှလုံးစိတ်ဝမ်း. . .
ရွှင်လန်းစွာပြုံးမိတဲ့
နေ့မှာဖြင့်. . . .။ ။

စီးရေ
ဆောင်းအိမ်(ကေတု)

* အေးချမ်းစွာစတင်စီးဆင်းခဲ့
စမ်းချောင်းလေးတစ်ခု. . . .။

* မြစ်တစ်စင်းရဲ့ကောက်ကြောင်းမှာ
လှိုင်းဝဲကယက်ပြင်းထန်
ကျောက်ဆောင်ရိုက်ခတ်မြည်ဟီး
ကမ်းပါးတွေဖြိုချ
ကြမ်းတမ်းစွာစီးဆင်းနေခဲ့. . . . .။


* ဘယ်ဆီမှာလဲပန်းတိုင်
မာန်ဟုန်စိုင်းပြင်း
စီးဆင်းနေဆဲ
ပင်လယ်ဆီအရောက်သွားမယ်. . ။ ။






မန္တလေးသာသနာပိုင်နယ်၊ အင်္ဂလီကန်လူငယ်များအသင်း
သက္ကရာဇ်(၂၀၀၀)လူငယ်နှီးနှောဖလှယ်ပွဲအထိမ်းအမှတ်

# ချိုမွမ်းခြင်း၏ အစေခံခြင်းသို့



<u>တေးရေး</u>

သောမတ်(စ်)
စောခူဆဲ
စောရွှေလင်း
ကိုဂေးလ်
ကိုကိုအောင်
အယ်ဒီ
ဒဲနစ်သိန်း
စောဝေမိုး
စ'အောင်သိန်း

<u>တေးဆို</u>

ထွဏ်းထွဏ်း
ညီပုလေး
ဂရေဟာမ်
စောခူဆဲ
ဖိုးဖန်
ကိုကိုအောင်
မဒီ
ရတနာဦး
ချောစုခင်
ကဗျာဘွဲ့မှူး
မီးမီးဂဲလ်
အကြင်နာသောမတ်(စ်)
အင်္ဂလီကန်လူငယ်များ (မန်း)

Band - D' Blade
Studio - Lynn (Tony)

မူပိုင် - အလသ (မန်းဗဟို)

**နာခံခြင်း၊ မြိုးမြံခြင်း၊ စင်ကြယ်ခြင်း**


"ရှာလုမ်မဂ္ဂဇင်း" နှစ်စဉ်မပျက် ထုတ်ဝေထွက်ပေါ်နိုင်ရန်
ရူပါရုံထားရှိလျှက်
" မတည်ငွေ" အဖြစ် ပါဝင်လှူဒါန်းပေးခဲ့ကြသော
အလှူရှင်အသီးသီးကို အထူးလိုက်လှဲစွာ
ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

*သုတပါးကို ရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကို ခံရလိမ့်မည်။*
*(သုတ္တံ ၁၁း၂၅)*




# နှင်းမှိုင်တောင်

ပန်းချီ - ညီထွေး - ကလေး



ယမင်းလေးရယ်... မင်းလေးရဲ့ သတင်းကြားရတာကိုယ့်ရင်မှာပ် တိဖြစ်ရတယ်...ဘုရားသခင်ရဲ့ နိုင်ငံတော်အတွက်လုပ်ဆောင် တဲ့မင်းရဲ့ဆက်ကပ်မှုကိုလေး စားသလို မင်းအတွက် ကိုယ် လည်းအမြဲဆုတောင်းပေး နေပါတယ်လေ..ယမင်းနဲ့ ကိုယ်တို့ဟာသခင်ဘုရားအ တွက်ဘဝပါဆက်ကပ်ထားသူ တွေမဟုတ်လား!...ယမင်း ရဲ့အောင်မြင်မှုဟာကိုယ့်ရဲ့ဝမ်း

မြောက်မှုဖြစ်သလို... အကယ်လို့ ဝမ်းနည်းမှုတွေတွေ့မယ်ဆိုရင်လည်းကိုယ် ဟာယမင်းလေးနဲ့အတူထပ်တူထပ်မျှ မျှဝေခံစားရမယ့်သူပါ ယမင်း..



ဒါပေမယ့်.. နားစွန်နားဖျား
ကြားဖူးတဲ့သူကတခင့် ဆင့်
ပွားလာတဲ့စကားဟာ "ခ.သ-
၂၀၀၀-မှာခရစ်တော်ကြွလာ
မယ်" ဆိုတဲ့အဘိဖြစ်လာ
တာနေရာအနှံ့ပါပဲ..တစ်ချို့
ကျတော့လည်း သချင်္ချိုင်းရက်
အဝိအကျတွက်တဲ့သူတွေ
လည်းရှိလေရဲ့.. အမှန်တော့
ခရစ်တော်ကြွလာမယ့်နေ့
ဟာခမည်းတော်ဘုရားက
လွှဲလို့ဘယ်သူမှမသိ
နိုင်ကြောင်းခရစ်တော်
ကိုယ်တိုင်ပြောခဲ့
တယ်မဟုတ်လား!.. အဲ..
ခရစ်တော်ကြွလာခါနီးအချိန်
မှာ ကမ္ဘာပေါ်မှာဖျက်ဆီးခြင်း
အမျိုးမျိုးတိုးပွားမယ်လို့ပြော
ခဲ့တယ်.. အဓိက ကတော့
အချိန်တိုင်းမှာခရစ်တော်
ကိုပိုင်ဆိုင်နေခြင်းပဲမဟုတ်
-တ်လား.. တစ်မျိုးပြောရ
မယ်ဆိုရင်သေဆုံးတဲ့နေ့
ဟာခရစ်တော်နဲ့တွေ့ရမယ့်
နေ့ပဲလေ.. ဘယ်ပညာရှင်
တွေကဘယ်လောက်ပဲပြော


ယမင်းလေးရဲ့အမှတ်တော်ထမ်းရွက်
နေတဲ့ဒေသမှာယမင်းကြောင့်ခရစ်
တော်ကိုယုံကြည်သူဖြစ်လာကြပြီ
ဆိုတာသိရတယ်.. ကိုယ်သိပ်ဝမ်း
သာတယ်.. ဒါပေမယ့်..ဝမ်းသာ
ခြင်းနဲ့တဆက်တည်းဝမ်းနည်းမှုကို
ပါကိုယ့်ရင်မှာဝင်လာတယ်..ဘာ
ဖြစ်လို့လဲဆိုတော့ ယမင်းလေးရဲ့
ဒေသကလူတစ်ယောက်ကယမင်း
ရဲ့သတင်းကောင်းပြောပြရင်းနဲ့
ကိုယ့်ကိုမေးတယ်.. "ဆရာ..
သခင်ခရစ်တော်ဟာသက္ကရာဇ်
<၂၀၀၀> မှာ ကြွလာ
တော့မယ် ဆို" တဲ့လေ..
ကိုယ်အံ့ဩသွားမိတယ်..ဒီလို
သင်ပြမှုမျိုးကိုယမင်းသင်ပြမှာ
မဟုတ်ဘူးဆိုတာကိုသိတယ်..
ကိုယ်စဉ်းစားပြီးတဖြည်းဖြည်း
သဘောပေါက်လာတယ်.ခ.သ.
၂၀၀၀-သာသနာတော်ပွဲ
အကြောင်းကိုယမင်းပြောပြပါ
လိမ့်မယ်. ခ.သ-၂၀၀၀-မှာဘယ်
ဒေသ..ဘယ်လူမျိုး ခရစ်တော်ရဲ့
သတင်းကိုအားလုံးသိစေရမယ်
ဆိုသလိုမျိုးပေါ့...




# (၂၀) ရာစု၏ သည်းဆာ

မောင်ဆုရှင်



လူတို့မှာ ခုနှစ်၊ သက္ကရာဇ်၊ အချိန်ကာလများနှင့် စပ်လျဉ်း၍ အမှတ်အသား၊ အယူအစွဲများ ဖြစ်ပေါ်ခံစားကြလေ့ရှိသည်။ အချိန်ဟူသော ယဉ်ရထားပေါ်တွင် စီးနင်းလိုက်ပါရသော သက်ရှိလူသားတို့အဖို့ အချိန်ကာလသဘောနှင့်ကင်း၍ မရနိုင်ကြ။ အချိန်ကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ ၃ ပိုင်းကြီးသုံးခုပိုင်းလက် ယေဘုယျ စည်းချထားကြလေ့ရှိသည်။ "ဥတု သီ"ဟူ၍ ကိုယ့်ရေမြေသဘာဝအလိုက် ကျင်လည်ရသော နွေ၊ မိုး၊ ဆောင်း ဟူသည့် ရာသီစက်ဝိုင်းတို့ကို စာဖွဲ့လေ့ရှိကြသည်။

အချိန်ကို အသေးဆုံးတွက်ရလျှင် ရိုးရာအသုံးအစွဲအားဖြင့် လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ်ဟူ၍ သုံးခဲ့ကြသည်။ ရှေးမြန်မာတို့၏ ဗိဇနာခေါ် အချိန်အတိုင်းအတာမှာ စက်နာရီ၏ ၂၄ စက္ကန့်(မိနစ်တစ်ဝက်နီးပါး)နှင့် ညီမျှ၏။ ရိုးရိုးစက်နာရီဖြင့် တိုင်း၍ မရလောက်အောင်ဖြစ်သော အချိန်တိုကလေးကို သိပ္ပံပညာက နာနိုစက္ကန့်(**Nanosecond**)ဟု အမှတ်အသားပြုသည်။ စက်နာရီတစ်စက္ကန့်၏ ကုဋေ ၁၀၀ပုံလျှင် တစ်ပုံဟူသော "အချိန်ငယ်"ဖြစ်သည်။ ၁၉၅၉-ခုနှစ်ကမှ ရူပဗေဒပညာကိစ္စရပ်များအတွက် ထွင်၍သုံးသော အသုံးအနှုန်းဖြစ်သည်။ ထိုအချိန်တိုကလေး မည်မျှကြာမြင့်သည်ကို သာမန်အားဖြင့် အာရုံဆုပ်ဖမ်း၍ စဉ်းစားကြည့်ဖို့ပင် ခက်လှသည်။

ဤသို့ ခန့်မှန်း၊ ချင့်တွက်၍မရသော အချိန်အပိုင်းအခြားကို အသာထား၊ ချင့်တွက်၍ရသော အချိန်အပိုင်းအခြားတို့လည်း အဆင့်ဆင့်များစွာရှိသေးသည်။ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်နှင့် လက်ဖျစ်တစ်တွက်တို့မှစ၍ စနစ်တကျ အကျယ်ချဲ့ကြည့်လျှင် စက္ကန့်၊ နာရီ၊ ရက်၊ လ၊ နှစ်တို့ကို ရေတွက် နိုင်သည်။

ကာလရှည်လျားခြင်းကို အမှတ်အသားပြုသောအခါ ဆယ်စုနှစ် (**Decade**)၊ ရာစုနှစ် (**Century**)တို့ကို ခေတ်သစ်ပိုင်း၌ အသုံးများလာသည်။

ယခုသော် ထောင်စုနှစ်(**Millennium**)ဟူသော အသုံးအနှုန်းကို ကြားလာရသည်။ ကြားရရုံမက ထိုကာလတစ်ခု၏ စတင်ချိန်ကို ခေတ်ပြိုင်လူသားတို့ ကြုံကြိုက်ရတော့မည်။ ယခင်အခါက စာပေအရေးအသားတွင် "နှစ်ပေါင်းထောင်နှင့်ချီ၍" ဟူသော အဓိပ္ပါယ်မျိုးဖြင့် ဤစကားလုံးကို သုံးခဲ့ကြသည်။ ယခုအခါ နှစ်ပေါင်းတစ်ထောင်ဟု ထပ်မံပိုင်းခြားရေတွက်သော ကာလတစ်ခု၏အစကို မကြာမီကြုံကြိုက်ဖို့ရှိနေသည်။ ကမ္ဘာသုံးရေတွက်မှုစနစ်၌ "ခရစ်နှစ် ၂၀၀၀" ဟူသော အချိန်မှတ်တိုင်ဖြစ်သည်။

ထိုကာလနှင့် ကြုံသောအခါ ကြုံရသောသူတို့စိတ်၌ မည်သို့ဖြစ်ပါမည်နည်း။

လူတို့သဘာဝ သာမန်အားဖြင့် တစ်ခါတစ်ရံ နေကြတ်ခြင်းကို စောင့်၍ ကြည့်ကြသည်။ လငပုပ်ဖမ်းသည်ဆိုလျှင် ကြည့်ချင်ကြသည်။ ကြယ်တံခွန်မြင်ရမည်ဆိုသော ကောင်းကင်မှလာလမ်းကို စောင့်ကြည့်ကြသည်။ ထိုသို့ပင် အခါရာသီအလိုက် ကြုံရသည့် ရာသီပွဲများကို နွဲကြသည်။ သင်္ကြန်၊ တောင်ပြုံးတို့မှ အစ ဝါဝင်၊ ဝါထွက်တို့မှသည် နိုင်ငံရေးအရ နေ့ကြီး၊ ရက်ကြီးများအထိ အမှတ်တရ ဆင်ယင်ကြသည်။ ဖြစ်ရပ်တစ်ခုသည် ကြုံတောင့်ကြုံခဲဖြစ်လျှင် လူတို့အဖို့ ပို၍ပင် အလေးထား၍ အာရုံစူးစိုက်ကြသေးသည်။

ကြုံတောင့်ကြုံခဲဖြစ်သည့်အရာတွင် "ခရစ်နှစ် ၂၀၀၀" သို့မဟုတ် "၂၁ ရာစု" သို့ဝင်သည့်ပွဲမှာ လူတို့သက်တမ်းအရပင် တိုက်တိုက်ဆိုင်ဆိုင် ထူးခြားလှသည်။ သတ္တဝါတို့၏ သက်တမ်း၌ အနှစ် ၁၀၀၀ ဟူ၍မရှိ။ နိုင်ငံတို့၏ သက်တမ်း၌ပင် အနှစ် ၁၀၀၀ ကို လေးငါးပြန်မျှပြန်၍ သမိုင်းရေစီးမပျက် တည်ရှိခဲ့သော နိုင်ငံများမှာ ကုလသမဂ္ဂအဖွဲ့ဝင် ၁၈၅-နိုင်ငံ တွင်၊ လက် ၁၀ချောင်းပြည့်အောင် ရေတွက်၍မရတတ်။ အများလက်ခံရေတွက်မှတ်သားကြသော ကမ္ဘာသုံးပြက္ခဒိန်စနစ်၌ပင် အနှစ် ၁၀၀၀ ကို နှစ်ကြော့ပြည့်အောင် ဆက်တိုက်ဖြစ်သည်မှာ ဤတစ်ကြိမ်သာရှိသေးသည်။ အနှစ် ၁၀၀၀ သည် မြန်မာတို့အဖို့ ပုဂံခေတ်မှသည် ယနေ့တိုင်ကာလအထိ ကြာသောယဉ်ကျေးမှုအချိန်ကာလကြီးဖြစ်သည်။ ပုဂံ စတင်ချိန်၌ အင်္ဂလန်သည် အင်္ဂလန်မဟုတ်သေး။ အမေရိကန်သည် ကမ္ဘာ့မြေကြီး မြေပုံထဲ၌၊ သမိုင်းထဲ၌ အရာမဝင်ခဲ့သေး။

ထို့ကြောင့် အနှစ် ၁၀၀၀ ၏ သမိုင်းကြောင်းကို ပြန်ကြည့်လျှင် လူ့သမိုင်း၏ အနီးအဝေးပုံရိပ်တို့ကို တွေ့ရမည်။ ရှေ့အနှစ် ၁၀၀၀ ကို စမ်းတဝါးဝါးမျှော်ကြည့်နိုင်မည်။ လူ့အတိုင်းအဆဖြင့် ထိုမျှမမှန်းသာသည်ထားဦး၊ အနှစ် ၅၀၊ အနှစ် ၁၀၀ တို့ကို ယခုခေတ်၌ အပြုသဘောဖြင့် ကြည့်ဖို့လိုတော့မည်။ ကြည့်လည်း ကြည့်ကြလိမ့်မည်။ တွက်ချက်မျှော်ခေါ်မှု လည်း ပြုကြလိမ့်မည်။ ထိုသို့ ပြုနိုင်ရန် တိုင်းပြည်နိုင်ငံအသီးသီးတို့၌ ရှေ့ဖြစ်ရှေ့ရေး၏ အဆင်ပြေမှုနှင့် ပြောင်းလဲတိုးတက်မှုကို မျှော်မှန်းရန် တာဝန်ယူရသော ဥာဏ်ကြီးရှင်များအဖွဲ့ (**THINK TANK**)တို့က တွက်ချက်နေကြလေပြီ။ သူတို့၏ လုပ်ငန်းအရပ်ရပ်ကို ခြုံ၍ဆိုသော် မဟာဗျူဟာလေ့လာရေး (**STRATEGIC STUDIES**) ပင်ဖြစ်တော့သည်။

ရှေ့လာမည့် ၂၁-ရာစု သို့မဟုတ် ဒုတိယမြောက် အနှစ် ၁၀၀၀ ကာလ၏ အကြိုကာလသည် ယခုမျက်မှောက်အချိန်ဖြစ်သည်။ ထိုအကြိုကာလတွင် ပွဲဝင်ရန် ပြင်ဆင်ချက်တွေနှင့် ပြည့်နှက်နေသည်။ ထိုအကြိုကာလကို သိသာစေသည့်မှာ တီရှပ်ခေါ် စွပ်ကျယ်လက်ပြတ်ပေါ်တွင် ရိုက်နှိပ်ရောင်းချသော စာသားမှသည် ကွန်ပျူတာစနစ် ဖရိုဖရဲဖြစ်မည့်ဘေးကို ကြိုတင်၍ မျက်ပြူးဆံပျာဖြစ်နေကြသည်အထိ သတိထားစရာ တွေ ရှိပါသည်။

ထိုပြင်ဆင်မှုများအကြောင်းကို ပထမဦးစွာ ကမ္ဘာသုံး ခုနှစ်၏ ၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလကုန်ရက် နှစ်သစ်ကူးအကြိုညမှ စရပေမည်။ ။

မောင်ဆုရှင်



# ဘာတွေ စိုးရိမ်ကြမလဲ

ဘုန်းတော်ကြီးဆိုင်မွန်ဘီဘင်ထူး




အသင်းတော်သည် ခေတ်ကာလအခြေအနေပေါ်တွင်မူတည်လျက် ပြောင်းလဲအသက်ရှင်နေပါသည်။ ထို့ကြောင့် ခရစ်ယာန်ဓမ္မအတွေးအခေါ်များသည်လည်း ပြောင်းလဲနေသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့ကို အခြေခံလျက် ပြောင်းလဲနေသည်ကို တွေ့ရပါသည်။ သေချာစွာလေ့လာကြည့်ပါက (၁၉၉၈) ခုနှစ်၊ လင်းဘတ်ညီလာခံ (Lambeth Conference)၏ ဆွေးနွေးဆုံးဖြတ်သော အရာများတို့သည် ခေတ်နှင့် အညီ တွေးခေါ်သုံးသပ်ဆင်ခြင်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် အာရှဒေသရှိအင်္ဂလီကန်သာသနာပိုင်ချုပ်နယ်များ၏ နှစ်စဉ်ပြုလုပ်မြဲ သာသနာ့လွှတ်တော်များတို့၏ ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များ၊ ရှေ့လုပ်ငန်းစဉ်များတို့သည်လည်း ယခင်နှစ်များထက်ပို၍ ထူးခြားနေသည်ကို တွေ့လာရသည်။ ဥပမာအားဖြင့် တောင်ကိုးရီးယား သာသနာပိုင်ချုပ်နယ်၏ ဆုံးဖြတ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို လေ့လာသုံးသပ်သောအခါ အသင်းတော်ရှင်သန်နိုးကြားရေးနှင့် တပည့်တော်များအသင်းတော်၌ပါဝင်၍ အမှုတော်ဆောင်ခြင်းကို ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ရန်အတွက်စီမံကိန်းများ၊ ဓမ္မအတွေးအခေါ်များ၊ လက်တွေ့ကျသောကျမ်းစာလေ့လာခြင်းများပေါ်ထွက်လာသည်ကိုတွေ့ရသည်။

ယနေ့ခေတ် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ကိုလည်း ပြန်လည်လေ့လာသုံးသပ်သင့်ပြီဟု မြင်မိပါသည်။ သာသနာပိုင်နယ်အသီးသီးက စဉ်းစားဆုံးဖြတ်သော အကြံဉာဏ်များသည်လည်း ခေတ်နှင့် လျော်ညီစွာ လုပ်ဆောင်ရန် လိုအပ်နေပေပြီ။ အမှုတော်

ဆောင်ခြင်းနှင့် အသင်းတော်၏ အသက်ရှင်မှုကိုလည်း ကြိုးစား၍ ရှာဖွေဖေါ်ထုတ်သင့်သည်။ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်သည် (၁၈၇၇)ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၄)ရက်နေ့တွင် ရန်ကုန်သာသနာပိုင်နယ်မှ အစပြုခဲ့ပါသည်။ ထိုမှတဆင့် ယနေ့သာသနာပိုင်နယ် (၆)နယ်အဖြစ် လုပ်ငန်းများ၊ ကဏ္ဍများခွဲကာ အသင်းတော်လုပ်ငန်းများကို လုပ်ဆောင်နေကြောင်း နှစ်စဉ်မှတ်တမ်းများက ဖေါ်ပြထားပါသည်။ သို့သော်လည်း မည်သည့်အတိုင်းအတာအထိ အောင်မြင်နေသည်ကိုမူ ဖေါ်ပြရန် အားနည်းနေပါသည်။ ဤသို့ဖြစ်ရခြင်းမှာ မည်သည့်အကြောင်းကြောင့်ဟု သုတေသနပြု၍ လေ့လာပါက ခရေစေ့တွင်းကျ သိရှိနိုင်ပါလိမ့်မည်။ အပေါ်ယံအားဖြင့်သာ လေ့လာသုံးသပ်မည်ဆိုပါက တိကျသောအဖြေနှင့် တိကျသောစီမံကိန်းချမှတ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် သမ္မာကျမ်းစာကို အခြေခံလျက် ဆွေးနွေးတင်ပြလိုပါသည်။

တမန်တော်ဝတ္ထု (၂း၄၂–၄၇)တွင် ကနဦး ခရစ်ယာန်အသင်းတော်၏ အသက်ရှင်မှုနှင့် အမှုတော်ဆောင်ခြင်းအကြောင်းကို ယေရုရှလင်မြို့ရှိ အသင်းတော်အားဖြင့် တွေ့ရှိရပါသည်။ အထူးသဖြင့် ကနဦး ခရစ်ယာန်များသည် တမန်တော်တို့၏ဆုံးမသြဝါဒကို ခံယူခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်နေကြောင်း ဖေါ်ပြထားပါသည်။ ထို့ပြင်တမန်(၂း၄၇)ဖေါ်ပြချက်အရ ကယ်တင်ခြင်းသို့ ရောက်သောသူတို့ကိုလည်း သခင်ဘုရားသည် နေ့စဉ်မပြတ် သင်းဝင်စေတော်မူ၏ဟု ဖေါ်ပြထားသည်။ ဆိုလိုသည်မှာ အသင်းတော်၏အသက်ရှင်မှုအပေါ် အခြေခံလျက်ယုံကြည်သူ ဦးရေတိုးလာကာ အသင်းတော်ကြီးထွားလာခြင်းပင် ဖြစ်သည်။

အသင်းတော်သည် ယုံကြည်သူများဖြင့် ကြီးထွားလာသောအခါ များစွာသောနိမိတ်လက္ခဏာများ၊ အံ့ဘွယ်သော အမှုများဖြစ်ပေါ်သည်မှာ သစ်ဆန်းသောအ‌ရာ မဟုတ်ပေ။ သခင်ယေရှုက "*မြေကြီးပေါ်မှာ သင်တို့တွင်နှစ်ယောက်တို့သည် သဘောချင်းတူ၍ ဆုတောင်းလျှင် တောင်းသမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတ္တံ့။ အကြောင်းအရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ့နာမကိုထောက်၍ စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူခဲ့သည်*" (မဿဲ ၁၈း၁၉–၂၀)။ ဤနေရာတွင် အရှင်ယေရှုသည် ဂတိထားသည့်အတိုင်း အချင်းချင်းအပေါင်းအသင်းဖွဲ့ခြင်း၊ ဆုံးမသြဝါဒပေးခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ အမှုတော်ဆောင်ခြင်းနှင့် ဧဝံဂေလိကြေငြာခြင်းတို့တွင် ဦးဆောင်ပြီးပါဝင်လျက်ရှိသောကြောင့် အသင်းတော်၏ အသက်ရှင်မှုသည် ကြီးထွားသည်ဟု ဆိုနိုင်ခြင်းဖြစ်ပါသည်။ ထို့အပြင် အသင်းတော်သည် ဥစ္စာပစ္စည်းများကိုလည်း ဆင်းရဲသူများ၊ မိဘမရှိသူများ၊ မုဆိုးမတို့အား ကူညီပံ့ပိုးရာ ဗဟိုဌာန ဖြစ်လာခဲ့သည်။ တနည်းအားဖြင့် ကြီးထွားသော အသင်းတော်ဆိုသည်မှာ ဆင်းရဲသူများ၊ မိဘမရှိသူများ၊ မုဆိုးမများ၏ အားကိုးရာ လူ့အဖွဲ့အစည်းတစ်ခုအဖြစ် ပတ်ဝန်းကျင်၌ ရပ်တည်နေခြင်းဖြစ်ပါသည်။

ထိုအသင်းတော်သည် ဝတ်ပြုကိုးကွယ်ခြင်း၌လည်းကောင်း၊ အမှုတော်ဆောင်ခြင်း၌ လည်းကောင်း အားကြီးခဲ့သည်ကို တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ယုံကြည်သောခရစ်ယာန်များသည် ဗိမာန်တော်၌ တညီတညွတ်တည်း ဆုတောင်းခြင်း၊ အရှင်ဘုရားကို အောက်မေ့သတိရအားကိုးလျက် မုန့်ဖဲ့ခြင်းကို ရွှင်လန်းဝမ်းမြောက်စွာနှင့်ပြုခဲ့ကြောင်းလည်းတွေ့ရသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းသူခရစ်ယာန်များတို့သည် မယုံကြည်သူများရှေ့တွင် မျက်နှာရွှင်လန်းရသောအခွင့်ကို ရခဲ့ကြောင်း ဖေါ်ပြထားသည်။ ဓမ္မပညာရှင် Rick Warren က ထိုခေတ် ယေရုရှလင်အသင်းတော်ကို အသက်ရှင်သောအသင်းတော်၊ ကျန်းမာသန်စွမ်းသော အသင်းတော်ဟု ခေါ်ဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအသင်းတော်၏ အပေါင်းအသင်းဖွဲ့ခြင်း၊ တပည့်တော်ဖြစ်ခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ အမှုတော် ဆောင်ခြင်းနှင့် ဧဝံဂေလိလုပ်ငန်း လုပ်ဆောင်ခြင်းတို့ကို အံ့သြဖွယ်ရာတွေ့ရသောကြောင့် ဖြစ်ပါသည်။

Rick Warren ၏ လေ့လာသုံးသပ်ချက်အရ ဆိုလျှင် ရှင်သန်သောအသင်းတော်သည် အောက်ဖေါ်ပြပါအချက် (၅) ချက်ကို အခြေခံ၍ တိုးတက်ကြီးပွားနိုင်သည်ဟု အကြံပြုတင်ပြထားပါသည်။ ယင်းတို့မှာ–

(၁) အသင်းတော်သည် မိသဟာရဖွဲ့ခြင်းကို နွေးထွေးစေခြင်း။
(၂) အသင်းတော်သည် ခရစ်ယာန်ဖြစ်ခြင်း (တပည့်တော်ဖြစ်ခြင်း)ကို နက်နဲစေခြင်း။
(၃) အသင်းတော်သည် ဝတ်ပြုကိုးကွယ်ခြင်းကို အားကြီးစေခြင်း။
(၄) အသင်းတော်သည် အမှုတော်ဆောင်ခြင်းကို ကျယ်ပြန့်စေခြင်း။
(၅) အသင်းတော်သည် ဧဝံဂေလိကို တိုးချဲ့လုပ်ဆောင်ခြင်းတို့အားဖြင့် ကြီးထွားစေပါသည်။

အထက်ဖေါ်ပြပါ Rick Warren ၏တင်ပြချက်ကို သေချာစွာလေ့လာ သုံးသပ်ပါက ထိထိရောက်ရောက်နှင့် နက်နဲစွာလုပ်ဆောင်ရန် ဖြစ်ပါသည်။ (၁၉၉၈) ခုနှစ်၊ လင်းဘတ်ညီလာခံကလည်း အသင်းတော်၏ ရှင်သန်ကြီးထွားရေးအတွက် ကြိုးစားကြရန်၊ စဉ်းစားကြရန်၊ အကြံဉာဏ်များ ဖေါ်ထုတ်ရန်၊ သင့်လျော်သော ကျမ်းစာလေ့လာခြင်းများနှင့် အခြားသောနည်းစနစ်များကို ရေးသားဖေါ်ထုတ်ကြရန် အကြံပြုထားပါသည်။

ထို့ကြောင့် (၁၈၇၇) ခုနှစ်ကစတင်၍ မွေးဖွားခဲ့သော မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်သည် အနာဂတ် အသင်းတော်ရှင်သန်ကြီးထွားရေးအတွက် ဘာတွေစဉ်းစားကြမလဲဟု တင်ပြလိုပါသည်။

*ဘုန်းတော်ကြီး ဆိုင်မွန်ဘီဘင်ထူး*

## မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) ၏ ကျမ်းစာကျောင်းများ

| ကျောင်းအမည် / တည်နေရာ | သင်တန်းကာလ | ဝင်ခွင့်အဆင့် |
|---|---|---|
| ၁။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် (ကမာရွတ်/ရန်ကုန်) | (၄)နှစ် | ဘွဲ့ရနှင့် (၁၀)တန်းအောင် |
| ၂။ ဧမာနွေလဓမ္မကောလိပ် (မိုးညှင်း/ကချင်ပြည်နယ်) | (၄)နှစ် | ကိုးတန်းအောင် |
| ၃။ ရှင်ပေတရုကျမ်းစာကျောင်း (တောင်ငူ) | (၄)နှစ် | ကိုးတန်းအောင် |
| ၄။ ရှင်ယောဟန်ကျမ်းစာကျောင်း (ပလက်ဝမြို့/ချင်းပြည်နယ်) | (၄)နှစ် | (၈)တန်းအောင် |
| ၅။ ရန်ကုန်သာသနာပိုင်နယ် ကျမ်းစာကျောင်း (ကြည့်မြင်တိုင်) | (၁)နှစ် | ကန့်သတ်ချက်မရှိ |
| ၆။ အဝေးသင်ဓမ္မကောလိပ် | (၂)နှစ် | (၈)တန်းအောင် |

# ဒါဝိဒ်မင်းကြီးရဲ့ အပြစ်နှင့် ပရောဖက်နာသန်ရဲ့တရား

ရွှေနော်ဒီလုံး




သမ္မာကျမ်းစာထဲက ပုဂ္ဂိုလ်တွေရဲ့အကြောင်းကို ဖတ်ရင် ဒီပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ ဘယ်လို စရိုက်လဲ၊ ဘယ်လိုသဘောရှိလဲဆိုတာတွေ့ရတယ်။ ထိုနည်းတူစွာပဲ ခင်ဗျားတို့ ကျွန်တော်တို့ဟာ ဘုရား သခင်ရဲ့ရှေ့မှောက်မှာ ဘယ်လိုလူမျိုးတွေလဲဆိုတာ ပေါ်လွင်နေတယ်ဗျ။

ငယ်ရွယ်တဲ့လူငယ်တွေဟာ စုံစမ်းခြင်းပိုခံရတယ်လို့ ပြောစမှတ်ပြုကြတယ်။ ဒါပေမယ့်. . . .

လူငယ်အရွယ်ထက်ကျော်လွန်လာပြီး လူငယ်ထက်ပိုတဲ့ စုံစမ်းခြင်းမျိုးကို ခံလိုက်ရတဲ့ဒါဝိဒ်မင်းကြီး အကြောင်းကို ဝေမျှချင်တယ်။ အကြောင်းကတော့ 'ဒါဝိဒ်ရဲ့အပြစ်နဲ့ နာသန်ရဲ့တရား' ပေါ့။

ဒါဝိဒ်ရဲ့အပြစ်နဲ့ပတ်သက်ပြီး ရာဇဝံသကျမ်းမှာ မဖော်ပြထားဘူးဗျ။ ဘာကြောင့်လဲ၊ အကြောင်းကတော့ ရာဇဝံသ က ရာဇဝင်ကြောင်း ရိုးရိုးလေးကိုပဲ တင်ဆက်တဲ့ကျမ်းဗျ။ သဘောကတော့ ရှမွေလနဲ့ ဘုရင်မင်းကျမ်းဟာ လူသဘောသဘာဝကို အသားပေး ဖော်ပြပြီးတော့ ရာဇဝံသ ကတော့ ဘုရားရဲ့သဏ္ဍာန်နဲ့သဘောသဘာဝကို ပိုမိုပီပြင်စေတယ်ပေါ့ဗျာ။

အခုဝေမျှမယ့် အကြောင်းအရာကတော့ တကယ့်လူ့သဘော၊ လူ့မနောကို မီးမောင်းထိုးတဲ့ အကြောင်းပြထားတာပဲ၊ ဘုရားရဲ့ ရှုထောင့်ဘက်ကကြည့်ရင် ဘုရားရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဒါဝိဒ်မင်းကြီးကို ခွင့်လွှတ်တာက လွဲလို့ ဘာမှထွေထွေထူးထူးတော့မတွေ့ရဘူး။ ဒီအဖြစ်အပျက်မှာ လူတစ်ဦး၊ ပုဂ္ဂိုလ်တစ်ဦးရဲ့အခြေအနေကျဆင်းသွားတာထက် ရာပေါင်းများစွာသောလူတို့သည် ပြန်လည်၍ မျှော်လင့်ခြင်းရောင်ခြည်ရရှိနိုင်ကြောင်း ဖော်ပြထားပါတယ်။

ဒါဝိဒ်မင်းကြီးဟာ နေလို၊ လလို ဘုန်းမီးတောက်ပပြီး တန်ခိုးကြီးလာခဲ့လိုက်တာ တစ်ဆယ့်နဲ့ ခုနစ်နှစ်ကြာတဲ့အခါမှာတော့ ဥရိယကို ကျဆုံးစေပြီး၊ ဥရိယရဲ့မယားကို သိမ်းပိုက်လိုက်တယ်။ အင်မတန်ကြီးလေးတဲ့အပြစ်ပေါ့။ ရိုးသားပြီး တာဝန်ကျေပြွန်တဲ့ ဥရိယ အသက်ဆုံးခဲ့ရရှာတယ်။



ဒါဝိဒ်မင်းကြီး အပြစ်ပြုလုပ်လိုက်တာနဲ့ တစ်ပြိုင်နက် သေခြင်း(၄)ခုပေါ်လာတယ်။ ဟုတ်တယ်။ အပြစ်၏အခကား သေခြင်းဖြစ်တယ်ဆိုတာကိုး။

*ပထမသေခြင်းက* ဒီလိုပြုလိုက်တဲ့ အပြစ်ကြောင့် ဘုရားမျက်မှောက်မှာဆိုးသွမ်းသောအမှုဖြစ်တယ်လို့ဆိုတယ်။(၂ရှမွေလ ၁၁း၂၇) ဘုရားရဲ့အပြုံးဟာ သေသွားတဲ့သဘောပေါ့ဗျာ။ ပထမတော့ ဘုရားရဲ့အပြုံးဟာ သူ့အပေါ်မှာ လွှမ်းနေတာပေါ့။ အခုတော့ သူ့အပေါ်မှာ ဘုရားမပြုံးနိုင်တော့ဘူး။

*ဒုတိယသေခြင်းကတော့* ဒါဝိဒ်မင်းကြီးဟာ အပြစ်လုပ်ပြီးတဲ့အချိန်ကစပြီးတော့ နှလုံးသားရဲ့ ငြိမ်သက်ခြင်းဟာ သေသွားတယ်။ သူ့ရဲ့နှလုံးသားထဲမှာ ငြိမ်သက်ခြင်း မစိုးမိုးနိုင်တော့ဘူးပေါ့။ ဒါဝိဒ်မင်းကြီးက အကျွန်ုပ်သည် ထာဝရဘုရားကို ပြစ်မှားမိပါပြီ လို့ဆိုတယ်။(၂ရှမွေလ ၁၂း၁၃)

*တတိယသေခြင်းကတော့ သူ့ရဲ့ထီးနန်းအုပ်ချုပ်မှုဟာသေသွားတယ်။* ကျမ်းစာက ဘယ်လိုဆိုထားသလဲဆိုတော့ "သင့်သားစဉ်မြေးဆက်တို့သည် ယခုကာစ၍ ထားဘေးနှင့်ကင်းတော့မည်မဟုတ်" လို့ ဆိုထားပါတယ်။ (၂ရှမွေလ ၁၂း၁၀) ရှေ့ကိုဘယ်လို လုပ်ပြီး ကောင်းကောင်းမွန်မွန် အုပ်ချုပ်လို့ရတော့မှာလဲ။

ဒီအချက်ဟာ ကျွန်တော်တို့လဲသတိထားရမယ်။ အသင်းတော်မသေဘို့၊ အိမ်ထောင်မသေဘို့၊ အလုပ်မသေဘို့ပေါ့ဗျာ။

*စတုတ္ထသေခြင်းကတော့ သူ့ရဲ့နိုင်ငံအဝှမ်း ကျော်ကြားခဲ့တဲ့ သတင်းဟာ သေသွားရတယ်။* ကျမ်းစကားမှာတော့ "ဤပြစ်မှုအတွက် ထာဝရဘုရား၏ရန်သူတို့ကဲ့ရဲ့ဘွယ်ရာအကြောင်းရှိ၏။"(၂ရှမွေလ ၁၂း၁၃)

အဲဒီအချိန်မှာ နာသန်အနေနဲ့ ဒါဝိဒ်မင်းကြီးကို တရားဟောရမယ်ဆိုတော့ အင်မတန်ခက်တဲ့ကိစ္စ။ ဒါဝိဒ်မင်းကြီးဟာ တစ်ဆယ့်နှစ်လလောက် သက်သာသလိုနေခဲ့တယ်။

အပြစ်ဝန်ချဘို့လည်းစိတ်မကူးခဲ့ဘူး။ သူ့နည်း၊ သူ့ဟန်နဲ့ စိတ်သက်သာရာရအောင် သူ့ကိုယ်သူ ကုသခဲ့တာပေါ့။ အဲဒီတစ်ဆယ့်နှစ်လအတောအတွင်းမှာ သူ့ခံစားချက်ကိုတွေ့ရတယ်။ **"အကျွန်ုပ်အရိုးများဆွေးမြေ့ရပါ၏၊ နေ့ညဉ့်မပြတ် လက်တော်တင်ဖိသဖြင့် နွေကာလသွေ့ခြောက်သည့်နည်းတူ အကျွန်ုပ်ခြင်ဆီခြောက်သွားပါ၏"** (ဆာလံ၃၂း၃,၄) ဒါဝိဒ်မင်းကြီး တော်တော်ခံစားလိုက်ရတယ်။

ဒီလိုအချိန်မှာ ပရောဖက်နာသန် ဒါဝိဒ်မင်းကြီးကိုတရားပေးရမယ်။ ဘုရားအသံနာခံပြီးတော့ နာသန်ဟောခဲ့ပါတယ်။ သူ့တရားက. . 'မြို့တစ်မြို့မှာ သူဌေးတစ်ဦးနဲ့ ဆင်းရဲသားတစ်ဦးရှိတယ်။ သူဌေးဆီမှာ သိုးနွားတွေအများကြီး၊ ဆင်းရဲသားမှာတော့ သိုးမကလေးတစ်ကောင်ထဲရှိတယ်။ ချစ်လိုက်ရတဲ့ သိုးမကလေး။ သူဌေးဆီ ဧည့်သည်တစ်ဦးရောက်တော့ သူ့သိုးနွားတွေကို သတ်ရမှာနှမြောလို့ ဆင်းရဲသားရဲ့ သိုးမကလေးကို ယူသတ်ပြီး ချက်ကျွေးလိုက်တယ်။'

အဲဒီအကြောင်းကိုကြားတဲ့အခါ ဒါဝိဒ်မင်းကြီးတော်တော် သူဌေးကြီးကို အမျက်ထွက်တယ်။ ဒီလိုပြုတဲ့အတွက် သေဒဏ်ခံထိုက်တယ်။ လေးဆလဲပြန်ပေးရမယ်လို့ပြောတယ်။ အဲဒါနဲ့ နာသန်က ဒီသူဌေးဟာတစ်ခြားလူမဟုတ်ဘူး ကိုယ်တော်ပင်ဖြစ်တယ်လို့ ဆိုလိုက်တယ်။

ဒါဝိဒ်မင်းကြီးဟာ မိမိပြစ်မှားမိခဲ့တဲ့ အပြစ်အတွက် ဝမ်းနည်းကြေကွဲစွာနဲ့ ဝန်ချခဲ့ပါတယ်။ နာသန်က ထာဝရဘုရားသည် ကိုယ်တော့်အပြစ်ကို ပယ်တော်မူပြီ လို့ပြန်ဆိုခဲ့ပါတယ်။

ဒီနေရာမှာ တကယ်ဝန်ချတယ်၊ တကယ်ဖြေလွှတ်တယ်ဆိုတာကို တွေ့ရတယ်။ အသွားနဲ့အလာပေါ့။ ဒါပေမယ့်တကယ်ဝန်ချရမယ်။ တကယ်သွားရမယ်ပေါ့။ တကယ်ဝန်ချမှ တကယ်လာမှာပေါ့။ ပျောက်သောသားအကြောင်း ပြန်သတိရတယ်ဗျာ။ ဘုရားမေတ္တာဟာ ကျွန်တော်တို့အပေါ်မှာ တကယ်ကြီးမားလှပါတကား။ **"သင်တို့ ဒုစရိုက်များ ကမ္ဗလာထည်နှင့်တူသော်လည်း မိုယ်းပွင့်သဖွယ်ဖြူရလိမ့်မည်၊ ပိုးကတ္တီပါနှင့်အမျှနီသော်လည်း၊ သိုးမွေးကဲ့သို့ ဖြစ်ရလိမ့်မည်။"** (ဟေရှာယ ၁း၁၈)။

ရွှေနော်ဒီလုံး

# အချိန်

ကျွန်ုပ်သည် တခါတရံ၊ အထူးသဖြင့် တိတ်ဆိတ်ချိန်များ၌ အတိတ်အကြောင်းနှင့် မိမိ၏ဘဝကို ဆက်စပ်သုံးသပ်ကြည့်လေ့ ရှိသည်။ ထိုအခါ ကုန်လွန်ခဲ့သော နေ့ရက်အချိန်များကို ပြန်လည်ရယူလိုစိတ်များ အခါခါ ပေါ်ပေါက်မိသည်။ သို့သော် ထိုလွန်ခဲ့သောအချိန်များကို အဘယ်သို့လျှင် ပြန်ရနိုင်မည်နည်း။ စီးသွားသောရေကို နောက်တစ်ခါ ပြန်မခပ်ယူနိုင်တော့သလို ကုန်လွန်သွားခဲ့ပြီးသောအချိန်ကို ပြန်၍မရနိုင်တော့ပါ။

ကျွန်ုပ်တို့၏ အချိန်များကို အကျိုးရှိရှိ (Effectively) အသုံးပြုခဲ့ပါသလား?။ ကျွန်ုပ်တို့ရရှိခဲ့သော အချိန်ကို မည်သို့စီမံခန့်ခွဲကြပါသနည်း?။ ယခင်က အချိန်ကြာမြင့်စွာ အလုပ်လုပ်သူသည် အလုပ်သမားကောင်း ဖြစ်ခဲ့သော်လည်း ယခုအခါ ထိုသို့မဟုတ်တော့ပြီ။ အကျိုးရှိရှိ၊ ထိထိရောက်ရောက် လုပ်ဆောင်နိုင်ခဲ့သူသာ လုပ်သားကောင်း ဖြစ်လာသည်။

ဤခေတ်တွင် လူအချို့ကအချိန်ရရန် ငွေကိုသုံးကြသည်။ အချို့ကငွေရရန်အချိန်ကို သုံးကြသည်။ မည်သို့ပင်ဖြစ်စေ၊ အချိန်နှင့်ငွေသည် ဒွန်တွဲစွာ တည်ရှိနေဆဲဖြစ်သည်။ အချိန်တိုအတွင်း အကျိုးရှိရှိ၊ အောင်အောင်မြင်မြင်လုပ်ဆောင်နိုင်ဖို့သည် အချိန်ကိုထိထိရောက်ရောက် စီမံခန့်ခွဲတတ်ဖို့လိုသည်။ အောက်ပါအချိန်ကို စီမံခြင်းနည်းများကို ဖော်ပြလိုပါသည်။

(၁) စနစ်တကျအောင် ပြုလုပ်ခြင်း (Get - Organized Approach)
- အရာဝတ္ထု၊ လုပ်ငန်း၊ လူတို့ကို စနစ်တကျစီစဉ်ထားရှိသောနည်း။

(၂) ကာကွယ်ခြင်း။ (Warrior Approach)
- မလိုအပ်ပဲ အချိန်ဖြုန်းတီးမှု မဖြစ်ရန် ကိုယ် [illegible]စရာမလိုသော ကိစ္စရပ်များအတွက် ကိုယ်စားလှယ်၊ အတွင်းရေးမှူး၊ ဖုန်း စသည်တို့မှတဆင့် ပြောကြားနည်း။
- တစ်နေရာရာသို့ ထွက်သွားပြီး အလုပ်လုပ်ခြင်း။

(၃) ပန်းတိုင်ထားခြင်း (Goal Approach)
- မိမိချီတက်မည့် ပန်းတိုင်ကို မျက်ခြည်မပြတ်စေရန် အပိုအလုပ်များမလုပ်တော့ပဲ တစိုက်မတ်မတ် လုပ်ဆောင်သောနည်း။

(၄) အေ၊ဘီ၊စီ ခွဲခြားခြင်း (ABC Approach)
- လုပ်ရမည့်အလုပ်ကို အဓိကနှင့် သာမည ခွဲခြားဆောင်ရွက်ခြင်း၊ အရေးပေါ် (Urgent) နှင့် အရေးကြီး (Important) ခြင်းကို သိရှိရန် လိုအပ်သည်။

(၅) စက်ကိရိယာအသုံးပြုခြင်း (Magic tool approach)
- မလိုအပ်ပဲ ကြန့်ကြာမှုမရှိအောင် စက်ကိရိယာများ၊ အီလက်ထရောနစ်ပစ္စည်းများ ကို အသုံးပြုသောနည်း။


အချုပ်အားဖြင့်တင်ပြရသော် အထက်ဖော်ပြပါအချိန်နှင့် ပတ်သက်သည့်အကြောင်းအရာ၊ နည်းလမ်းများသည် ကျွန်ုပ်တို့၏ အသက်တာ၌ အသုံးဝင်မည် ဖြစ်သည်။ ယနေ့ အချိန်သည်သက္ကရာဇ်နှစ်ထောင်သို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်ရာ ကုန်လွန်ခဲ့သော အတိတ်ကို တသနေ၍မပြီးပေ၊ လုပ်စရာရှိသည်ကို ပထမလုပ်ရမည်။ ထိုသို့လုပ်နိုင်ရန်အတွက် မိမိလုပ်လိုသော၊ လုပ်သင့်သောအရာကို ဆုံးဖြတ်ရန်၊ မည်သို့လုပ်ဆောင်သင့်ကြောင်း ရွေးချယ်ရန်ဖြစ်သည်။ အချိန်ရှိသေးသည်ဟု ခံယူပြီးမသွားဘဲထိုင်နေရုံဖြင့် ခရီးမရောက်ပါ၊ မပြောဘဲငိုင်နေ၍ စကားတစ်ခွန်းထွက်မလာပါ၊ မလုပ်ဘဲညည်းနေ၍ အလုပ်မဖြစ်ပါ၊ အချိန်ရှိခိုက်လုံ့လစိုက်ရပေဦးမည်။ နောင်မှတရသော နောင်တမရမိဖို့ ဂရုပြု ဆင်ခြင်ရပါမည်၊ အနာဂတ်၌ မည်သို့ရင်ဆိုင်ကြုံတွေ့ရမည့် အကြောင်း "အချိန်" ကို တန်ဖိုးထားအလေးအနက်ပြုကာ၊ အတွေးသစ်အမြင်သစ်များဖြင့် ရှေ့ခရီးကို ဆက်ကြပါစို့။

လှိုင်းသန်း (တတိယနှစ်)



(မျက်နှာဖုံးဆောင်းပါး)

# အသက်ရှင်ခြင်းနှင့်ဆိုင်သော မျှော်လင့်ခြင်း



(၁)

(၂၀)ရာစု ကုန်ဆုံးခြင်းသည် ထောင်စုအချိန်ကာလ (၂) ခု ပြီးမြောက်သွားခြင်းလည်း ဖြစ်သည်။ မကြာမီပင် (၂၁) ရာစု ရောက်တော့မည်။ (၂၁)ရာစုဦးဖြစ်သော ခ၊သ ၂၀၀၀ နှင့် ဟိုမှာဘက်ကာလသည် ဖါတ်စင်ပေါ်၌ ကန့်လန့်ကာဖွင့်လိုက်၍၊ နောက်ခံဆက်တင်များ၊ လှုပ်ရှားမှုများ၊ လူနေရာယူပုံများချက်ချင်းပေါ်လာသလိုမျိုးရောက်လာမည် မဟုတ်။ ကျွန်တော်တို့နေ့စဉ် သွားလာလှုပ်ရှားနေမြေအတိုင်းအတွင်း၌သာ သိမ်သိမ်မွေ့မွေ့ရောက်ရှိသွားမည် ဖြစ်သည်။

Y2K ပြဿနာက ခ၊သ၂၀၀၀နှင့် ၂၀၀၁နှစ်များအတွက် အရေးတကြီးဖြစ်နေပြီ။ AIDS/HIV က ကမ္ဘာတခွင်၌ ကြီးစိုးနေဆဲဖြစ်၏။ စစ်အေးတိုက်ပွဲပြီးစီးသွားပြီဆိုသည့်တိုင် နေရာအနှံ့အပြား၌ စစ်မက်ဖြစ်ပွားခြင်းက မငြိမ်သက်နိုင်သေး။ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး ပဋိပက္ခများကြောင့် ကမ္ဘာ့နေရာတခွင်၌ တင်းမာမှုများ၊ ဖိနှိပ်မှုများ၊ အပြစ်မဲ့သေကြေပျက်စီးမှုများ ဆက်တိုက်ဖြစ်နေဆဲ။ သောက်သုံးရေရှားပါးမှု၊ အစာရေစာပြတ်လပ်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့က နေ့စဉ်သတင်းများ၌ နေရာယူဆဲ။ ၎င်းတို့သည် (၂၁) ရာစုသို့ ကျွန်တော်တို့မလိုချင်ပါပဲလျက်သယ်လာခဲ့ရမည့် အထုပ်များဖြစ်နေသည်။

(၂၁)ရာစုသည်တစ်ဦးချင်း စည်ပင်ကြီးပွားရေးကိုအဓိကထားရသကဲ့သို့တချိန်တည်းမှာပင်ပူးပေါင်းလက်တွဲလုပ်ဆောင်ရန်ဖြစ်လာမည်။ ပူးပေါင်းလုပ်ဆောင်နိုင်စွမ်းမရှိသူများကျန်ရစ်ခဲ့မည်။သတင်းပြန်ကြားရေးနည်းပညာ (Information Technology)နှင့် ကွန်ပျူတာအသုံးပြုမှုများက ကမ္ဘာကြီးကိုကမ္ဘာ့ရွာ (Global Village) အဖြစ်သို့ ပို့ဆောင်ပေးလျက်ရှိ၏။ တစ်ချိန်တည်းမှာပင် အမျိုးသားရေးဝါဒနှင့်ဘာသာရေး ဝါဒ (Nationalism & Religionism) တို့ပြန်လည် ခေါင်းထောင်လာခြင်းက (၂၁) ရာစု၌ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့ရမည့် အနေအထားကိုသတိပေးနေ ပြန်သည်။

*“နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်မည်ဟု သိမှတ်လော့”* (၂တိ ၃:၁)

(၂)

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် အတွင်း၌ (၂၁) ရာစုသည် အပြောင်းအလဲတော်တော်များများကို လက်ခံကြရမည့် အနေအထားဖြစ်သည်။ ၁၉၉၀–နောက်ပိုင်း ဖြစ်ပေါ်တိုးတက်မှုများသည် ၁၉၇၀ ပတ်ဝန်းကျင်က စတင်လာခဲ့ရသည့် တိုင်းရင်းသားအသင်းတော်အတွက် အသစ်သောရှုပါရုံ၊ အနေအထားများကို ဖြစ်စေခဲ့သည်။

သက္ကရာဇ် ၂၀၀၀ နှင့် ဟိုမှာဘက်ကာလသည် အသင်းတော်အတွက် စိန်ခေါ်ချက်များ ဖြစ်နေပါလိမ့်မည်။ အမျိုးသမီးများအား သိက္ခာပေးခြင်း၊ အသင်းသားတပည့်တော်များ၏ အမှုတော်ဆောင်ရွက်ခြင်း၊ သတင်းကောင်း တိုးချဲ့နှံ့ပြားခြင်း၊ ဝိညာဉ်ရေးသာမက လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကမကထပြုတာဝန်ယူရခြင်း၊ အသင်းတော်တွင်း၌သာမက ပြင်ပလောက၌ပါ ပြန်လည်သင့်မြတ်ရေးအတွက် အမှုတော်ဆောင်ခြင်း၊ ငြိမ်းချမ်းရေးအတွက် ကြားခံရပ်တည်ပေးခြင်း၊ ..... အစ ရှိသည်တို့ကို ကျွန်တော်တို့ မလွဲမသွေစဉ်းစားရန် လိုအပ်လာတော့မည် ဖြစ်သည်။

သေချာသည်မှာ သက္ကရာဇ် ၂၀၀၀နှင့် ဟိုမှာဘက်ကာလသည် ယုံကြည်သူများအတွက် တနင်္ဂနွေနေ့ဘုရားကျောင်းမှန်မှန်တက်ရုံ၊ ပွဲတော်မှန်မှန်ခံယူရုံဖြင့် မည်သို့မျှ လုံလောက်တော့မည် မဟုတ်။

လောလောလတ်လတ်တွင် ကျမ်းစာကျောင်းများနှင့် ပတ်သက်၍အစစအရာရာ ပြန်လည်သုံးသပ်နေရပြီ။ ယခင်က ကျမ်းစာကျောင်း (၄) နှစ်အောင်လျှင် အမှုတော်ဆောင်/ဘုန်းကြီး ဖြစ်မည်။ ယခုအခါ ကျမ်းစာကျောင်းဆင်းတိုင်း သိက္ခာရချင်မှရတော့မည်။ အမှုတော်ဆောင်ဖြစ်ချင်မှ ဖြစ်လာမည်။ (၂၁) ရာစုတွင် အသင်းတော်ကိုဦးဆောင်မည့် ပုဂ္ဂိုလ်များသည် ခပ်ပေါ့ပေါ့အရည်အချင်းနှင့် ဖြစ်နိုင်တော့မည် မဟုတ်။

ထို့ပြင် မြန်မာ့ရေခံမြေခံဆုတောင်းစာအုပ်ထွက်ပေါ်လာရေးသည်လည်း (၂၁) ရာစု အာရုဏ်ဦး၌ကြီးစွာသော စွန့်စားမှုကြီး ဖြစ်လာမည်။ အသစ်ထွက်ပေါ်လာမည့် ဆုတောင်းစာအုပ်သည် ကျွန်တော်တို့ယုံကြည်ကျင့်သုံးမှုကို ရေခံမြေခံသဘောတရား၌ ခေတ်နှင့်လျော်ညီစွာ သက်ဝင်လှုပ်ရှားနိုင်စွမ်းရှိမရှိ မှတ်ကျောက်ဖြစ်လာမည်။

(၂၁) ရာစု၌ အသင်းတော်သည် ကျန်းမာစွာရှိနေနိုင်ဖို့ ကျွန်တော်တို့ တာဝန်ဖြစ်နေပြီ။

(၃)

ရှာလုမ်ဆိုသည်မှာ လွတ်မြောက်ခြင်းဖြစ်၏။

* ကြောက်ရွံ့နေရမှုမှ လွတ်မြောက်ခြင်း ဖြစ်သည်။ (ဆာလံ ၁၂၁:၇၊ ဝတ်ပြု ၂၆:၆၊ ဟေရှာယ ၂၈:၂၆)။
* ဘေးအန္တရာယ်ဖြစ်ပွားမှုမှ လွတ်မြောက်ခြင်းဖြစ်သည်။ (ဟေရှာယ ၃၂:၁၈)။
* မပြည့်စုံမှုများမှ လွတ်မြောက်ခြင်း ဖြစ်သည်။ (ဆာလံ ၂၃:၁၊ ဆာလံ ၁၄၇:၁၄)။
* တရားမျှတမှုမရှိခြင်းမှ လွတ်မြောက်ခြင်း ဖြစ်သည်။ (ဟေရှာယ ၃၂:၁၇၊ ၅၇:၂၁)။

ရှာလုမ်သည် ကောင်းကြီးမင်္ဂလာလည်း ဖြစ်၏။

* ငြိမ်သက်ခြင်း ကောင်းကြီးမင်္ဂလာကို သယ်ဆောင်ပေးသည်။ (၁ပေ ၅:၇၊ ရောမ ၅:၁)
* ကယ်နှုတ်ဆယ်တင်ခြင်းကောင်းကြီး မင်္ဂလာကို သယ်ဆောင်ပေးသည်။ (ကမ္ဘာ ၂၆:၂၉၊ ထွက် ၁၈:၂၃၊ ဟေရှာယ ၅၅:၁၂)။
* ဝမ်းမြောက်ခြင်းကောင်းကြီးမင်္ဂလာကို သယ်ဆောင်ပေးသည်။ (ယေဇကျေ ၃၄:၂၆၊၂၉၊ ရောမ ၅:၁၁)
* ကြီးပွားတိုးတက်ခြင်းကောင်းကြီး မင်္ဂလာကို သယ်ဆောင်ပေးသည်။ (ယေရမိ ၂၉:၇)။

ရှာလုမ်သည် သူ့ဖာသာသူရပ်တည်နေခြင်း မဟုတ်၊ ပြုလုပ်နေခြင်းဖြစ်စဉ် (The process of making) အားဖြင့် တည်ရှိခြင်း ဖြစ်သည်။ ရှာလုမ်သည် ကမ္ဘာလောကတွင် ငြိမ်းချမ်းခြင်းရှိလျက် စည်ပင်ဖွံ့ဖြိုးလိုသူများအားဖြင့် တည်ရှိသည်။ ဥပမာအားဖြင့်–စစ်မက်ပြိုင်ဆိုင်မှု ကင်းငြိမ်းသောငြိမ်းချမ်းသည့် ကမ္ဘာကြီးသည် မငြိမ်းချမ်းစေသော အခြေအနေများကို ဖယ်ရှားပြီးမှသာ ဖြစ်နိုင်ကြောင်း ဆိုလိုသည်။

ဘုရားရှင်သည် ရှာလုမ်၏ဖြစ်တည်ရာ။ ရှာလုမ်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် တရားမျှတခြင်းအားဖြင့် တည်ရှိနေသည်။ ဂိဒေါင်က ယေဟောဝါရှာလုမ်ဟူ၍ ပြောသည်။ (တရားသူကြီး ၆:၂၄)။ စင်စစ်တွင် ရှာလုမ်သည် ထိုင်နေရုံဖြင့် ဖြစ်လာမည့်အရာမဟုတ်။ သက်ဝင်လှုပ်ရှားမှုအားဖြင့်သာ ရုပ်လုံးပီပြင်လာမည့်အရာ ဖြစ်သည်။

(၄)

*“ငြိမ်သက်ရာလမ်းထဲသို့ ပို့ဆောင်ရန် ကောင်းကင်မှနေအာရုဏ်သည် ကရုဏာတော်ကြောင့် ရောက်လိမ့်သတည်း”*

Benedictus ခေါ် ‘ရှင်ဇာခရိသီချင်း’ ကို နေ့စဉ်နံနက်ဝတ်မှာ ဆိုတိုင်းဆိုတိုင်း ကျွန်တော်တို့၏ အသက်တာ၌ အသက်ရှင်ခြင်းနှင့်ဆိုင်သော မျှော်လင့်ခြင်းကိုပြန်၍ အားယူစိုက်ပျိုးရပါ၏။

ခက်ခဲကြမ်းတမ်းသော၊ ခက်ထန်ရင့်သီးသော၊ မှောင်မိုက်သော၊ သေမင်းအရိပ်လွှမ်းမိုးသော နေရာဒေသနှင့် အခြေအနေ၌ ရှိနေရစဉ်ကာလ ကျွန်တော်တို့၏ မစခြင်းအကြောင်း ပေါ်ထွက်ရသော တောင်ရိုးသို့ နေ့စဉ်မျှော်ကြည့်ကြပါသည်။

ထိုသခင်သည်သာ ကျွန်တော်တို့ အသက်ရှင်ခြင်း ဖြစ်သည်။

ထိုသခင်အားဖြင့်သာ ကျွန်တော်တို့လောက၌ မကြောက်မရွံ့နေနိုင်ခြင်း ဖြစ်သည်။

ထိုသခင်အားဖြင့်သာ ကျွန်တော်တို့၏ အနာဂါတ်အတွက် မျှော်လင့်မှုထားနိုင်ခြင်း ဖြစ်သည်။

အဘယ်ကြောင့် ဆိုသော်–


ထိုသခင်သည် ငြိမ်သက်ခြင်း (ရှာလုမ်)၏ အရင်းမူလ ဖြစ်ပါ၏။ (၂၁) ရာစု၌ ကျွန်တော်တို့ သေသေချာချာ လိုအပ်သောအရာမှာ ငြိမ်သက်ခြင်း (ရှာလုမ်) ပဲ ဖြစ်သည်။

*“သစ်ပင်ကို ခုတ်သော်လည်း၊ အငုတ်အချည်းစည်းမရှိပဲ အတက်ပေါက်လေဦးမည်ဟု မျှော်လင့်စရာရှိ၏။ မြေထဲမှာ အမြစ်ဟောင်း၍ မြေပေါ်မှာ အငုတ်သေသော်လည်း ရေငွေ့ကြောင့် အညောက်ပေါက်၍၊ ပျိုးပင်ကဲ့သို့ အညွန့်တို့နှင့် ပြည့်စုံလိမ့်မည်”*

(ယောဘ ၁၄:၇–၉)

ဆလိုင်းအိုက်ဇက် (မိုးကောင်း)

## အမျိုးသမီးများအား သိက္ခာပေးခြင်း



သိက္ခာမင်္ဂလာတင်ခြင်းသည် အမှုတော်ဆောင်အဆင့်ဆင့်ကို ရွေးချယ်ရာတွင် အသင်းတော်၏ သဘောတူညီခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားထံမှ အမှုတော်ဆောင်ရန်အတွက် ဆုတောင်း၍ ဆုကျေးဇူးတောင်းခံခြင်း ဖြစ်သည်။ အပြင်လက္ခဏာအားဖြင့် လက်တင်ခြင်းဖြစ်၍ အတွင်းလက္ခဏာမှာ အမှုတော်ဆောင်ရန် သုံးပါးပေါင်းတစ်ဆူဘုရား၏ နာမအားဖြင့်ဆုတောင်းပြီး တာဝန်အပ်နှင်းခြင်း ဖြစ်သည်။

အသင်းတော်၏ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည်။ ထို့ကြောင့် အသင်းတော်၌ အမှုတော်ဆောင်ခြင်းဟုဆိုသောအခါ ထိုထက်ဝက်ကျော်သောအမျိုးသမီးတပည့်တော်များ၏ အခြေအနေနှင့် တည်ရှိမှုကို သဘောပေါက်ရန်လိုအပ်ပါသည်။ တကယ်တွင် ဤအရာမှာ ခေတ်နှင့်လောက၏တောင်းဆိုခြင်းအားဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်၏ ဖွင့်ပြခြင်းအမှုတစ်ခုဖြစ်သည်။

**ဓမ္မသစ်ကျမ်းအမြင်**

ဓမ္မသစ်ကျမ်းတွင် အမျိုးသမီးများကို အသင်းတော်များ၌ ဝတ်ပြုစည်းဝေးခြင်းများ၌ ဦးဆောင်သူများနှင့် တမန်တော်များနှင့်အတူ လက်တွဲအမှုတော်ဆောင်သူများအဖြစ် တွေ့ရသည်။ ရှင်ပေါလုက အမျိုးသမီးများကို ဆုတောင်းခြင်းနှင့် ပရောဖက်ပြုခြင်းတို့တွင် ဦးဆောင်သူများအဖြစ် တွေ့ရှိခဲ့သည်။ ဖိဗေကို ကင်ခြေမြို့အသင်းတော်၏ သင်းထောက်မိန်းမအဖြစ် ဖော်ပြခဲ့သည်။ (ရောမ ၁၆း၁) ဤနေရာတွင် သင်းထောက်စကားသည် အမှုတော်ဆောင်ဟူသော စကားဖြစ်ကြောင်း နားလည်ရပါသည်။ ဖိဗေသည် ရှင်ပေါလုယုံကြည်အားကိုးသော အမျိုးသမီးအမှုတော်ဆောင်တစ်ဦးဖြစ်သည်။ ရှင်ပေါလုကအမျိုးသမီးများကို သူ၏လုပ်ဖော်ဆောင်ဖက်အဖြစ် သတ်မှတ်သည်။ ရောမ ၁၆း၇ တွင် ယုနိကိုတမန်တော်တစ်ဦးအဖြစ် ခေါ်ဝေါ်ခဲ့သည်။

တမန်တော် (၁၂)ပါး၌ အမျိုးသမီးများ မပါပါ။ သို့သော် အမျိုးသမီးများသည် ခရစ်တော်အမှုတော်ဆောင်ခြင်း၌ ပါဝင်ခဲ့ကြသည်။ ဟေဗြဲဘာသာရေးတွင် အမျိုးသားကိုသာ ဦးစားပေးသည်။ အမျိုးသမီးများကို ရှေ့တန်းတင်ခြင်းသိပ်မပြုကြ။ အခြေအနေကို သခင်ယေရှုက ချက်ခြင်းပြောင်းလဲခြင်း မပြုခဲ့သော်လည်း တဖြည်းဖြည်းနဲ့ အမျိုးသမီးများကို ကူညီပံ့ပိုးရင်း အမှုတော်ဆောင်ရန် လမ်းဖွင့်ပေးခဲ့သည် (ယော ၄း၂၆-၃၉)။ ဓမ္မသစ်ကျမ်းတွင် အမျိုးသမီးများ၏ ခရစ်တော်အပေါ်သစ္စာရှိခြင်းကိုတွေ့ရသည် (မာကု ၁၆း၁-၈)။



**အင်္ဂလီကန်ခံယူချက်**

အင်္ဂလီကန် အခြေခံသင်ကြားခြင်း အမှတ် (၂၃) လူထုပရိသတ်ထဲတွင် အမှုတော်ဆောင်ရာ၌ တရားဝင်ခေါ်ယူခြင်းနှင့် အမှုတော်ဆောင်ရန် စေလွှတ်ခံရခြင်းမရှိဘဲ မည်သူမဆိုလူထုပရိသတ်ထဲတွင် ဟောပြောခြင်း၊ စက္ကရမင်တမင်္ဂလာစီမံဆောင်ရွက်ခြင်းသည် တရားနည်းလမ်းမကျကြောင်း ဖေါ်ပြထားပါသည်။ ထို့ကြောင့် အမျိုးသမီးများကို အမှုတော်ဆောင်ရွက်ရာတွင် တရားဝင်နည်းစနစ်ကျနစွာခေါ်ယူ၍ စေလွှတ်သင့်ပါသည်။

အင်္ဂလီကန် အခြေခံသင်ကြားချက် အမှတ် (၂၆)တွင် စက္ကရမင်တမင်္ဂလာကိုစီရင်ရာ၌ ကျေးဇူးတော်သက်ရောက်ခြင်းသည် စီရင်သူ၏အဖြစ်အနေ၌ မူမတည်ဘဲ၊ နှုတ်ကပတ်တော်နှင့် ခရစ်တော်၌သာမူတည်ကြောင်း ဖေါ်ပြထားသည်။ ထို့ကြောင့် စက္ကရမင်တမင်္ဂလာကို အမျိုးသမီးများစီရင်ဆောင်ရွက်ခြင်းသည် မူလကျေးဇူးတော်သက်ရောက်ခြင်းကို ထိခိုက်မှုမရှိကြောင်း သဘောပေါက်နိုင်ပါသည် (၁ကော ၃း၇၊ ၂ကော ၄း၅-၇)။

အင်္ဂလီကန် အခြေခံသင်ကြားချက် အမှတ် (၁)တွင် ဘုရား၌ ကိုယ်ခန္ဓာမရှိ၊ လိင်သဘောမရှိ၊ နာမ်ဝိညာဉ်သက်သက်ဖြစ်ကြောင်း ဖေါ်ပြထားသည်။ အခြေခံအားဖြင့် ဘုရားသခင်သည် ပုလ္လိင်သက်သက်ဖြစ်ကြောင်းလက်မခံ၊ ဣတ္ထိလိင်လည်းဖြစ်ကြောင်း သဘောပေါက်နိုင်ပါသည်။ ဓမ္မသစ်ကျမ်းစာထဲတွင် နေရာအတော်တော်များများ၌ဘုရားသခင်၏ဣတ္ထိလိင်စိတ်သဘောရှိခြင်းကို ဖော်ပြထားသည် (လုကာ ၁၅း၈၊ ၁၃း၃၄)။ ထို့ကြောင့်ဘုရားရှင်၏ အမှုတော်ဆောင်ခြင်း၌ယောကျ်ားများသာဖြစ်ရမည်ဟူသော အယူအဆသည် ကျဉ်းမြောင်းသောအယူအဆ ဖြစ်နေပါလိမ့်မည်။

**အင်္ဂလီကန်အတွေ့အကြုံ**

အင်္ဂလီကန်အသင်းတော်၌ အမျိုးသမီးသိက္ခာပေးခြင်းကို စစ်အတွင်းအရေးပေါ် လိုအပ်ချက်အရ ၁၉၄၄-ခုနှစ်တွင် စတင်ပြုလုပ်ခဲ့သည်။ ဟောင်ကောင်ကျွန်း၌ သာသာနာပိုင် R.O Hall က LiTim Oi အမည်ရှိအမျိုးသမီးသင်းထောက်ကို ဘုန်းတော်ကြီးသိက္ခာပေးခဲ့သည်။ သို့ရာတွင် သူမ၏ဘုန်းတော်ကြီးသိက္ခာခံယူခွင့်နှင့် ပတ်သက်၍ အငြင်းပွားမှုပေါ်ပေါက်လာသောကြောင့် ဘုန်းတော်ကြီးအဖြစ်မှ ရပ်ဆိုင်းခြင်းခံခဲ့ရသည်။

၁၉၆၈-ခုနှစ်တွင် ပြုလုပ်သည့် လင်းဘတ်ညီလာခံကြီးတွင် အမျိုးသမီးများကို ဘုန်းတော်ကြီးသိက္ခာပေးရန် ပထမဦးဆုံးလေ့လာသုံးသပ်မှုပြုခဲ့သည်။ ၎င်းညီလာခံ၏ တာဝန်ပေးချက်အရ ၁၉၇၁-ခုနှစ်တွင် ပြုလုပ်သည့် ပထမဦးဆုံးအကြိမ် အင်္ဂလီကန်ညှိနှိုင်းရေးကောင်စီအစည်းအဝေး၌ 'သာသနာပိုင်တပါးသည် အမျိုးသမီးတစ်ဦး သိက္ခာပေးခြင်းကို လက်ခံနိုင်ဖွယ်ရာဖြစ်ကြောင်း' ဆုံးဖြတ်ခဲ့သည်။ ထိုနှစ်မှာပင် ဟောင်ကောင်၌ တရားဝင်အမျိုးသမီးသင်းထောက်နှစ်ဦးကို သိက္ခာပေးခဲ့ပါသည်။

အင်္ဂလန်တွင် ၁၉၇၅-ခုနှစ်၌ အမျိုးသမီးများကို သိက္ခာပေးခြင်းသည် လက်ခံနိုင်ဖွယ်ရာမရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ သို့သော် နောက်ဆယ်နှစ်အကြာ ၁၉၈၅-ခုနှစ်တွင် ၎င်းဆုံးဖြတ်ချက်ကို ပြန်လည်ရုပ်သိမ်းပြီး သာသနာ့လွှတ်တော်ချုပ်၏ တရားဝင်ဥပဒေအဖြစ် ၁၉၈၇-ခုနှစ်၌ ပထမဦးဆုံး သံဃာသုံးဆင့်ဝင် အမျိုးသမီးသင်းထောက်များကို သိက္ခာပေးခဲ့ပါသည်။ ၁၉၉၂-ခုနှစ်တွင် အမျိုးသမီးများကို ဘုန်းတော်ကြီးသိက္ခာပေးရန် တရားဝင်ဓမ္မဥပဒေပြဋ္ဌါန်းခဲ့သည်။

၁၉၈၉-ခုနှစ်တွင် အင်္ဂလီကန်သဟာယ၏ ပထမဦးဆုံးအမျိုးသမီးသာသနာပိုင်အဖြစ် ဘုန်းတော်ကြီးဘာဘရာဟဲရစ် ကို အမေရိကန်ပြည်ထောင်စု ဘော်စတွန်သာသနာပိုင်နယ်၏ လက်ထောက်သာသနာပိုင်အဖြစ် ဘိသိက်ပေးခဲ့သည်။ ၁၉၉၂ တွင် ပထမဦးဆုံး အမျိုးသမီးနယ်စီးသာသနာပိုင်အဖြစ် နယူးစီလန်နိုင်ငံ ဒျူနေဒင်သာသနာပိုင်နယ်၌ ဘုန်းတော်ကြီး ပင်နီလုပ်ဂျမိုင်စန်ကို ဘိသိက်ပေးခဲ့သည်။ ၁၉၉၈-ခုနှစ် လင်းဘတ်ညီလာခံကြီးတွင် အမျိုးသမီးသာသနာပိုင်

(၁၁) ပါး တက်ရောက်ခဲ့သည်။

အမျိုးသမီးများအား သိက္ခာမင်္ဂလာပေးခြင်းသည် ဓမ္မသဘောအရ ငြင်းဆိုဖွယ်အချက်အလက်များ နည်းပါးသော်လည်း နိုင်ငံ၊ ဒေသတို့၏ လူမှုရေးအခြေအနေပေါ်တွင် တည်ရှိနေကြောင်း လေ့လာတွေ့ရှိရသည်။ သို့သော် အသင်းတော်၏လိုအပ်ချက်နှင့် မကိုက်ညီသောကြောင့် သိက္ခာပေးခြင်း မပြုသည့်အသင်းတော်များလည်းရှိသည်။ ဥပမာ– အာဖရိကရှိ အချို့သော သာသနာပိုင်ချုပ်နယ်များ ဖြစ်သည်။

အမျိုးသမီး သိက္ခာပေးခြင်းအားဖြင့် ကန့်ကွက်ဆန့်ကျင်မှုများ၊ နာကျင်ဖွယ်ရာများ၊ ကွဲပြားခြင်းများစသည့် အခြေအနေများဖြစ်ပေါ်ခဲ့သည်။ ထိုနည်းတူ အမျိုးသမီးများကို သိက္ခာပေးခြင်းဖြင့် အမျိုးသားများ မစွမ်းဆောင်နိုင်သည့် လုပ်ငန်းများ၌ အောင်မြင်ခြင်း၊ ကြီးပွားခြင်းများ ပေါ်ထွက်ခဲ့သည်။

**မြန်မာ့ရေခံမြေခံ**

အမျိုးသမီးများကို အိမ်ထောင်၏ ဒုတိယပုဂ္ဂိုလ်အဖြစ်သာ သတ်မှတ်ခြင်းခံရသည်။ အမျိုးသမီးများသည် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွင် အမျိုးသားများထက်ပို၍ နိမ့်ကျသည်ဟု ယူဆကြသည်။ အမျိုးသမီးအဖြစ်ဖြင့် လူသားပီပီသသ (A real human being of the feminine Sex) ဖြစ်ကြောင်း လက်ခံရန် ခက်ခဲကြသည်။ သို့ရာတွင် မြန်မာ့သမိုင်းတလျှောက်တွင် ထင်ရှားကျော်ကြားသော အမျိုးသမီးခေါင်းဆောင်များစွာ ရှိခဲ့သည်။

ထို့ကြောင့် လူ့အဖွဲ့အစည်း၏ ထက်ဝက်ဖြစ်သော အမျိုးသမီးများ၏အမှုတော်ဆောင်ပိုင်ခွင့်နှင့် ဘုရားသခင် ဆုကျေးဇူးတော်များကို ဘောင်ခတ်ပြီး တရားသေဝါဒဖြစ် စဉ်းစားနေရန်မဟုတ်ပါ။ ရေခံမြေခံ အသင်းတော်၏ လက်ရှိသာသနာပြုခြင်း အခြေအနေမှန်နှင့် အနာဂါတ်၌အသင်းတော် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အခွင့်အလမ်းရှာရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

*မိုင်အောင်မဖြူ*
*(စတုတ္ထနှစ်)*



# အမျိုးသမီးများ၏ အမှုတော်ဆောင်ခြင်း

## (မြန်မာ့ရေခံမြေခံအခြေအနေ)

ဒေါ်ခင်ဆွေဦး

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြသော နိုင်ငံဖြစ်သည့်အားလျော်စွာ လူမျိုးတိုင်းတွင် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများကိုယ်စီရှိကြသည်။ ယဉ်ကျေးမှုတိုင်းတွင် အမျိုးသားများသည် ဦးစားပေးခံရသော ပထမလူတန်းစားများဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများထက် တစ်ဆင့်နိမ့်ကျသော လူတန်းစားအဆင့်တွင်သာ ရှိနေသေးကြောင်း ယနေ့ထိ တွေ့မြင်နေရသည်။

မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုခေတ်ရေစီးကြောင်းသည် ဖခင်အုပ်စိုးသောစနစ် (**Patriarchal System**)၏ အောက်တွင်ရှိနေသည်။ ယနေ့ခေတ်တွင် ထိုစနစ်ကြောင့် အချို့သော အသင်းတော်များတွင် အမျိုးသမီးများကို ဘေးဖယ်ထား၍ နေရာမပေးကြ ပါ။

ပလ္လင်ပေါ်တွင် တရားဟောခွင့်မပြုကြသည်ကို တွေ့ရသည်။ အမျိုးသမီးများကို အသင်းအဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုအခန်းကဏ္ဍတွင် အနည်းငယ်သာ ပါဝင်စေခဲ့သည်။ ပါဝင်သောအမျိုးသမီးဦးရေမှာ ယခုလက်ရှိအမျိုးသမီးဦးရေနှင့်နှိုင်းယှဉ်ကြည့်လျှင် မပြောပလောက်ပေ။

၄င်းအပြင် အမျိုးသမီးအမှုတော်ဆောင်များ သည် အချို့သောနေရာများ(သိက္ခာမင်္ဂလာ၊ ခေါင်းဆောင်မှု)တွင် အမျိုးသားအမှုတော်ဆောင်များနှင့် တန်းတူအခွင့်အရေး မရကြသေးပါ။ အမျိုးသား များ၏ အတွေးအခေါ်တွင် အမျိုးသမီးများသည် အိမ်ထောင်တာဝန်ထမ်းဆောင်ရန်နှင့် အသင်းတော်များ၏ ဓမ္မပညာဌာနတွင် လုပ်ကိုင်လျှင်လုံလောက်သည်ဟု သဘောထားတတ်ကြသည်။

ထို့ကြောင့် အမျိုးသမီးများ မိမိတွင်ရှိသည့် ဘုရားသခင်ပေးထားသော စွမ်းရည် (**Talent**)များကို ကန့်သတ်ထားသည့်နယ်ပယ်၌သာ အသုံးချခွင့်ရှိပေသည်။

အမျိုးသမီးများက ရသင့်သောအခွင့်အရေးများ၊ တောင်းဆိုလာကြသောအခါ ယနေ့မြန်မာ့ယဉ်ကျေးမှုမျက်လုံးဖြင့်သာ မြင်နေတတ်သော အမျိုးသားများက အမျိုးသမီးများအပေါ် အမြင်မကြည်လင်ကြပေ။

ဤသို့ဖြစ်ရခြင်းမှာ အမျိုးသားများ၏အမြင်တွင် အမျိုးသမီးများက သူတို့အပေါ်လက်ဝါးကြီးအုပ်တော့မည်ဟု ခံယူနေကြသောကြောင့်ဖြစ်သည်။ အမျိုးသားများဤကဲ့သို့ ခံယူကြခြင်းမှာ မြန်မာ့ရေခံမြေခံ ယဉ်ကျေးမှုကြောင့်လား၊ သို့မဟုတ် အမျိုးသမီးများကိုယ်တိုင်က တောင်းဆိုမှုနည်းလမ်း မှားနေလို့လား ဟု စဉ်းစားရမည်ဖြစ်သည်။

ယနေ့အမျိုးသမီးများ တောင်းဆိုနေသော အရာမှာ အမျိုးသားများနှင့် တန်းတူလက်တွဲ (**Partnership**) ၍ လုပ်ဆောင်ရန်သာဖြစ်သည်။

တစ်ခါတစ်ရံ အမျိုးသမီးများကိုယ်တိုင်မှလည်း ငှင်းယဉ်ကျေးမှု၏အောက်တွင် ကြီးပြင်းလာရသဖြင့် အခွင့်ရလျှင်လည်း မယူရဲတော့ပေ။ ငါဟာအမျိုးသမီးဘဲ. . . အားနွဲ့တယ်. . . ယောကျ်ားတွေလောက် မလုပ်နိုင်ပါဘူး. . . ဟု မိမိကိုယ်ကိုယုံကြည်စိတ်ချမှုမရှိဘဲ နောက်ဆုတ်နေကြသည်။ အမျိုးသမီးအချင်းချင်းပင် အားပေးမှုမရှိဘဲ တစ်ဦးကိုတစ်ဦး ရှုတ်ချ၍ ကဲ့ရဲ့တတ်ကြသည်ကို တွေ့မြင်ရပါသည်။

ထို့ကြောင့် ယနေ့အမျိုးသမီးအမှုတော်ဆောင်များကို နယ်ပယ်အသီးသီး၌ မိမိစွမ်းရည်ရှိသည့်အတိုင်း လက်တွေ့အသုံးပြုဖို့ရန်၊ အမျိုးသမီးအချင်းချင်း တွန်းအားပေး၍ အမျိုးသားများကလည်း လက်တွဲလုပ်ဆောင်ရန်လိုအပ်ပေသည်။

၂၁-ရာစုထဲသို့ ဝင်ရောက်လာပြီဖြစ်သော မြန်မာအမျိုးသမီးအမှုတော်ဆောင်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးရာတွင် ပထမဦးစားပေးစဉ်းစားရမည့်အချက်ထဲတွင် မြန်မာ့ရေခံမြေခံ ယဉ်ကျေးမှုကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

ယဉ်ကျေးမှုရှိခြင်းသည် ကောင်းပါသည်။ ယဉ်ကျေးမှုတိုင်းတွင် ကောင်း၍၊ သင့်သောအရာများရှိသလို ခေတ်နှင့်အညီပြုပြင်ရန်လိုသော အရာများလည်းပါဝင်သည်။ သို့သော် မိမိယဉ်ကျေးမှုက ဘုရားသခင်၏နိုင်ငံတော်တည်ဆောက်ရေးအခန်းကဏ္ဍ၌ မည်ကဲ့သို့ အရေးပါသလဲ၊ မည်ကဲ့သို့ တွန်းအားပေးနိုင်သလဲ၊ သို့မဟုတ် မည်ကဲ့သို့ ဟန့်တားထားသလဲ ဆိုတာ ဆန်းစစ်ရန်လိုသည်။

(၂၁)ရာစုသို့အဝင်၌ မြန်မာ့အမျိုးသမီးများ၏ အမှုတော်ဆောင်ခြင်းအခန်းကဏ္ဍကို ဘယ်လိုမြှင့် တင်သင့်ကြောင်း ဆင်ခြင်စဉ်းစားကြပါစို့။

ဒေါ်ခင်ဆွေဦး




■ ဘုရားကျောင်းတစ်ခု၌ မတွေ့တာကြာပြီဖြစ်သော အမျိုးသမီးသူငယ်ချင်းနှစ်ဦးပြန်တွေ့ကြရာ. . .

ပထမအမျိုးသမီး ။ ။ "မတွေ့တာကြာပြီနော်. . . . နေကောင်းလား"

ဒုတိယ ။ ။ ။ ။ "ကောင်းပါတယ်" (ရယ်လျက်)

ပထမ ။ ။ ။ ။ "ဒါနဲ့မေးရအုံးမယ်။ ညည်းကိုလူပျိုဘုန်းကြီးတစ်ပါးရယ်၊ ကျမ်းစာကျောင်းသား တစ်ယောက်ရယ် ချစ်ခွင့်ပန်ထားတယ်ဆို. . . ဟုတ်လား"

ဒုတိယ ။ ။ ။ ။ "ဟုတ်ပါတယ် ဘယ်သူ့ကိုမှ အဖြေမပေးရသေးဘူး"

ပထမ ။ ။ ။ ။ "အဖြေပေးမနေနဲ့၊ ပြန်လည်းမချစ်နဲ့တော့"

ဒုတိယ ။ ။ ။ ။ "ဘာဖြစ်လို့လဲဟင်"

ပထမ ။ ။ ။ ။ "သူတို့က တကယ်ချစ်တာမဟုတ်ဘူး။ ဝတ်လုံအလျှော်ပျင်းလို့ဟဲ့. . . သိပြီလား။"

## မာကေဒေါနိပြည်၌ရှိသော အသင်းတော်၏ ပေးကမ်း လှူဒါန်းခြင်း



မာကေဒေါနိပြည်သည် ဂရိကျွန်းဆွယ်မြောက်ပိုင်းတွင် တည်ရှိသည်။ ရှင်ပေါလုသာသနာပြုစဉ်အခါက မာကေဒေါနိပြည်သည် ရောမဘုရင်လက်အောက်၌ရှိ၍ ဥရောပတိုက်ရှိပြည်သားတို့တွင်ဧဝံဂေလိတရားတော်ကို ဦးစွာကြားနာရသော တိုင်းပြည်ဖြစ်သည်။ ထိုအချိန်မှစ၍ တမန်တော်တို့၏ သာသနာပြုခြင်းကိစ္စ၌ အထွန်းကားဆုံးနေရာဖြစ်သည့် မြို့ကြီးများဖြစ်သော ဖိလိပ္ပိမြို့နှင့် သက်သာလောနိတ်မြို့များ၌ စွန်အားရှိသော အသင်းတော်များကို တည်ထောင်သည်။ ရှင်ပေါလုက ဤပြည်သို့သုံးကြိမ်မျှသာသနာပြုရောက်ကြောင်း ဖော်ပြသည်။

ရှင်ပေါလုသည် ကောရိန္သုအသင်းသားများ အလိုအလျောက် စွန့်ကြဲချင်သောစိတ်စေတနာအားကြီးလာစေဖို့ သူသည် မာကေဒေါနိပြည်ရှိ ယုံကြည်သူများ၏ ပုံသက်သေ၊ ခရစ်တော်၏ ပုံသက်သေ၊ သူတို့ကိုယ်တိုင်၌ရှိခဲ့သော စိတ်စေတနာ၊ ဓမ္မဟောင်းကျမ်းပါ ပေးကမ်းခြင်း ပညတ်တော်၊ ပေးကမ်းခြင်းဖြင့် ရမည့် အကျိုးကျေးဇူး၊ ဘုရားသခင်ထံမှရရှိမည့် ကျေးဇူးတော်နှင့် ဘုန်းတော်ထင်ရှားခြင်းများကို အထောက်အထားပြု၍ ကောရိန္သုသြဝါဒစာဒုတိယစောင် အခန်းကြီး (၈) နှင့် (၉) တွင် ဖော်ပြထားသည်။

### ပေးကမ်းခြင်းသည်ကျေးဇူးတော်အစစ်ဖြစ်သည် (၂ကော ၈း၁)

ပေးကမ်းချင်သောနှလုံးသားရှိခြင်းနှင့် စစ်မှန်သောစေတနာဖြင့် လွတ်လပ်စွာ ပေးကမ်းခြင်းသည် ထိုသူ၏နှလုံးသားတွင် ဘုရားရှင်အလုပ်လုပ်နေခြင်းဖြစ်သည်။ ပေးကမ်းလှူဒါန်းခြင်းသည် ဝိညာဉ်ရေးအသက်တာနှင့် ဆက်စပ်နေသည်။ စေတနာသဒ္ဒါတရားနှင့် ပေးကမ်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်နိုးဆော်ခံရခြင်း ဖြစ်သည်။ ပေးကမ်းခြင်းမရှိလျှင် ဝိညာဉ်အသက်တာသည် ဝမ်းနည်းစရာပင်ဖြစ်သည်။ ပေးကမ်းခြင်းသည် အသက်တာသစ်၏ လက္ခဏာ ဖြစ်သည်။

### ညှဉ်းဆဲခြင်းခံရသော်လည်း ပေးကမ်းခြင်းကို မဟန့်တားနိုင်ပေ (၂ကော ၈း၂)

မာကေဒေါနိပြည်ရှိ အသင်းတော်သည် ညှဉ်းဆဲခြင်းအားဖြင့် များစွာသောစုံစမ်းခြင်းကို ခံရသော်လည်း ဘုရားသခင်နှင့် အဆက်အသွယ်ပြတ်သွားခြင်း၊ လှူဒါန်းပေးကမ်းခြင်း၌ ပြတ်သွားခြင်းမရှိပေ။ ဆင်းရဲခြင်းသည် ပေးကမ်းခြင်းအတွက် အဟန့်အတားမဖြစ်စေခဲ့ပါ။ (မာကု ၁၂း၄၄) ထဲမှ မုဆိုးမ၏လှူဒါန်း

ခြင်း၊ ခရစ်ယာန်များသည် ဆင်းရဲသော်လည်း ပေးကမ်းခြင်းရှိရမည်။ ပေးကမ်းခြင်းသည် ဆင်းရဲခြင်း၊ ချမ်းသာခြင်းပေါ်တွင် မူတည်ခြင်းမရှိပါ။

**လှူဒါန်းပေးကမ်းခြင်း၏ စံ (၂ကော ၈း၃)**

မာကေဒေါနိပြည်ရှိ အသင်းတော်၏ပေးကမ်းလှူဒါန်းခြင်းစံသည် အသင်းတော်၏အခွင့်အာဏာနှင့် တိုင်းတာသတ်မှတ်ပေးခြင်း မဟုတ်ပါ။ သူတို့သည် တတ်နိုင်သမျှထက်မက၊ အလိုအလျောက်စွန့်ကြဲချင်သောစိတ်ရှိကြသည်။ သူတို့၏ ပေးကမ်းခြင်းသည် တစ်ဦးတစ်ယောက်၏ တိုက်တွန်းခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ဆုံးဖြတ်ချက်နှင့် ပေးလှူခြင်းဖြစ်သည်။

**လှူဒါန်းခြင်းသည် အလိုအလျောက် ဖြစ်သည် (၂ကော ၈း၃-၄)**

မာကေဒေါနိပြည်ရှိ အသင်းသားတို့သည် သန့်ရှင်းသူတို့အား အလုပ်အကျွေးပြုခြင်း၌ စိတ်အားကြီးသူများ ဖြစ်သည်။ ထိုကြောင့်သူတို့၏ အလှူငွေကို လက်ခံပါရန် တမန်တော်များကို တောင်းပန်ကြပါသည်။ အမှုတော်ဆောင်များကို ပေးကမ်းလှူဒါန်းခြင်း၊ ဝတ်ပြုခြင်း၌ထောက်ပံ့ခြင်း၊ အသင်းတော်ရှိဆင်းရဲသူများအားကူညီပံ့ပိုးခြင်း၊ ဧဝံဂေလိဒ္ဒပြားရန်အတွက် ဝေးလံသောနေရာများသို့ သာသနာပြုများစေလွှတ်ခြင်း၊ ထိုသို့ပြုခြင်းအားလုံးသည် ဘုရားရှင်၏အမှုတော်မြတ်၌ အတူတကွပါဝင် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

**ဘုရားသခင်ကို ဦးစားပေးခြင်းသည် လှူဒါန်းခြင်းကို တိုးတက်စေသည် (၂ကော ၈း၅)**

မာကေဒေါနိအသင်းသားများသည် ငွေကြေးဥစ္စာကိုသာ လှူဒါန်းသည်မဟုတ်ပါ။ မိမိတို့ကိုယ်မိမိတို့ သခင်ဘုရားအဖို့၊ တမန်တော်များအဖို့ ပေးလှူကြသည်။ ထိုကဲ့သို့ပင် ယုံကြည်သူများသည် ဘုရားသခင်ကို ဆက်ကပ်လှူဒါန်းရာတွင် ငွေကြေးဥစ္စာသာမကနှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် မိမိတို့ကိုယ်ကို မိမိတို့ဆက်ကပ်ခြင်း ရှိသင့်ပါသည်။

**ပေးကမ်းခြင်းသည် တိုးပွားခြင်းနှင့် ကြွယ်ဝပြည့်စုံခြင်း ဖြစ်သည် (၂ကော ၈း၇)**

ပေးကမ်းခြင်းသည် ခရစ်ယာန်များရရှိသော ကျေးဇူးတော်ပင်ဖြစ်သည်။ ခရစ်ယာန်အသက်တာ၌ တိုးပွားခြင်း၊ မျှော်လင့်ခြင်း၊ ယုံကြည်ခြင်း၊ အသိပညာရှိခြင်း၊ အသင်းတော်ခေါင်းဆောင်များအပေါ် ချစ်တတ်ခြင်းအပြင် ပေးကမ်းခြင်း၌ တိုးတက်စေသင့်သည်။ ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ခရစ်ယာန်တို့၏ ပေးကမ်းခြင်း၌ တိုးတက်ရန်အတွက် ခေါင်းဆောင်များ ကသွန်သင်ပေးရမည် ဖြစ်သည်။ အသင်းတော်သည် သက်တမ်းကြာသည် ဖြစ်စေ၊ သက်တမ်းငယ်သည် ဖြစ်စေ ပေးကမ်းခြင်း၌တိုးတက်ကြီးပွားဖို့ လိုအပ်သည်။

**ခရစ်ယာန်တို့၏ ပေးကမ်းခြင်း စံနမူနာမှာ ခရစ်တော် ဖြစ်သည် (၂ကော ၈း၉)**

သခင်ယေရှုခရစ်သည် ဘုန်းစည်းစိမ်ဖြင့် ကြွယ်ဝသော်လည်း၊ ဆင်းရဲခံတော်မူခြင်းအားဖြင့် ကျွန်ုပ်တို့ကို ကြွယ်ဝစေရန် ကျွန်ုပ်တို့တွက် ဆင်းရဲခြင်းအဖြစ်ကို ခံယူသည်။ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို ပေးသည်။ သားတော်သည် မိမိအသက်ကို ကျွန်ုပ်တို့အတွက် ပေးလှူသည်။ ထို့ကြောင့် ဘုရားသခင်ဖွင့်ပြသော ချစ်ခြင်းမေတ္တာအောက်တွင် ခရစ်တော်၏ရာနှုန်းပြည့်စွန့်လှူခြင်းသည် ကျွန်ုပ်တို့အတွက် စံနမူနာပင် ဖြစ်သည်။

**ခရစ်ယာန်များ၏ ပေးကမ်းခြင်းသည် မိတ်သဟာရဖွဲ့ခြင်းနှင့် ဝေမျှခြင်း၌ အခြေခံသည် (၂ကော ၈း၁၃-၁၅)**

ခရစ်ယာန်တို့အတွက် မိတ်ဖွဲ့ခြင်းသည် အခြေခံဖြစ်၍ ထိုမိတ်ဖွဲ့ခြင်းသည် ညီအကိုချင်း လိုအပ်သောအရာကို ဝေမျှပေးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သောအရာဝတ္ထုများ ပေးကမ်းခြင်းဖြင့် ဝိညာဉ်ရေးဆိုင်ရာကောင်းကြီး ပြန်ရိတ်သိမ်းရမည် ဖြစ်သည်။ စစ်မှန်သော ထိုပေးကမ်းခြင်းသည် ဆုံးရှုံးသွားခြင်း မဟုတ်ဘဲ လှည့်လည်ပြီး ဘုရားရှင်၏ကောင်းကြီးကို ပြန်လည်ခံစားရခြင်း ဖြစ်သည်။

**ချွေတာစွာ လှူဒါန်းခြင်းနှင့် ကြွယ်ဝစွာ လှူဒါန်းခြင်း (၂ကော ၉း၆)**

အနည်းငယ်သောမျိုးစေ့ကို ကြဲသောသူသည် စပါးအနည်းငယ်သာ ရိတ်ရမည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည် ဖြစ်သည်။ သိပ်နှိပ်လှုပ်ခါ ဘောင်းလျှံစွာပေးတတ်သူသည် ထိုကဲ့သို့ပင် ပြန်ရတတ်ကြောင်း သခင်ယေရှုက ပြောသည်။ (လုကာ ၆း၃၈)

**စေတနာအပြည့်ဖြင့် လှူဒါန်းခြင်းသည် ကြွယ်ဝခြင်းဆုလါဒ်ကို သယ်ဆောင်ပေးသည် (၂ကော ၉း၈-၁၄)**

ကျမ်းစာလာသည်ကား သူသည်စွန့်ကြဲပြီ။ ဆင်းရဲသောသူအား ပေးကမ်းပြီ။ သူ၏ဖြောင့်မတ်ခြင်းသည် အစဉ်တည်မြဲတတ်၏။ ပေးကမ်းသူအပေါ် ဘုရားသခင်သည် လုံလောက်သော ဆုကျေးဇူးကို ရရှိစေရန် တတ်နိုင်တော်မူသည်။ ပေးကမ်းသူ၏ ဝိညာဉ်အသက်တာသည် တိုးပွားစေသည်။ ဝမ်းမြောက်စေခြင်းအကျိုးကျေးဇူးကို အားရကျေနပ်စေသည်။

**ပေးကမ်းလှူဒါန်းခြင်း မရှိသောအခါ ဘုရားရှင်၏ အံ့ဩဖွယ်ဆုကျေးဇူးကို ရရှိမည် မဟုတ်ပေ။ (၂ကော ၉း၁၅)**


ဣသရေလလူမျိုးများထံမှ ဘုရားသခင်အား ပေးကမ်းဖို့ တောင်းဆိုခံရခြင်းမှာ အီဂျစ်ပြည်၌ကျွန်ဘဝမှကယ်နုတ်၍ နို့နှင့်ပျားရည်စီးဆင်းသော ခါနန်ကို ဝင်ခွင့်ပေးသောကြောင့် ဖြစ်သည်။ ယနေ့ ခရစ်ယာန်များထံမှ ဘုရားသခင်အား ပေးကမ်းဖို့တောင်းဆိုခြင်းမှာ (၁) ခရစ်တော်၏ အသွေးနှင့် ရွေးနုတ်ခြင်းခံရ၍လည်းကောင်း၊ (၂) အကြီးမြတ်ဆုံးဆုကျေးဇူးဖြစ်သော ခရစ်တော်ကိုရရှိခြင်းအခွင့်ကြောင့်လည်းကောင်းဖြစ်သည်။

**နိဂုံး။**

မာကေဒေါနိပြည်ရှိ အသင်းတော်၏ ပေးကမ်းလှူဒါန်းခြင်းကဲ့သို့ ယနေ့ခရစ်ယာန်အသက်တာ၌ မိမိတို့အသက်တာကို ဘုရားသခင်အား ပေးအပ်ရန်၊ စနစ်တကျမှန်ကန်စွာ ပေးကမ်းရန်၊ စွန့်စား၍ ပေးလှူရန် ဘုရားရှင်ပို၍ အလိုရှိသည်။ စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်ခြင်းကို နှစ်သက်မြတ်နိုးသည်။ ကျွန်ုပ်တို့တစ်ဦးစီသည် နှလုံးသားထဲ၌ ဘုရားသခင်ပြုပြင်၍ စွမ်းအားဖြည့်သွင်းခြင်းခံယူကာ ခရစ်တော်က သူ၏အသက်ကို ပေးလှူသကဲ့သို့ ဘုရားရှင်အတွက် ပေးကမ်းကြပါစို့။

*နော်လားယူဖေါ်*

*(ဒုတိယနှစ်)*



# ယိုဖိတ်မတတ်ဖြစ်သောနှလုံးသား

ဘုန်းတော်ကြီးမာကုစောမောင်ဒို

ဧမောက်ရွာသို့သွားသည့် တပည့်တော်နှစ်ဦး အကြောင်းမှာ ကျွန်တော်တို့သိပြီး အကြောင်းအရာ တစ်ခုဖြစ်သည်။ ဧမောက်ရွာသို့သွားသော တပည့်တော်နှစ်ဦးသည် ရှင်ပြန်ထမြောက်သော ခရစ်တော်နှင့် တွေ့ဆုံရသော်လည်း ခရစ်တော်မှန်းမသိ၊ စိတ်နှလုံး ညှိုးငယ်စွာဖြင့် ခရစ်တော်အကြောင်း ပြော နေကြစဉ်၊ ခရစ်တော်က သူတို့နှစ်ဦးကို ကျမ်းစာအနက်ဖွင့်ပြရှင်းလင်းပေးရင်း၊ နောက်ဆုံးမုန့်ကိုဖဲ့၍ ကျေးဇူးတော်ချီးမွမ်းသည့်အခါတွင် မှတ်မိသွားခဲ့သည်။

အငယ် (၃၂) ၌ "***တပည့်တော်တို့ကလည်း၊ လမ်းခရီး၌ ငါတို့နှင့်ဟောပြော၍ ကျမ်းစာအနက်ကို ဖွင့်ပြတော်မူသောအခါ၊ ငါတို့စိတ်နှလုံးသည် ယိုဖိတ်မတတ်ဖြစ်သည် မဟုတ်လောဟု အချင်းချင်းဝေဖန်ကြ၏***" ဟူ၍ ဖေါ်ပြထားသည်။

ထိုတပည့်တော် နှစ်ဦးတို့သည် ရှင်ပြန်ထမြောက်သော ခရစ်တော်၏သင်ကြားပို့ချမှုကို ခံယူရသောအခါ၊ ထိုသူသည် ခရစ်တော်မှန်းမသိပါပဲလျက် စိတ်နှလုံးယိုဖိတ်မတတ် ဝမ်းမြောက်ရွှင်လန်းခဲ့ရကြောင်း သတိပြုနိုင်ပါသည်။ ယနေ့ ကျွန်တော်တို့ ဘုရားရှင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုကြားနာရသောအခါ စိတ်နှလုံးလောင်ကျွမ်း၍ ယိုဖိတ်မတတ် ရွှင်လန်းအားရမှု ဖြစ်သင့်ပါသည်။ ထိုသို့မဟုတ်ပဲ ခံစားချက်ကင်းမဲ့၍၊ ဝမ်းမြောက်ရွှင်လန်းခြင်း မရှိလျှင် ကျွန်တော်တို့၌ တစ်ခုခုလိုနေပြီဖြစ်ကြောင်း သဘောပေါက်သင့်ပါသည်။

ရှင်ပြန်ထမြောက်သော ခရစ်တော်၏တန်ခိုးတော်သည် ကျွန်တော်တို့၏နှလုံးသားထဲ၌ အလုပ်လုပ်နိုင်ရန် ထိုသခင်နှင့်အတူ တည်ရှိနေဖို့ လိုအပ်ပါသည်။

ဘုရားရှင်၏ အမှုတော်ဆောင်တစ်ဦးအဖြစ် အသက်တာကို လျှောက်လှမ်းရသောအခါ ကျွန်တော်တို့ပြင်းပြင်းထန်ထန် အားယူကြရပါသည်။ သင်ကြားပို့ချမှုခံယူခြင်း၊ လေ့လာဆွေးနွေးခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း– အစစအရာရာမှာ ပေါ့တန်စွာ နေလို့မရပါ။

ဓမ္မသီချင်း အမှတ် (၂၂၃)၊ အပိုဒ် (၅)တွင် ဤကဲ့သို့ ဖေါ်ပြထားပါသည်။

ရည်မှန်းချက်များ စုံလင်ပြည့်ဝ
ချိန်နာရီတိုင်း ဖေါ်ပြ၊
အဖူးသည် ခါးဟန်ရှိသော်လည်း
ချိုသောပန်း ဖြစ်လိမ့်မည်။

အစအဦးကာလများသည် ခါးသီးသောအရာဖြစ်ချင်ဖြစ်မည်။ သို့သော် အချိန်တန်လာသောအခါ ဤအရာမှာ ချိုမြိန်သောအရာဖြစ်ကြောင်း နားလည်တွေ့ရှိလာပါလိမ့်မည်။

ကျွန်တော်တို့၏အသက်တာ၌ တစ်ခါတစ်ရံ ဟင်းခွက်ချင်းလဲလို့ ရချင်ရမည်။ ထမင်းအိုးချင်းလဲလို့ ရချင်ရမည်။ သို့သော် ကံကြမ္မာကိုလဲလို့ မရပါ။ ကိုယ်ထမ်းရမည့်ကားတိုင်ကို လဲလို့မရပါ။ ကိုယ့်အတွက် ဘုရားရှင် ပြင်ဆင်ထားပေးနှင့်ပြီးသော လမ်းကိုလဲလို့ ရမည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်တို့ မလိုချင်ဘူးဟူ၍ ငြင်းဆန်နေရန်ထက် ခရစ်တော်ကိုဖက်တွယ်ရင်း၊ အသက်တာ၌ခရစ်တော်ဖွင့်ပြပေးသွားသော နှုတ်ကပတ်တော်ကို ဆင်ခြင်အောက်မေ့ရင်း အားယူလျှောက်သွားဖို့ လိုပါသည်။

အချင်းချင်းရိုသေလေးစားခြင်းလည်း လိုပြန်ပါသည်။ အသက်ကြီး၊ ဝါကြီးသူက အသက်ငယ်သူ၊ ဝါငယ်သူကို သနားညှာတာဖို့၊ အသက်ငယ်သူ၊ ဝါငယ်သူက အသက်ကြီးသူ၊ ဝါကြီးသူကို ရိုသေလေးစားဖို့၊ ရွယ်တူအချင်းချင်းကလည်း အပြန်အလှန်အသိအမှတ်ပြုဖို့ လိုအပ်ပါသည်။ အချင်းချင်းရိုသေလေးစားသမှုပြုခြင်း၊ အချင်းချင်းအသိအမှတ်ပြုခြင်းမရှိသော အဖွဲ့အစည်း၌ ခရစ်တော်တည်ရှိအုပ်စိုးမည် မဟုတ်ပါ။

ဘုရားရှင်၏ အမှုတော်အတွက် ဟူသည့် ခေါင်းစဉ်အောက်၌ အတူတူဆည်းပူးခြင်း၊ အတူတကွဆွေးနွေးခြင်း၊ အတူတကွသင်ကြားခံယူခြင်းများ ပြုကြရသည်။ ထို့အတူ ကျွန်တော်တို့၏ အဝန်းဝိုင်းအတွင်းသို့ခရစ်တော်ကြွရောက်တည်ရှိနိုင်ရန် ကျပ်ကျပ်တောင်းဆိုရပါမည်။ ဧမောက်ရွာသွား တပည့်တော်နှစ်ဦးကဲ့သို့ "***ကျွန်ုပ်တို့နှင့် အတူဝင်၍နေပါ***" ဟူ၍ ဖိတ်ခေါ်ကြဖို့ လိုပါသည်။

စိတ်နှလုံးယိုဖိတ်မတတ် ဝမ်းမြောက်ကျေနပ်ခြင်းဖြင့် နေ့စဉ်နှင့်အမျှ နှုတ်ကပတ်တော်ကို ဆင်ခြင်နှလုံးသွင်းလျက်၊ အမှုတော်မြတ်ကြီးထဲ၌ အတူတကွ ခရီးဆက်ကြပါစို့။

*ဘုန်းတော်ကြီး မာကုစောမောင်ဒို*



၁၉၉၈/၉၉ ခုနှစ်၊ ဓမ္မတက္ကသိုလ်များမိဿဟာယ ဘောလုံးပြိုင်ပွဲ ဒုတိယဆုရရှိခဲ့စဉ်က။

# Psalm Twenty Three

July 30, 99




Anyone who has gone through the Book of Psalms would not have by passed Psalm 23. It could be said to be the Psalm of psalms. If children were to memorize a psalm, its could be no other psalm but Ps 23. Though it is a moderately short psalm yet it could be categorized not only "A Psalm of Divine Protection" but also "A Prayerful Psalm."

When we analyze this Ps 23, it contains five major themes which, to an ancient nomadic Israelite, needed no commentry nor footnote.

For a man or a student of this computerized era, a shepherd, a sheep, a sheepfold, a flock or pasture remains a fairy tale. A shepherd is not a cowboy of the pioneer motion picture. He is a very responsible and dutiful employee. Moreso, if he is the owner of the flock.

With the above introduction, let us now study the five major themes which are as follows.....

1. The I-Thou Relationship
2. The Divine Providence
3. The Fatherly Protection
4. The Material Posperity
5. The Gracious Indwelling.

## 1. I-THOU RELATIONSHIP

The I-Thou Relationship is a very familar aspect among the religions of the East. Of late only, the Christian theologians, mostly Catholic, have delved into the "Spiritualily" of other religions and there by try to focus the interpretation according to the local culture and custom. It is not just to transplant the western image of the Good News but to breed one's own image in one's own soil.

*V.1 The Lord is my Shepherd;*
*there is nothing I shall want.*

It is common sense that teaches us to see the things as they are, no more, no less, in short, objectively. The Jews preferred to call Yahweh as the Lord rather than God, because of their deep reverence. When a man possesses God, he possesses everything. On the other hand, when a man possesses everything but God, he possesses nothing.

In this I-Thou Relationship, normally, the shepherd is the Lord God and the sheep is the man. But in the Eastern aspect, this I-Thou Relationship is seen quite differently. How? The I-Thou Relationship means the shepherd and the sheep are one and the same. This is known as non-duality (advaita).

"Be still and know that I am God. Ps 46:10"

## 2. DIVINE PROVIDENCE

In Burma, it is a common saying as Sa, Woh, Nay, Ye (စားဝတ်နေရေး) but in fact, it is not so common as it sounds. Every man needs food to eat, clothes to wear and shelter to dwell. There were people who died without owning a piece of land. There are people just living with their clothes on without a spare. But no man can live without food for more the 2 of 3 days. That is why food takes the first priority.

*V.2 In green pastures he gives me repose;*
*Besides restful waters he leads me;*
*V.3 he refreshes my soul.*
*He guides me in right paths*
*for his name's sake.*

We see the idea of the three basic needs of a man (food, clothes, shelter) in Ps 23. Green pasture ... restful waters ... repose ... Sheep need green grass to eat and restful waters to drink. Restful waters mean clear, still and pure waters. After food and water, rest for the sheep.

For human beings, there is an additional blessing. The Lord grants strength to the soul and leads them in the righteous path.

## 3. FATHERLY PROTECTION

A true shepherd considers no sacrifice to be too great to save his sheep. King David, the model shepherd-boy, delivered his sheep from the mouth of a lion or a bear.

*"Your Majesty" (i.e King Saul) said David, "I take care of my father's sheep. Whenever a lion or a bear carries off a lamb, I go after it, and attack it and rescue the lamb. And if the lion or the bear turns on me, I grab it by the throat and beat it to death. I have killed lions and bears ... (1 Samuel 17:34-36)*

*V.4 Even though I walk in the dark valley*
*I fear no evil; for you are at my side*
*with your rod and your staff*
*that give me courage.*

That is why the sheep is not afraid to pass in the dark valley (the shadow of death), for it trusts the shepherd's rod and staff which will render timely assistance in danger of death. The implication is that a man who trust the Lord absolutely as his shepherd will be able to face any hardship on earth.

## 4. MATERIAL PROSPERITY

A labourer deserves his wages. He who works hard will no doubt prosper. We should also remember this; "Man proposes, God disposes". But the Bible say; "Unless the Lord builds the house, the labouer labours in vain". (Ps 127:1)

*V.5 You prepare a banquet for me*
*in the sight of my enemies.*
*You anoint my head with oil;*
*and fill my cup (with wine) overflowing.*

Here the Lord prepares a sumptuous meal when his devotee is surrounded by his enemies. When it is utterly impossible for any man to have just a piece of bread, there the Lord grants his devotee to enjoy the banquet and that too, for the wicked men to change their hearts and to trust Him like unto his devotee.

Anointing one's head means to highly favour and esteemly honour a guest. Overflowing means thriving. All these three

terms, banquet, anointing and overflowing, show the Material Prosperity.

### 5. GRACIOUS INDWELLING

***V.6 I know that your goodness and Your love will be with me all my life; and your house will be my home as long as I live.***

An ordinary man is not so conscious of the fact that the goodness and love (kindness) of God is being diffused throughout the whole cosmos. Man is a tiny particle of this cosmos. The study of God, man and creation is termed as the Theology, the Anthropology and the Cosmology which are inseparable elements in the principle of the Eastern Spirituality. Among the Eastern Religions, the men of God are always conscious of the fact and therefore they make use of this principle. Which in turn makes them filled with the goodness and love (kindness) of God. Along this line, we, Christians, have failed to apply its interpretation in our daily meditation or religious experience.

*A Christian mystic, by the name of Meister Eckhart says, "The knower and the known are One. Simple people imagine that they should see God as though He stood there and they here. This is not so. God and I, we are One in Knowledge."*

Substituting the following words in the above text, reread the whole context ...man = knower; God = known; He = God; there = in heaven; here = on earth; in knowledge = in meditation / in yogic practice.

St. Paul says; " Do you not know that your body is the temple of the Holy Spirit, who is in you, whom you have from God, and that you are not your own? (1Cor 6:19)

*One of the very ancient Eastern religion says; " The little space within the heart (in the form of a lotus-flower) is as great as this vast universe. The heavens and the earth are there, the sun, and the moon, and the stars, fire and lightning and winds are there, and all that now is and all that is not, for the whole universe is in Him and he dwells within our hearts."*

The same religion has put the above text in a nutshell: "In the cave of thy heart God dwelleth."

We say to a guest, "Feel at home" and never "Feel at house." "House" is a physical structure whereas "Home" is the personality of the house where the members of the family share their joy and sorrow, care and concern, pain and gain through thick and thin, etc.

All the above explanations are to support the last verse of Ps. 23. The house and the home could be interpreted into various aspects. The house could be God and the home the man. The house could be the House of God (Church) and the home the churchgoer. The house could be the Shepherd and the home the sheep. Christ says; " He who abides in Me and I in him bear much fruit." (John 15:5)


Although we interpret it symbolically, yet we have to accept and practise it literally. In short, a Christian finds the indwelling of God in himself on earth and treasures it all through his life.

Psalm Twenty Three can be recited on any occasion whatsoever. Therefore let us make use of this Psalm and apply its meaning in our daily life.

*Fr. Cecil Bernard,*
*Parish Priest,*
*St.Joseph's Catholic Church, Bago.*
*Archdiocese of Yangon.*



# အသင်းသားတပည့်တော်များ ၏ အမှုတော်ဆောင်ခြင်း



အသင်းတော်၏ (၉၉) ရာခိုင်နှုန်းသည် အသင်းသားတပည့်တော်များ (Lay Persons) ဖြစ်သည်။ ထို့ကြောင့်အသင်းတော်၌ အမှုတော်ဆောင်ခြင်းဟုဆိုလျှင် ထိုအသင်းသား တပည့်တော်တို့၏ အခန်းကဏ္ဍကို လစ်လျူရှု၍မရနိုင်ပါ။

အမေရိကန်ပြည်ထောင်စု အင်္ဂလိကန် အသင်းတော်၏ ဓမ္မအမေးအဖြေ (Catechism of Episcopal Chruch) တွင် အသင်းတော်၏အမှုတော်ဆောင်များကို ရေတွက်ရာ၌ (၁) အသင်းသားတပည့်တော်များ၊ (၂) ဂိုဏ်းအုပ်၊ (၃) သင်းအုပ် (၄) သင်းထောက်များဟူ၍ ဖော်ပြထားပါသည်။ ဤနေရာ၌ အသင်းတော်တပည့်တော်များကို ထိပ်ဆုံး၌ထားခြင်းအားဖြင့် ဘုရား၏အမှုတော်အတွက် အသင်းသားတပည့်တော်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း သတိပြုနိုင်သည်။

သခင်ခရစ်တော်က လူ (၁၂) ဦးကို 'တမန်တော်' အရာ၌ ခေါ်ယူခဲ့သည်။ သို့သော် ကယ်တင်ခြင်းသတင်းကောင်းကို ဟောပြောရန်အတွက် လူ (၇၀) ဦးကို စေလွှတ်ခဲ့သည် (လုကာ ၁၀း၁–၂) ထိုလူများမှာ သာမန်သူများဖြစ်သည်။

တမန်တော်ဝတ္ထုတွင်ဖတ်ကြည့်လျှင် ရှေးဦးအသင်းတော်၌ ပေတရု၊ ပေါလု အစရှိသော တမန်တော်များသာမက အောက်ပါသာမန်တပည့်တော်များ၏ အမှုတော်ဆောင်ခြင်းကိုလည်း တွေ့ရပါသည်။

- အာနနိ၊ ဒမသက်မြို့၌ပေါလုကို မျက်စိမြင်စေသူ (၉း၁၀–၂၂)
- ဗာနဗ၊ မြေပိုင်ရှင်၊ နောက်ပိုင်းသာသနာပြုဆရာ (၄း၃၆၊ ၉း၂၇)
- ကော်နေလိ၊ ရောမတပ်မှူး (၁၀း၁–၃၃)
- လုဒိ၊ အထည်ရောင်းသူနှင့် အိမ်ထောင်ရှင် (၁၆း၁၄–၁၅)
- ပြစ်ကိလနှင့်အာကုလ၊ တဲရှင်ချုပ်သူလင်မယား (၁၈း၂–၃)

ရှင်ပေါလုသည် အသင်းသားတပည့်တော်များ၏တန်ဖိုးကို အထူးဂရုပြုသူဖြစ်ကြောင်း သူ၏ဩဝါဒများကို ဖတ်ကြည့်လျှင် သိနိုင်သည်။ လူတိုင်း (သံဃာဆရာများ၊ အသင်းသားများခွဲခြားခြင်းမရှိပဲ) မိမိတို့၏ဆုကျေးဇူးအသီးသီးဖြင့် အမှုတော်မြတ်၌ တန်းတူညီမျှ ပါဝင်လုပ်ဆောင်ခွင့်ရှိကြောင်း ဖော်ပြသည်။ (၁ကော ၁၂း၁–၁၁၊ ၁း၂၆–၂၉)

တမန်တော်များလက်ထက်တွင် သာသနာပလူများ၏ ခရစ်ယာန်များကို မြင်သောအမြင်မှာ "လောကကို မှောက်လှန်သူများ" ဟူ၍ ဖြစ်သည်

(တမန် ၁၇း၆) ၄င်းကိုကြည့်ခြင်းအားဖြင့် ဘုရားရှင်သည် သူ၏အမှုတော်မြတ်အတွက် အသင်းတော်တစ်ခုလုံးကို အသုံးပြုကြောင်း တွေ့ရသည်။

အသင်းသားတပည့်တော်များ၏ အမှုတော်ဆောင်ခြင်းဆိုသည်မှာ နှုတ်ကပတ်တော်ကျမ်းစာအရဖြစ်စေ၊ အသင်းတော်၏ စည်းမျဉ်းစည်းကမ်းအရ ဖြစ်စေ၊ ခွင့်ပြုထားသည့် လုပ်ငန်းများကို လုပ်ဆောင်ရန်ဖြစ်သည်။

၁။ ကယ်တင်ခြင်းသတင်းကောင်း ဝေမျှဟောပြောခြင်း (မာကု ၁၆း၁၅)

၂။ ရန်ငြိမ်းခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်း အတွက် အမှုတော်ဆောင်ခြင်း၊

၃။ လူမှုပတ်ဝန်းကျင် တိုးတက်မှုအတွက် အမှုတော်ဆောင်ခြင်း (၂ကော ၁း၄)။

ထိုကဲ့သို့လုပ်ဆောင်နိုင်ရန် အခြေအနေ (၂) မျိုးလိုအပ်ပါသည်။

၁။ သင်းအုပ်များက အသင်းသားများ၏ အခန်းကဏ္ဍကို သဘောပေါက်၍ လမ်းဖွင့်ပေးရန်လိုအပ်ပါသည်။ (နေရာတကာ သိက္ခာရများက မတွင်ကျယ်စေချင်ပါ)

၂။ အသင်းတော်ရှိ အသင်းသူ/သား များကိုယ်တိုင် မိမိတို့လုပ်ဆောင်ရန် မဖြစ်မနေလိုအပ်၍ တာဝန်သိရန်လိုအပ်ပါသည်။ (အသင်းသားများကလည်း ဘေးထိုင် ခေါင်းရှောင်၊ မနေသင့်ပါ)

အခြေအနေတော်တော်များများ၌ သိက္ခာရအမှုတော်ဆောင်တို့က အသင်းသားများကို နေရာပေးရမှန်း မသိကြပါ။ အသင်းသားများကိုယ်တိုင်ပင်လျှင် မိမိတို့လုပ်ရမည့်တာဝန်ကို နားမလည်သည့်အပြင်၊ အမှုတော်ဆောင်ခြင်းသည် သိက္ခာတော်ရဆရာများသာ လုပ်ရမည့်အလုပ်ဖြစ်သည်ဟု လွဲမှားစွာခံယူထားကြသည်။ အသင်းသားများ၏ တာဝန်မှာ ဘုရားကျောင်းမှန်မှန်တက်ရန်၊ ပွဲတော်မှန်မှန်ယူရန်၊ အလှူငွေထည့်ရန်လောက်သာဖြစ်သည်ဟု နားလည်ထားကြပါသည်။

သိက္ခာရအမှုတော်ဆောင်ဆိုသည်မှာ အသင်းတော်၌ ရာထူးတာဝန်တစ်ခုခု ရယူထားသူ (A person holding an office in the church) ဖြစ်ပါသည်။ အထူးသဖြင့်၊ အသင်းတော်၏ ဝိညာဉ်ရေးရာကို တာဝန်ယူရသူဖြစ်သည်။ သို့သော်အသင်းသားမရှိလျှင် သိက္ခာတော်ရအမှုတော်ဆောင်များ မရှိနိုင်သည်ကို သတိပြုရပါမည်။ အသင်းတော်လူဦးရေ၏ ရာနှုန်းပြည့်နီးပါးသည် အသင်းသားတပည့်တော်များသာ ဖြစ်သဖြင့် အသင်းတော်တိုးတက်ကြီးပွားရန် ၄င်းအထုအထည်ကြီး၏ ပါဝင်လုပ်ဆောင်မှု၊ ဆက်ကပ်အစေခံမှု၊ တာဝန်သိမှုတို့ လိုအပ်နေပါသည်။


တပည့်တော်များမပါဝင်လျှင် အသင်းတော်၏အမှုတော်ဆောင်ခြင်းသည် အောင်မြင်ကြီးပွားမှုရှိမည်မဟုတ်ပါ။ တစ်ဦးတည်းက အရာခပ်သိမ်းကို မသိ၊ မတတ်၊ မကျွမ်းကျင် နိုင်ပါ။ ထို့အတူ တစ်ဦးတစ်ယောက်၏ ကြိုးစားအားထုတ်မှုဖြင့် အစုအဝေးတစ်ခုလုံး မကြီးပွား၊ မတိုးတက်လာနိုင်ပါ။

အသင်းတော်၌ ပညာအရည်အချင်းနှင့်၊ အစွမ်းသတ္တိအများစုကို အသင်းသားများက ပိုင်ဆိုင်ပါသည်။ ထိုကဲ့သို့သော အရည်အချင်းရှိသည့် အသင်းသားများကို အသုံး မပြုနိုင်သောအခါ အသင်းတော်အတွင်း၌ ဦးနှောက်ယိုစီးမှု (Brain drain) ဖြစ်လာပြီး၊ အသင်းတော်အတွက် နစ်နာမှုများ ပေါ်ပေါက်စေပါသည်။

သို့ဖြစ်၍ (၂၁) ရာစုသို့ ဝင်ရောက်ရတော့မည်အချိန်တွင် မြန်မာပြည်ရှိ အင်္ဂလီကန်အသင်းတော်ပိုမိုတိုးတက်ကြီးပွားလာနိုင်ရန်အတွက် အသင်းတော်တပည့်တော်များ၏ အမှုတော်ဆောင်ခြင်းကို ထိထိရောက်ရောက်ဖေါ်ထုတ်ရန်၊ တာဝန်ရှိသူတို့က သင်ကြားပို့ချပေးရန်၊ လက်တွေ့ကျကျကျင့်သုံးသွားရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

စောရှိုးရှို
(စတုတ္ထနှစ်)






တိတ်ဆိတ်သောည အမှောင်ကိုထိုးဖောက်ထွက်ပေါ်လာသော ရထားဥသြသံသည် အဝေးတနေရာဆီမှ ကြားနေရသည်။ ခြေသံပြင်းပြင်းတစ်ခု ကြားရသည်။ တံခါးခေါက်သံကြောင့် "ဘယ်သူလဲ?" ဟု အမေး "ဆရာစိုးပါ" ဟူသော စကားသံကြောင့်ပင် တံခါးဖွင့်လိုက်သည်။ အမှတ်မထင်ရောက်လာသော ဆရာကြောင့် ကိုအောင်ဒင်ပျော်သည်။ သို့သော် သူသည်ကြာကြာမနေ။ နောက်တနေ့ပြန်သွားသည်။

အိမ်ခြေအတော်များသောရွာ ဖြစ်သော်လည်း ခရစ်ယာန်အသင်းသားက နည်းသည်။ လူတိုင်းကိုယ့်အလုပ်နှင့်ကိုယ် ရှိသည်။ အချိန်မပေးနိုင်ကြ။ ဒါတွေအားလုံးသူသိနေသည်။ အားလုံးကသူ့ကို ခင်ကြသည်။ ဆရာမရှိသောအချိန်များ၌ သူဟော၊ ပြော၊ ဦးဆောင်သည်။ အသင်းတော်ကိစ္စအဝဝတို့၌ သူမပါလျှင်မပြီး။ အရာရာ၌ သူ့အပေါ်အားကိုးကြသည်။

အချိန်က နေမဝင်သေး။ သူနှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ ကမန်းကတန်းပြေးလာသော မထွေးထွေး၏အော်သံကြောင့် သူနိုးသွားသည်။ "ဦးအောင်ဒင် ဦးအောင်ဒင် ကျွန်မအမေအရမ်းဖျားနေတယ်။ ဘာလုပ်ရမလဲ။" လူနာဒေါ်လှထွေးဆီ သူရောက်သွားသည်။ သို့သော် အခြေအနေမကောင်း။ နီးရာဆေးရုံသို့ အမြန်ပို့လိုက်သည်။ အစစအရာရာ သူကူညီပေးသည်။ မကြာမီ သက်သာလာသည်။ အခုသူအိမ်၌မရှိ။ ဘုရားကျောင်းသွားနေသည်။ မကြာမီပြန်လာသည်။

သားဖြစ်သူကျော်ကျော် ဆီးပြောသည်မှာ "အဖေ အခုပဲကိုတိုးလာသွားတယ်။ သူ့အိမ်မှာ ကျေးဇူးတော်ချီးမွမ်းပေးဖို့တဲ့။" အိမ်၌ထိုင်ရန် အချိန်မရှိတော့။ သူအမီလိုက်သွားသည်။ မိမိကြောင့် ခရစ်ယာန်ဖြစ်လာသည့် ဇနီးမောင်နှံများ ဖြစ်သည်။ ဇနီးသည် မစန္ဒာက ကိုယ်ဝန်အရင့်အမာ ရှိနေပြီဖြစ်သည်။ သူ မငြီးငွေ့၊ ပျော်သည်။ မိမိဆရာလုပ်သောအလုပ်ကို သူကိုယ်တိုင်လုပ်ဆောင်ရခြင်းအတွက် ကျေနပ်သည်။

ဒီရက်ပိုင်းအတွင်း သူညနေတိုင်း ဘုရားကျောင်းသို့သွားနေသည်။ ဟုတ်ပါသည်။ မကြာမီ ဗတ္တိဇံ ခံယူမည့် မယုံကြည်သူတဦးဖြစ်သောကိုဝင်းကိုအား သမ္မာကျမ်းစာ သင်ကြားပေးသည်။ သင်းအုပ်ဆရာလာမည့် ဒီတနင်္ဂနွေ ဗတ္တိဇံ ခံယူမည် ဖြစ်သည်။ ကိုအောင်ဒင်တစ်ယောက် မအိပ်သေး။ တစ်ခုခုကို နားစွင့်နေသည်။ မကြာမီ နာရီမှညသန်းခေါင်အချက်ပေးသံကြားရသည်။ အတွေးများပို၍ ရှုပ်လာသည်။ ဆရာမလာသည်မှာ သေချာနေပြီဖြစ်သည်။ သူသက်ပြင်းတစ်ချက်နှင့်အတူ မနက်ဖြန်လုပ်မည့်အလုပ်ကို လုပ်ရန်

ဆုံးဖြတ်ချက် ချလိုက်သည်။ နောက်ညနေ ကြေးနန်းစာ ရောက်လာသည်။ အကြောင်းမှာ ဆရာကတော်နေမကောင်း၍ဆရာမလာနိုင်ကြောင်း ရေးသားထားသည်။

ကိုဝင်းကို အရမ်းပျော်နေသည်။ ယနေ့ည သူ့အိမ်တွင် ကျမ်းစာသင်ကြားလေ့လာကြမည် ဖြစ်သည်။ အသင်းသူ/အသင်းသားများ တဖွဲဖွဲလာနေကြသည်။ မကြာမီ ကိုအောင်ဒင်ရောက်လာ၍ သမ္မာကျမ်းစာလေ့လာခြင်းကို အစပြုပါတော့သည်။ သူမရပ်မနားပြောနေသည်။ သူ့စိတ်ထဲတွင် အသင်းတော်ကြီးပွားရှင်သန်ရန် ဆန္ဒပြင်းပြနေသည်။ ထို့ကြောင့် သူမမော။ အင်အား အပြည့်ရှိသည်။

မိသားစု အိမ်မှုကိစ္စများကို လျစ်လျူထားသော သူ့အပေါ်မိသားစုဝင်များက ဗွေမယူ၊ နားလည်ကူညီပေးကြသည်။ ထို့ကြောင့် အသင်းတော်၏ ကိစ္စများဖြစ်သော ဝိညာဉ်ရေး၊ လူမှုရေး စသည်တို့သည် မိမိတို့အသင်းသားများ၏တာဝန်ပင် ဖြစ်လာကြောင်း ဆင်ခြင်မိလာသည်။ ထို့ပြင် မိမိတို့သည် အချင်းချင်း ပိုမို၍ စည်းလုံးသင့်သည်ဟု ခံယူသည်။

သူ၌ သားတစ်ဦးသာ ရှိသည်။ ထို့ကြောင့် သူ့ကို ချစ်သည်။ အသဲနစ်မတတ် ချစ်သည်။ အသင်းသား ဦးကျော်မင်းသည် ဇနီးသည်ဒေါ်ပုကို နှစ်ရှည်လများစွာ ဆေးကုသခံယူနေရသည်။ အကြောင်းမှာ သူသည် ကင်ဆာဖြစ်ကြောင်း ဆရာဝန်ကတဆင့် သိရသည်။ အမှန်မှာ ဦးကျော်မင်းသည် ဇနီးသည်ကို ရူးမတတ်အောင် ချစ်သည်။ သူ့အတွက်ဆို ဘယ်လောက်ကုန်ကုန် သုံးသည်။ ထို့ကြောင့် အိမ်၌ရှိသမျှကုန်နေပြီ ဖြစ်သည်။ လူနာက မသက်သာ ပိုဆိုးလာသည်။

မိသားစုတနိုင်စာ နွားနှစ်ကောင်အတွက် နွားစာရိတ်ရန် ပြင်နေသည်။ သားကျော်ကျော်က မိမိနောက်လိုက်ပါချင်သည်။ တားမိသည်။ မရ။ စားကျက်မြေကောင်းလွန်းလှသည်။ နွားစာ ရိတ်ကောင်းနေသည်။ အနားတွင်သားမရှိ၊ အဝေးတွင် ရောက်နေသည်။ ခဏအကြာ ကျော်ကျော်အသံ ကြားရသည်။ မိမိဆီပြေးလာနေသည်။ သူက "မပြေးနဲ့သား" အဆိပ်ပြန့်လိမ့်မယ်ဟု အော်လိုက်သည်။ ပြီးနောက်အမြန်ပြေးပွေ့လိုက်သည်။ အနီးအနားရှိ ဆေးရုံသို့ရောက်သွားသည်။ သို့သော်အခြေအနေမကောင်း။ ထိုအခြေအနေ၌ပင် ဦးကျော်မင်း၏သမီးဖြစ်သူ 'သူဇာ' ရောက်လာပြီး မေမေအသက်ကယ်ဆေးထိုးရမှာမို့ ငွေတစ်ထောင်လောက်လိုသည်ဟု ပြောသည်။ သူကဇနီးသည်ကို ကြည့်နေသည်။ သို့သော် ဇနီးသည်ကဘာမျှ စိတ်မဝင်စား။ သားဖြစ်သူ ကျော်ကျော်ကိုသာ ငေးကြည့်နေသည်။

ဤအချိန်၌သူဘာမျှ မတတ်နိုင်။ အိမ်မှပါလာသော ငွေလည်းကုန်နေပြီ။ ဆေးဖိုးကုန်ကျစရိတ်က ထင်သည်ထက်များနေသည်။ မည်သူကထိုသူလိုအပ်ချက်ကို ဖြည့်ဆည်းမည်နည်း။ ကျမ်းစာဖတ်ရန်မြတ်နိုးသူပီပီ အနီးရှိမိမိ ကျမ်းစာအုပ်ကို ကိုင်၍ဖွင့်လိုက်သည်။ အမှတ်မထင် အနီရောင်စင်းစင်း စာအိတ်တစ်အိတ်ကို တွေ့သည်။ လက်မနှေးဖွင့်ကြည့်လိုက်စဉ်၊ ငွေ ၁၀၀၀ (တစ်ထောင်) အတိ ရှိနေသည်။ ထို့နောက် အခန်းအပြင်ဘက်သို့ ရောက်နေပြီဖြစ်သော သူဇာနောက်သို့ အမှီလိုက်၍ ပေးတော့သည်။

မကြာမီ ကျော်ကျော်လှုပ်ရှားလာသည်။ ထိုလှုပ်ရှားခြင်းက ကောင်းသောလှုပ်ရှားခြင်း မဟုတ်။ ကျော်ကျော်ကံဆိုးရှာသည်ဟု ဆိုရပေမည်။ ဇနီးသည် မစန်းကိုနှစ်သိမ့်ရင်း ရင်ထဲမှသောကများကို ဖြေသိမ့်သည်။ ထို့နောက် မကြာမီပင် လူတစ်ယောက်က "ဦးအောင်ဒင်၊ဒေါ်ပုဆုံးသွားပြီ" ဟု လာပြောသည်။

သူ့အနားတွင် ဆရာမရှိ။ သူသွားရမည်။ နှစ်သိမ့်မှုကို ပေးရမည်။ သို့သော် သူ့ခြေလှမ်းများက လေးပင်နေသည်။ သူအားယူသည်။ ဝမ်းနည်းပူဆွေးနေကြသောသူများစွာ ရှိသည်။ ယင်းတို့ အလယ်တွင် နှစ်သိမ့်မှုကို ပေးနေသူမှာ အဘယ်မည်သောသူနည်း။ ထိုသူ၏ နှလုံးသားသည် အဘိုးထိုက်သည် မဟုတ်ပါသလော။

ဘရန်ထန်(ဒုတိယနှစ်)



# ဆုတောင်းရန်အချိန်ကျပြီ

၊ထွန်းမြတ်အေး၊



"ကျွန်တော်တို့မိသားစု ဒီနေရာဒီဒေသမှာသားစဉ်မြေးဆက်နှစ်ပေါင်းများစွာနေလာခဲ့ပါသည်။ တစ်ခါခူးဆွတ်လိုက်တိုင်း အဖူးကလေးတစ်ခု ပါမြဲရှိသော အရွက်နှစ်ရွက်ရှိသည့် လက်ဖက်ကို ကိုယ့်လက်နှင့်ကိုယ်ဆွတ်၊ လွတ်လပ်စွာ ဘဝအသက်မွေးခဲ့ကြသည်။ ဇေက်ကြင်သော တောင်ပေါ်လေနှင့် စွတ်စိုထိုင်းမှိုင်းသော ရာသီကြမ်းအောက်မှာ ဘဝကိုရုန်းကန်နေရသော လူတန်းစားပါ။ သီရိလင်္ကာတိုင်းပြည်ကြီး စီးပွါးရေးကောင်းဖို့ ကျွန်တော်တို့ လက်ဖက်ခြံ အလုပ်သမားတွေအပင်ပန်းခံကြရသည်။. . . . ကျွန်တော်တို့ကို 'ကျေးဇူးရှင်အလုပ်သမားကြီးများ' ဟုလည်း ချီးမွမ်းထောပနာပြုသံတွေကိုကြားခဲ့ရတော့ ဝမ်းသာရမလိုလိုပေါ့။

သို့သော် တမီလ်ပြောက်ကျားတို့နှင့် စစ်ဆင်ရေးကိစ္စများ စတင်ဖြစ်ပွါးချိန်မှစ၍ ကျွန်ုပ်တို့ဒေသမှာ တရွေ့ရွေ့ ကြားညပ်ပြီး တထိတ်ထိတ် ဖြစ်ခဲ့ရသည်မှာ အတန်ကြာရှိခဲ့လေပြီ။ ယခုမနက်မှာပင် သက်ဆိုင်ရာဒေသအာဏာပိုင်ရုံးမှ အကြောင်းကြားစာရောက်ရှိလာပါ၏။ နှစ်ရက်အတွင်း ဤနေရာမှ ကျွန်တော်တို့ဖယ်ရှားရမည်၊ ဖယ်ရှားပြီးသည်နှင့် ဤနေရာကို မီးနှင့်တိုက်၍ ဖျက်ဆီးမည်၊ စစ်ရေးအရ လိုအပ်သောစခန်းများဆောက်မည် ဟုလည်းသိရသည်။

"ဘုရားရေ. . . သည်လောက်ဝေးလံခေါင်သီရာအရပ်ကနေ ဘယ်ကိုများ ပြေးရမှာပါလိမ့်. . အဘယ်သို့သော လုပ်ငန်းကိုင်ငန်းနှင့် ဝမ်းစာကို ရှာဖွေရပါလိမ့်. . ."

"ကျွန်တော်တို့မိသားစုအတွက် ဆုတောင်းကြပါ" တဲ့. . . . . ။

*****

ဤကဲ့သို့သော မေတ္တာရပ်ခံ ပန်ကြားသံမျိုးကို ကျွန်တော်ကြားခဲ့ရသည်မှာ ၁၉၉၅-ခုနှစ်၊ နွေနှောင်းရက်တစ်ရက်မှာပင်ဖြစ်ပါသည်။ ၁၉၉၅-ခုနှစ် မေလ (၂၈)ရက်နေ့တွင် အာရှ တနင်္ဂနွေနေ့တွင် မြန်မာနိုင်ငံ

ခရစ်ယာန်အသင်းတော်များကောင်စီအနေဖြင့် အထူးဝတ်ပြုဆုတောင်းစည်းဝေးများ ကျင်းပရန်အစီအစဉ်ရှိသည်။ သို့ဖြစ်၍ ထိုဝတ်ပြုစည်းဝေးများ၌အသုံးပြုရန် အာရှတိုက်အရပ်ရပ်မှ ပေးပို့လာသောအထက်ပါအတိုင်း အထူးဆုတောင်းပေးရန် အချက်များကို ဘာသာပြန်ဆိုပေးပါဟု ကျွန်တော့်အား ဆရာဘဝင်းက လာရောက်အကူအညီတောင်းခံခဲ့လေသည်။

ဆရာဘဝင်း အထပ်လိုက်ပေးသွားခဲ့သောကြောင့် ဖတ်ရှုခွင့်ရရှိခဲ့သော စာပေါင်းများစွာအနက် စစ်ရေး၊ စီးပွါးရေး၊ လူမှုရေးပြဿနာအခက်အခဲများကို အာရှနိုင်ငံအရပ်ရပ်မှာ ခံစားနေခဲ့ရကြောင်း ကျွန်တော်တို့ တွေ့မြင်ရလေသည်။

သီရိလင်္ကာမှာပင် နောက်ထပ် "ဖသီမာ"ဟု သူ့ကိုယ်သူအမည်ဖော်ထားသူ မိန်းကလေးတစ်ယောက်၏စာသည်လည်း စိတ်ထိခိုက်ဖွယ် အလွန်ကောင်းနေသည်ကိုတွေ့ရပြန်၏။

"ကျမကတော့ စစ်ပြေးဒုက္ခသည် 'ဖသီမာ'ပါ။ တစ်ချိန်တုန်းက ကျမတို့ရဲ့တောရွာကလေးမှာ တခြားမိသားစုတွေနဲ့ အတူတူ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ရပါတယ်။ နောက်ပိုင်းမှာ လူမျိုးရေးတိုက်ပွဲတွေဖြစ်ပွါးလာပြီး ကျမတို့နဲ့အတူ အိမ်ထောင်စုအတော်များများကို သူပုန်တပ်တွေက. . 'ထွက်သွား'. . ဆိုပြီး နှင်ထုတ်တာကိုခံရပါတယ်။ ကျမတို့ထွက်ခွါလာခဲ့ရတဲ့ ခရီးကြမ်းကြီးမှာ သက်ကြီးရွယ်အိုနဲ့ သားသည်အမေတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ မကျန်းမာသူတွေဟာ ဒုက္ခအကြီးအကျယ် ရောက်ခဲ့ရပြီး လမ်းမှာတင်ဘဲ တစ်ချို့လဲ သေကျေပျက်စီးကျန်ခဲ့ရပါတယ်။ လွတ်မြောက်ရာနယ်မြေဆိုတဲ့ ဒီအရပ်ကိုရောက်တဲ့အခါကျတော့လည်း နေ့စဉ် မနက် ၅ နာရီမှ၊ ည ၉ နာရီအထိ အလုပ်လုပ်ရတယ်. . . ဝင်ငွေကျတော့ ၅၀ တောင်မပြည့်လို့ မိသားစုတစ်ခုလုံးဟာ မသေထမင်းနဲ့ဘဲ အသက်ဆက်နေကြရပါတယ်။

ကိုယ့်ရဲ့ဇာတိရွာကလေးကို ဘယ်တော့မှ ပြန်ကြရပါ့မလဲလို့ ကျမတမ်းတမိပါတယ်။ ကိုယ်တစ်ခြမ်းသေနေတဲ့ ဖခင်အိုကြီးကို ရွာကမိတ်ဆွေအိမ်က သူတို့ပြုစုပါ့မယ်ဆိုပြီး ခေါ်ထားခဲ့တာကို သူပုန်တွေသိမသွားပါစေနဲ့လို့လဲ ဒီကလှမ်းပြီး မေတ္တာပို့နေရပါတယ်။ အဖေ့ကို သိပ်ချစ်တယ်၊ အောက်မေ့တယ်. . ဘုရားသခင်သနားပါလို့ ကျမအတွက် သတိရတိုင်း ဆုတောင်းပေးပါ။"

*****

စစ်၏ဆိုးကျိုးများကို ခံစားရသည့်လူသားတို့ အနက် ကမ္ဘောဒီးယားလူမျိုး 'ဆိုရာဝပ်' ၏ အဖြစ်ဆိုးမှတ်တမ်းမှာလည်း အလွန်ရင်နင့်ဖွယ်ပင်ဖြစ်သည်။ သူသည် ယုံကြည်သူခရစ်ယာန်တစ်ယောက် ဟုတ်ဟန်မတူပေ။ သူ၏မြည်တမ်းသံ၌ ဘုရားသခင်ကို ဆုတောင်းပေးရန်အကြောင်းကို မတွေ့ရ။ ရိုးရိုးရှင်းရှင်း ရင်ဖွင့်ခြင်းအဆင့်၌သာ ရပ်တန့်သွားသည်ကို တွေ့ရသည်။

ကျွန်တော်ဆိုတဲ့ 'ဆိုရာဝပ်' ဘာကြောင့် လူစဉ်မမီဖြစ်ပြီး နယ်စပ်မှာ တောင်းစားနေရတဲ့ဘဝကို ရောက်ခဲ့ရသလဲ ဆိုတာကို ပြောရရင် တကယ့်အိပ်မက်ဆိုးကြီး တစ်ခုလိုဘဲ. . . .

ကျွန်တော်တို့ ဒေသထဲကို အလံနီကြီးတွေ ထောင်ပြီး ဝင်လာတဲ့လူတွေက. . . မင်းတို့ဟာ အမိနိုင်ငံရဲ့ မျိုးချစ်ကြီးတွေ. . . မင်းတို့ စစ်ဝင်မတိုက်ရင် နိုင်ငံကို သူများတွေကဝင်ပြီး လုသွားလိမ့်မယ်. . . လို့ မြှောက်ပေးတာနဲ့ ၁၆ နှစ်သားအရွယ် ကျွန်တော်လည်း အဟုတ်ကြီးမှတ်. . သူတို့နောက်ကို ကောက်ကောက်ပါအောင်လိုက်. . . သင်တန်းတက်ပြီး စစ်ဝင်တိုက်ပါတယ်. . . နောက်မှ ကျွန်တော်သိလာတယ်. . . . အဲဒါ ကိုယ့်လူမျိုးအချင်းချင်း တိုက်ရတာတဲ့ ခင်ဗျာ. . . သိတဲ့အခါကျတော့လည်း အခုခင်ဗျားတို့မြင်တဲ့ အတိုင်းဘဲ. . . ကျွန်တော့မှာ ခြေထောက် နှစ်ဘက်စလုံးမရှိတော့ဘူး. . . လူလည်း ခွက်ဆွဲပြီး တောင်းစားနေရပြီ. . .။

တိုက်ပွဲအတော်များများမှာ ကိုယ့်ဖက်ကနိုင်တော့ စစ်ထဲဝင်ခါစ သိပ်ပျော်တာဘဲ. . . . လေကလေးတချွန်ချွန်နဲ့ပေါ့. . တစ်နေ့မှာ အလံနီထောင်ထားတဲ့ တဲစခန်းထဲမှာ ကျွန်တော်တို့ကို ပညာပေးနေတဲ့ ခေါင်းဆောင်ကြီးတွေလိုဖြစ်လာလိမ့်မယ် ဆိုပြီးတော့လည်း စိတ်ကူးတွေယဉ်ခဲ့ပါတယ်။



ဘာမှမကြာပါဘူး. . တောထဲမှာကင်းလှည့်ရင်း ငါးမူးစေ့လောက်အပြားကလေးတစ်ခုကို တွေ့လို့ ဖိနပ်ကလေးနဲ့ ကလော်ကြည့်လိုက်တာ "အုန်း" ကနဲ အသံကြီးထွက်လာပြီး သတိလစ်သွားခဲ့ပါတယ်။ တစ်ပတ်လောက်ကြာလို့ ကောင်းကောင်းလည်း သတိရရော. . ခြေထောက်တွေမရှိတော့ဘူး. . .။

လူလည်းအူကြောင်ကြောင်ဖြစ်နေလို့ တောထဲက ဆေးဆရာတွေတိုက်တဲ့ သစ်ရွက်ပြုတ်ရည် ခါးခါးကြီးတွေကို တစ်လလောက်သောက်ရတယ်. . ဆီးယိုတွေလည်း ပါးစပ်ထဲကို အတင်းထိုးထည့်လို့ တစ်ကိုယ်လုံးချဉ်စုပ်နေတာဘဲ။ အဲ. . နေလည်းကောင်းရော. . . 'မင်းကို ဒို့အလံနီ မျိုးချစ်တပ်မတော်ကနေ ပိုက်ဆံတစ်ပြားမှ မပေးနိုင်သော်လည်း ဂုဏ်ပြုမှတ်တမ်းတင်၍ အနားယူခွင့်ပြုလိုက်သည်. . . ငါတို့နယ်မြေအတွင်း လွတ်လပ်စွာ တောင်းရမ်းစားသောက်စေ'. . . တဲ့။ "ကယ်တော်မူကြပါခင်ဗျာ. . . ကယ်တော်မူကြပါ"

******

အကယ်စင်စစ် ဆိုရာဝပ်၏ ရင်နင့်ဖွယ်အသံကို မူရင်းအတိုင်းကြားရသူတစ်ယောက်ယောက်က မှတ်တမ်းပြုပြီး ရေးသားပေးပို့လိုက်ခြင်း ဖြစ်ရပါလိမ့်မည်။

ယခုအချိန်၌ ကမ္ဘောဒီးယားနိုင်ငံတွင် ပြည်တွင်းစစ်ကြီးစဲ၍ ငြိမ်းချမ်းရေးကို တည်ဆောက်လျက်ရှိနေပြီ. . . .

ခြေပြတ်ဒုက္ခိတကြီး 'ဆိုရာဝပ်' တစ်ယောက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေဟု ကျွန်တော်ကတော့ ဆုတောင်းပေးနေမိဆဲပင်. .။

*****

ကျွန်တော်ဖတ်ခဲ့ရသောစာများအနက် နောက်ထပ်စာတစ်စောင်ကတော့ လူမှုရေးအနိဋ္ဌာရုံကြားမှ သနားဖွယ် မိန်းကလေးတစ်ယောက်၏ ရင်နင့်ဖွယ်အသံဖြစ်သည်။ စီးပွါးရေးအကျပ်အတည်းများကြားမှ ဘဝပျက်သွားခဲ့ရသူ ထိုမိန်းကလေး၏ သက်သေခံချက်ကို ဖိလိပိုင်နိုင်ငံ ဘာသာရေးစာစောင်တစ်ခုမှ ကိုးကားဖော်ပြထားကြောင်းကို တွေ့ရသည်။ ဝတ္ထုဆန်ဆန်တိုတိုတုတ်တုတ် ရေးသားထားပုံကလေးသည် ဖောက်ပြန်ပျက်စီးနေသော လူ့အဖွဲ့အစည်း၏ သရုပ်ကို ကောင်းစွာ ထင်ဟပ်စေလေသည်။

"အမ်မာရေ. . မင်းအခု ဘယ်မှာလဲ. . . အရှေ့အလယ်ပိုင်းက သူဌေးနိုင်ငံကြီးတွေမှာ ပိုက်ဆံရှာမယ်ဆိုပြီး မင်းထွက်သွားခဲ့တယ်။ အကယ်၍သာဒို့တစ်တွေအတူတကွ ကိုယ့်တိုင်းပြည်မှာဘဲ ကိုယ်ရုန်းကန်ကြမယ်ဆိုရင် ငါ့ရဲ့ဘဝဟာလည်း ခုလို ပျက်စီးမှာမဟုတ်. . . မင်းအတွက်လည်း အမျိုးမျိုးတွေးပြီး ပူပန်စရာလိုလိမ့်မယ်မဟုတ်ဘူးလို့ အမှောင်ခန်းကြီးတစ်ခုထဲမှာ ငါ့ဖာသာငါတွေးယင်း မျက်ရည်တွေတောက်တောက်ကျနေမိတယ်ကွာ။"

ကျမငိုရှိုက်သံများကို 'အမ်မာ' ကြားနိုင်မည်မထင်သော်လည်း ဘုရားသခင်ကြားလိမ့်မည်ဟု ကျမ အလေးအနက် ယုံကြည်ပါသည်။

ကျမတို့ မိသားစုမှာ စီးပွါးရေးအခက်အခဲတွေရင်ဆိုင်ရသဖြင့် 'အမ်မာ'တစ်ယောက် တိုင်းတစ်ပါး

သို့ထွက်ခွါသွားပြီး စွန့်စားခန်းဖွင့်သည်။ ကျန်ခဲ့သော ကျမတို့ ဆက်လက်၍ ဆင်းဆင်းရဲရဲဖြစ်နေစဉ် ဖေဖေသည်ကျမတို့ကို ဂရုမစိုက်ဘဲ အရက်တွေကို နေ့ညဉ့်မပြတ်သောက်နေသည်။

စိတ်ဓါတ်ကျဆင်းလွန်းလှသဖြင့် အလုပ်အကိုင်ပေါသည်၊. . . စီးပွါးရေး အဆင်ပြေသည်ဟု. . . နာမည်ကြီးသောမြို့တစ်မြို့သို့ ကျမထွက်လာပြီး. . . အလုပ်အကိုင်ရှာဖွေနေစဉ်. . . . . သားသားနားနားရှိသော လူကြီးလူကောင်းပုံစံနှင့် လူတစ်ယောက်က ကျမကိုအလုပ်အကိုင် ရှာဖွေပေးမည်ဟုဆိုလျက်. . . ဈေးသုံးအဖြစ် ပိုက်ဆံများပေးသည်။ ကြင်နာတတ်ဟန်ရှိသော ထိုသူကို ကျမ အမှန်တစ်ကယ်ပင်အထင်ကြီး၍ ကျေးဇူးရှင်ကြီးပမာ သဘောထားပါသည်။

မကြာပေ. . . ကျမကို သူ၏ဟိုတယ်အခန်းသို့ ဖိတ်ခေါ်လျက် အစားအသောက်များကိုမှာယူကျွေးမွေးရာ. . . စားသောက်နေဆဲမှာပင် ကျမ လူမှန်းသူမှန်းကောင်းစွာမသိလောက်အောင် မူးယစ်သွားရပြီး ထိုသူ၏ အတင်းအကြပ် ဗလက္ကာယပြုကျင့်မှုကို ခံရပါတော့သည်။ ရှက်ကြောက်၍မဆုံးနိုင်. . . လူမဆန်သည့် အပြုအမူမျိုးတွေကို ပြုလုပ်ရုံသာမက သူ့မိတ်ဆွေတစ်ယောက်ကလည်း ဓါတ်ပုံတွေအမျိုးမျိုးရိုက်ယူသည်ကို ကျမခံလိုက်ရပါ၏။

ကျမဘဝတစ်ခုလုံးသွားပါပြီ. . . .

ကျမကို သူတို့သည် ကားတစ်စင်းနှင့်ခေါ်သွားသည်။ မှောင်နေသောအခန်းတစ်ခုထဲသို့ ထည့်ထားသည်။ သော့ခတ်ထားသည်။ ကျမဘာမျှမတတ်နိုင်ပါ။

"ဘယ်လိုနည်းနဲ့ လွတ်လမ်းကို ရှာရပ့ါမလဲ. . . သည်ငရဲဘုံကနေလွတ်အောင် ဘယ်ကိုပြေးရပ့ါမလဲ၊" . . . စသည်စသည်ဖြင့် ကျမတွေးရင်း ဆက်လက် ငိုရှိုက်နေမိဆဲ. . . . . ။

သူတို့၏ ဘွတ်ဖိနပ်သံတွေ. . . သော့ဖွင့်သံတွေကိုကြားရပြန်လေပြီ. . . . ကျမကြောက်လွန်းအားကြီး၍ နောက်ထပ်တစ်ခါ သတိလစ်သွားရပြန်ပြီကော. . ။

*****

နှစ်တို့ လွန်ခဲ့ပြီအမှန်. . . သို့သော်လည်း ထိုအသံဗလံတို့ကို ကျွန်တော်မမေ့နိုင်. . . . .

**အာရှအသင်းတော်တို့သည် အာရှအတွက် ဆုတောင်းရသလို၊ ကမ္ဘာတစ်ဝှမ်းလုံးအတွက် ဆုတောင်းပေးရန်လိုအပ်နေပါပြီ။** . . . . လက်တင်အမေရိက၊ အာဖရိက၊ ဥရောပတို့၌လည်း မိမိတို့ဒေသအတွက်သာမက ကမ္ဘာတစ်လွှားဖြစ်ပွါးနေသည့် အနိဋ္ဌာရုံများအတွက် ဆုတောင်းရန် အချိန်ကျပြီဟု ကျွန်တော်ဆိုချင်ပါသည်။ အချိန်ကျပြီဟု ကျွန်တော်ဆိုသည်ကို အချိန်နောက်ကျနေပြီဟု ပြင်ဆင်မည်ဆိုလျှင်ပင် လက်ခံရမည်လား ကျွန်တော်မပြောတတ်ပါ။

မည်သို့ပင်ဖြစ်စေ. . . . . .

အာမုတ် အနာဂတ္တိကျမ်းမှ အလွန်အံ့ဩဘွယ်သောအနာဂတ္တိစကားတစ်ခုကို ကျွန်တော် ဤအပိုင်း၌ သတိများစွာ ရမိသည်။

**အာမုတ် ၇း၄-၇ ကိုကြည့်ပါ။. . .**

***"တစ်ဖန် အရှင်ထာဝရဘုရားသည် ငါ့အားပြတော်မူသော ရူပါရုံဟူမူကား မီးဖြင့် ဒဏ်ပေးခြင်းငှာ မီးကိုခေါ်တော်မူ၍ မဟာသမုဒ္ဒရာကို မီးလောင်လေ၏။ ကုန်းကိုလည်း လောင်လေ၏။ ငါကလည်း အို. . အရှင်ထာဝရဘုရား၊ ဆိုင်းတော်မူပါ။ ယာကုပ်သည် ငယ်သောကြောင့် အဘယ်သို့ ထရပါလိမ့်မည်နည်းဟု လျှောက်သော်၊ အရှင်ထာဝရဘုရားသည် နောင်တရ၍၊ ဤသို့မဖြစ်ရဟု မိန့်တော်မူ၏။"*** . . . . တဲ့။

သူစီရင်သဖြင့် မပြင်နိုင်လောက်အောင်ရှိသော ပျက်စီးခြင်းမျိုးကို အဘယ်လူသားကမှ 'ဤသို့မဖြစ်ရ' ဟူ၍ ပြောလို့မရ။ သူကိုယ်တိုင်ကသာလျှင် ပြောင်းပြန်၊ ပြန်၍လုပ်နိုင်သည်ကို ဤအနာဂတ္တိသည် ထင်ရှားစွာ ဖော်ပြနေပါသည်။

"ဆုတောင်းရာအရပ်သို့ သွားကြစို့။"

ထွန်းမြတ်အေး



# "ညီငယ်အတွက်ပြန်စာ"

*ဇေယ (မိုးကောင်း)*

ညီငယ် ...

၃၀-၇-၉၉

မင်းရေးလိုက်တဲ့စာကို ၁၅-၆-၉၉ နေ့က ကောင်းမွန်စွာ လက်ခံရရှိပါတယ်။ ဒါပေမယ့် ချက်ချင်း စာပြန်ဖို့ အလုပ်မအားနေလို့ခုမှပဲ ပြန်လိုက်ရတယ်။ မင်းစာထဲမှာ ထည့်မေးထားတဲ့ 'လက်မထပ်ပဲနဲ့ မွေးလာတဲ့ကလေး' ကိစ္စကိုလဲ ငါသိသလောက် ပြောပြပေးလိုက်တယ်။

ဓမ္မရာဇဝင်ဒုတိယစောင် အခန်းကြီး (၁၁)မှာ ဒါဝိဒ်မင်းကြီးနဲ့ ဗာသရှေဘတို့ရဲ့ မှားယွင်းခြင်းအကြောင်း တွေ့ရတယ်။ ဒါဝိဒ်နှင့် ဗာသရှေဘတို့ဟာ ဘုရားရှေ့မှာ တရားဝင်လက်ထပ်ခြင်း မပြုပဲ သားယောကျ်ားကို ဖွားမြင်ခဲ့တယ်။ တရားဝင်လက်ထပ်ထိမ်းမြားခြင်းမရှိပဲ မွေးလာတဲ့ကလေး ပေ့ါကွာ။ တကယ် တော့ ဒါဝိဒ်ဟာ သူ့မယားကိုပြစ်မှားသူ ဖြစ်တယ်။ တနည်းအားဖြင့် သူတရားဝင်လက်မထပ်ထားတဲ့ အမျိုး သမီးတစ်ဦးနဲ့ ကျူးလွန်ခဲ့ခြင်းပဲ။

လက်မထပ်ပဲ ကျူးလွန်ခြင်းဟာ သူတပါးသားမယားနဲ့လဲ ဖြစ်နိုင်တယ်။ ကိုယ့်ရဲ့ ချစ်သူရည်းစားနဲ့လည်း ဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီနေရာမှာ ပြောချင်တာက ဘုရားရှေ့၊ လူရှေ့တရားဝင်လက်မထပ်ထားပဲ ဆက်ဆံပြီးတော့ ပဋိသန္ဓေရလာတဲ့ ကိစ္စပါ။ ဒါဝိဒ်အကြောင်းပြန်ဆက်ရရင် သူဟာ ဥရိယသေပြီးနောက် ဗာသရှေဘကို တရားဝင်လက်ထပ်ယူလိုက်တယ်။ သားယောကျ်ားမွေးတယ်။ ရှောလုမုန်အရင်မွေးတဲ့ ကလေးပေ့ါ။ ဒါပေမယ့် ဘုရားက အဲဒီကလေးကို အသက်ရှင်ခွင့် မပြုခဲ့ဘူး။ ပြင်းစွာသောဝေဒနာကို ခံရပြီး သူငယ်သေပါတယ်။

ညီငယ် ... ဒီနေ့ဘက်ခေတ်မှာ အချို့သောချစ်သူစုံတွဲများမှာ လက်မထပ်ခင် ပဋိသန္ဓေရှိလာတဲ့ကိစ္စတွေ တွေ့နေရ၊ ကြားနေရတယ်။ တရားဝင်လက်မထပ်သေးပဲ အတူနေထိုင်ခြင်း (Living together)၊ အဲသလို နေထိုင်လို့ ကလေးရလာခြင်းတို့ဟာ အနောက်နိုင်ငံတွေမှာတော့ အစဉ်အလာလို ဖြစ်နေတယ်။ ဒါပေမယ့် မြန်မာ့ယဉ်ကျေးမှု အမြင်နဲ့ကြည့်ရင်ပဲဖြစ်ဖြစ်၊ ခရစ်ယာန်တို့ရဲ့ သမ္မာကျမ်းစာသွန်သင်ချက်ရှုထောင့်နဲ့ ကြည့်ရင်ပဲဖြစ်ဖြစ်၊ အဲသလို အခြေအနေတွေကို ဘယ်လိုမှ လက်ခံနိုင်စရာ မရှိဘူး။

တရားဝင်လက်ထပ်ခြင်း မပြုပဲရလာတဲ့ကလေးကို ကချင်လူမျိုးတွေက "အင်ဂိ" (Ngyi) လို့ခေါ်ကြတယ်။ အဲဒီကလေးဟာ မျိုးနွယ်စုထဲမှာ အင်မတန်မှ မျက်နှာငယ်ရပါတယ်။ ထိုက်တန်တဲ့ တာဝန်တွေ၊ မြင့်မြတ်တဲ့ ရာထူးတွေကို ထမ်းဆောင်ခွင့် မရှိဘူး။

ဘုရားသခင်က အသရေရှိစွာ လက်ထပ်ပြီးတော့ သားသမီးရယူဖို့ အခွင့်ပြုပြီးဖြစ်တာကို မင်းလဲသိမှာပေ့ါ။ ဘုရားရှေ့၊ လူရှေ့ လက်ထပ်ထိမ်းမြားခြင်းဆိုတာ မှန်ကန်သိက္ခာရှိတဲ့အစီအစဉ်လေ။ လက်မထပ်သေးပဲ (ဒါမှမဟုတ်) ကိုယ်လက်ထပ်ထားသူနဲ့ မဟုတ်ပဲ ကျူးလွန်ဆက်ဆံခြင်းဟာ ဘုရားသခင်ရဲ့ ညွှန်ကြားချက်မပါတဲ့ မေထုန်မှုဖြစ်တယ်။ အဲသလိုပြုကျင့်ခြင်းဟာ မတရားသောမေထုန်ဖြစ်ပြီး ဘုရားသခင်ရဲ့ နိုင်ငံတော်ကို အမွေမခံရလို့ ကျမ်းစာမှာ ရေးထားတယ်(၁ကော ၆း၉-၁၀)။ ဒါကြောင့် အဲသလိုပြုပြီး ရလာတဲ့ ကလေးဟာလဲ ဘုရားအလိုတော်မပါသော မွေးဖွားခြင်းပဲဖြစ်မယ်လို့ ငါဆိုချင်တယ်။

"လက်မထပ်ပဲမွေးလာတဲ့ကလေး" ဟာ အဖေပေါ်တာပဲဖြစ်ဖြစ်၊ မပေါ်တာပဲဖြစ်ဖြစ်၊ ဘုရားရှေ့၊ လူရှေ့ အသရေတင့်တယ်ခြင်းရှိမှာ မဟုတ်ဘူး။ တကယ်တော့ ဒီဖြစ်ရပ်အတွက် ကလေးမှာတာဝန်မရှိပါ။ အဓိက တာဝန်ရှိသူတွေဟာ မိဘ (၂) ဦးပဲ။ ပြီးတော့ ဒီကလေးဟာ ကိုယ့်ရဲ့မျိုးဆက်ဖြစ်တယ်ဆိုတာ မမေ့သင့်ဘူးပေ့ါ။

ညီငယ် ... အဲဒီတော့ အခုငါရေးပေးလိုက်တာတွေကို သေသေချာချာဖတ်ပြီး လူငယ်တယောက်ဖြစ်တဲ့ မင်းရဲ့အသက်တာမှာ ဘုရားရှေ့၊ လူရှေ့ အသရေရှိသော မျိုးဆက်ကို တည်ဆောက်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

*မင်းရဲ့*

*ကိုကြီး*

# သခင့်ခေါ်သံနာခံပါလော့၊ သတင်းမင်္ဂလာကြေညာပါလော့။

ဘုန်းတော်ကြီးစတီဗင်သန်းမြင့်ဦး

## ၁။ စကားပြောသောဘုရားသခင်

ချစ်ဆွေတို့၊ ဘုရားသခင်ဟာ ကျောက်ဘုရား။ သစ်သားဘုရား၊ ကြေးဘုရား၊ သံဘုရား၊ စိတ်ကူးယဉ် ဒဏ္ဍာရီထဲကဘုရားမဟုတ်ပါဘူး။ အသက်ရှင်သော ဘုရား (တရား ၅း၂၆၊ ၁သက် ၁း၉)၊ ဝိညာဉ်ဘုရား (ယော ၄း၂၄) ဆိုတဲ့ ပုဂ္ဂိုလ်တော်မြတ် ဖြစ်ပါတယ်။ "စကားပြောတဲ့ဘုရားသခင်"ဖြစ်ပါတယ်။ ထိုစကား (နှုတ်ကပါတ်တော်)ဟာ တန်ခိုးဖြစ်ပါတယ်။ ဘုရား သခင် စကားပြောလို့ စကြာဝဠာကြီး ဖြစ်ပေါ်လာရ တယ်မဟုတ်ပါလား။(ကမ္ဘာ ၁း၁-၃၀)။

## ၂။ ဘယ်လိုစကားပြောလဲ

ချစ်ဆွေတို့၊ ဘုရားသခင်ဟာ ကမ္ဘာဦးကစပြီး ခေတ်အဆက်ဆက်၊ လူတွေကို နည်းအမျိုးမျိုးနဲ့ စကား ပြောခဲ့ပါတယ်။ နောင်လည်းပြောနေမှာဘဲ၊ ထာဝရ ကာလမှာလည်းပြောနေမှာဘဲ။

### (က) ဓမ္မဟောင်းခေတ်

ဓမ္မဟောင်းခေတ်မှာ ဘုရားသခင်ကလူကို တိုက် ရိုက်စကားပြောပါတယ်။(သတိပြုဖို့က လူတိုင်းကို မဟုတ်ပါ)။ (၁)ပညတ္တိကျမ်းများ (ကမ္ဘာဦး၊ ထွက် မြောက်ရာ၊ တောလည်ရာ စသည်ဖြင့်)၊ (၂) ဉာဏ် ပညာဆိုင်ရာကျမ်းများ (ဆာလံ၊ ဒေသနာ စသည်ဖြင့်)၊ (၃) ပရောဖက်ကျမ်းများ(ဟေရှာယ၊ ယေရမိစသည် ဖြင့်) စတဲ့ ဓမ္မဟောင်းကျမ်းရဲ့ အဓိကအပိုင်းကြီး(၃) ပိုင်းစလုံးမှာ တွေ့နိုင်ပါတယ်။(ထွက် ၂၀း၁-၄၊ တော လည် ၃၀း၂၀၊ ဆာလံ ၉၅း၇၊ ယေရမိ ၁၃း၁၀)။ အာဒံ၊ ဧဝနဲ့ ဧဒင်ဥယျာဉ်မှာ (ကမ္ဘာ ၁း၂၈-၃၀၊ ၃း၉-၁၉)။ အာဗြဟံနဲ့ (ကမ္ဘာ ၁၈း၁-၂၃)။ မောရှေနဲ့ မီးလောင် နေတဲ့ ခြုံပုတ်အားဖြင့်(ထွက် ၃း၁-၄း၂၃) စသည်ဖြင့် ဘုရားသခင်ဟာ လူနဲ့တိုက်ရိုက်စကားပြောတာကို၊ မျဉ်း လိုက်တားမယ်ဆိုရင် ကျမ်းစာတစ်အုပ်လုံးနီးပါးဟာ မျဉ်းကြောင်းတွေနဲ့ ပြည့်ကုန်ပါလိမ့်မယ်။

ဓမ္မဟောင်းခေတ်မှာဘဲ ဘုရားသခင်ဟာ မိမိ ပြောချင်တဲ့စကားများကို ပရောဖက်များရဲ့ နှုတ်ကတစ် ဆင့် ပြောခဲ့ပါသေးတယ်။(ဟောရှာ ၁း၁- ။ ယေရမိ ၁း၄- ။ ယေဇကျေ ၂း၁- ။) ပရောဖက်ကျမ်းတိုင်းကို ဖတ်ကြည့်ရင် တွေ့နိုင်ပါတယ်။

အဖြစ်အပျက်၊ အခြေအနေ၊ သဘာဝတရား၊ သဘာဝလွန်တဲ့နည်းစသည်ဖြင့် နည်းမျိုးစုံနဲ့သွယ်ဝိုက် ပြီးလည်း ဘုရားသခင်ဟာ စကားပြောပါသေးတယ်။ (တောလည် ၂၂း၂၈။ ထွက် ၂၀း၁၈-၂၆,၁၃း၂၁-၂၂)

### (ခ) ဓမ္မသစ်ခေတ်

ဓမ္မသစ်ခေတ်မှာ သားတော်ယေရှုနဲ့လည်းကောင်း (မဿဲ ၃း၁၇၊ မာကု ၉း၇၊ ယောဟန် ၁၂း၂၈)။ ရှင်ပေါ လုကိုလည်းကောင်း(တမန် ၉း၄၊ ၂၆း၁၄-၂၈)။ အာနနိ ကိုလည်းကောင်း (တမန် ၉း၁၁-၁၆)။ ပေတရုရဲ့ရူပါရုံ မှာလည်းကောင်း(တမန် ၁၀း၁၃)စသည်ဖြင့် ဘုရားသ ခင်ဟာ တိုက်ရိုက်စကားပြောခဲ့ပါတယ်။ ဘုရားဖြစ်တဲ့ သားတော်ယေရှုရဲ့ စကားတော်တွေဟာလည်း ဘုရား ကလူကိုတိုက်ရိုက်ပြောတဲ့စကားတွေပါဘဲ(မဿဲ ၅း၂၂၊ ယောဟန် ၆း၆၃၊ ၁၄း၁၀)။ ဓမ္မသစ်ခေတ်မှာ ရှင်ပေါလု အပါအဝင်၊ ပေတရု၊ ယောဟန်၊ ယာကုပ် စတဲ့ တမန် တော်ကြီးများအားဖြင့်လည်း ဘုရားသခင်က စကား ပြောပါသေးတယ်(မဿဲ ၁၀း၁၉-၂၀၊ လုကာ ၁၀း၁၆၊ ယောဟန် ၁၇း၈၊ တမန် ၂၄၁၊ ၄း၂၉၊ ဂလာတိ ၁း၁၁- ၁၂)။ နည်းမျိုးစုံနဲ့ ဘုရားသခင်စကားပြောတာမျိုး လည်း ဓမ္မသစ်မှာတွေ့ရပါတယ်(ရောမ ၁း၁၉-၂၀)။

### (ဂ) ယခုခေတ်

ချစ်ဆွေတို့၊ ယခုခေတ်မှာလည်း ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ကိုးစား၍ ဆုတောင်းခြင်း၌ အားကြီးသူများကို ဘုရားသခင်က တိုက်ရိုက်သော် လည်းကောင်း(ဥပမာ- တောင်ကိုးရီးယားမှ ဒေါက်တာ ယုံဂီချို)၊ ရူပါရုံ၊ အိပ်မက်အားဖြင့်သော်လည်းကောင်း၊ သြတပ္ပစိတ်နဲ့ ဘုရားသခင်ကိုစဉ်းစားဆင်ခြင် ကမ္ဘ ဌာန်းရှုခြင်း၌လည်းကောင်း ဘုရားသခင်က စကား ပြောနေပါတယ်။ သဘာဝအဖြစ်အပျက်၊ သဘာဝလွန် အဖြစ်အပျက်၊ အခြေအနေတိုင်းနဲ့လည်း စကားပြော နေပါတယ်။ (ငလျင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ စစ်ဖြစ်ခြင်း)

ချစ်ဆွေတို့၊ ယခုခေတ်မှာ လူတိုင်းကို ဘုရားသခင် က စကားပြောတဲ့ အဓိကနည်းလမ်းကတော့ သမ္မာ ကျမ်းစာအားဖြင့်ပါဘဲ။ သမ္မာကျမ်းစာကိုရှိသေ လေး နက်စွာဖတ်ရှုသူကို လည်းကောင်း၊ အခြားသူဖတ်သည် ကို နားထောင်သူကိုလည်းကောင်း၊ သမ္မာကျမ်းစာက စာလုံးဝေါဟာရများကတစ်ဆင့်သန့်ရှင်းသော ဝိညာဉ် တော်ရဲ့ လှုပ်ရှားမှုနဲ့ ဘုရားသခင်က စကားပြောနေ ပါတယ်။(ဟေဗြဲ ၄း၁၂။ ဧဖက် ၆း၁၇)။

အသင်းတော်အားဖြင့် စစ်မှန်သောဓမ္မ အမှုတော် ဆောင်များအားဖြင့်လည်း ဘုရားသခင်က စကားပြော နေပါတယ်။

## ၃။ သခင့်ခေါ်သံနာခံပါလော့

ဝမ်းနည်းစရာကောင်းတာက ဓမ္မဟောင်းခေတ် မှာရော၊ ဓမ္မသစ်ခေတ်မှာရော၊ ယခုခေတ်မှာပါ လူများ စုကြီးဟာ(ယုံကြည်သူအများစုအပါအဝင်)ဟာ၊ စကား ပြောတဲ့ဘုရားသခင်ရဲ့စကားကို နားမထောင်ကြခြင်း၊ မကြားကြခြင်းပါဘဲ။ အချို့က လုံးဝကိုနားမထောင်ချင် သလို အချို့က ကြားရဲ့သားနဲ့ မနာခံမလိုက်လျှောက် ဘဲရှိနေကြပါတယ်။

ကမ္ဘာပေါ်မှာ လူသားတွေကြုံတွေ့နေရတဲ့ ဆင်းရဲ ဒုက္ခပြဿနာများရဲ့အရင်းအမြစ်ဟာ ဘုရားသခင်ရဲ့ စကားကိုနားမထောင်ခြင်းပါဘဲ။ ပြောင်းပြန်ပြောရယင် ကမ္ဘာမှာကြုံတွေ့နေရတဲ့ ဆင်းရဲဒုက္ခပြဿနာအားလုံး ကို ပြေလည်စေမဲ့အကြောင်းရင်းကတော့ လူသားအား လုံးဟာ ဘုရားရဲ့စကားကို နားထောင်ဖို့ပါဘဲ။

ဒီအတွက်ယုံကြည်သူတိုင်းမှာ တာဝန်ရှိပါတယ်။ ဘုရားသခင်က တစ်လောကလုံးရဲ့ ငြိမ်းချမ်းရေး၊ လူသားအားလုံးလွတ်မြောက် ကယ်တင်ခြင်းရရှိရေး အတွက် ချစ်ဆွေကို ယနေ့ခေါ်နေပါတယ်။ ကဲဘယ်လို လုပ်ကြမလဲ။ ရှမွေလလို ***"အို ထာဝရဘုရား၊ အမိန့်ရှိ တော်မူပါ။ ကိုယ်တော့်ကျွန် ကြားပါသည်"*** ဆိုတဲ့ နိုးကြားစွာ ဘုရားသခင်ရဲ့စကားသံကို စောင့်မျှော် နားထောင်တတ်တဲ့ သဘောမျိုးရှိကြရပါမယ်။

## ၄။ သတင်းမင်္ဂလာ ကြေညာပါလော့

ဘုရားသခင်က လူတွေကိုပြောတဲ့ စကားတွေထဲ မှာ နောက်ဆုံးနဲ့ အရေးအကြီးဆုံး စကားကတော့ ဧဝံဂေလိသတင်းကောင်းကို မြေကြီးစွန်းတိုင်အောင် သက်သေခံဝေမျှပြီး လူတွေကို ကယ်တင်ခြင်းထာဝရ အသက် ရရှိစေဖို့ပါဘဲ။ (မဿဲ ၂၈း၁၉-၂၀။ မာကု ၁၆း၁၅-၁၈။ လုကာ ၂၄း၄၆-၄၈၊ တမန် ၁း၈)။

ဒါက ယုံကြည်သူတိုင်းကို ပြောသွားတဲ့စကား ဖြစ် ပါတယ်။ ယုံကြည်သူတိုင်းမဖြစ်မနေ လုပ်ဖို့အတွက် အမိန့်ပေးသွားတဲ့ မဟာစေစားချက်လည်း ဖြစ်ပါတယ်။ ဒီအတွက် ယုံကြည်သူများအဖြစ် ချစ်ဆွေတို့ကို ဘုရား သခင်ကခေါ်ယူထားခြင်းဖြစ်ပါတယ်။

ကဲဘယ်လို လုပ်ကြမလဲ။

ဟေရှာယလို ***"ကျွန်ုပ်ကိုစေလွှတ်တော်မူပါ"*** လို့ နိုးကြားတက်ကြွစွာ ဖြေဆိုဖို့ မသင့်ကြပေဘူးလား။ (ဟေရှာယ ၆း၈။ ၅၀း၄-၉)။

မေတ္တာဖြင့်

ဘုန်းတော်ကြီးစတီဗင်သန်းမြင့်ဦး

# H.C.Y နဲ့ တွေ့ဆုံခြင်း



(၂၁)ရာစုမှာ ကျွန်တော်တို့ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်အားကြိုးမာန်တက်လုပ်ရမယ့် အလုပ်ကတော့ Mission and Evanglism ပါပဲ။ အဲဒီလုပ်ငန်းအတွက် (၁၀) ခုနှစ်တစ်ခုကို အထူးရွေးချယ် ထားခဲ့ကြတယ်။ ဒီ (၁၀) စုနှစ်ကာလကလဲ ပြည့်မြောက်ဖို့ (၁)နှစ်ကျော်ပဲလိုတော့တယ်။ ဒီအချိန်မှာ ကျွန်တော်တို့ အတု ယူစရာများစွာထဲကတစ်ခုကို တင်ဆက်လိုက်ပါတယ်။ အဲဒါကတော့ ရန်ကုန်သာသနာပိုင်နယ်၊ သန့်ရှင်းသော ကားတိုင် အသင်းတော်၊ အင်္ဂလီကန်လူငယ်များအသင်း (H.C.Y) ရဲ့ ဧဝံဂေလိလှုပ်ရှားမှု အကြောင်းပါပဲ။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရှာလုမ်မဂ္ဂဇင်းအနေနဲ့ H.C.Y ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ကိုအောင်မြတ်ငွေး၊ ဝတ်ပြုကိုးကွယ်ခြင်း သဘာပတိ ကိုဂျွန်နီထွန်းထွန်းနိုင်တို့နဲ့ တွေ့ဆုံစကားပြောဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ပြောဆိုခဲ့တာလေး နားထောင်ကြည့်ပါဦး။

* ရှာလုမ် ။ ။ **H.C.Y ရဲ့လက်ရှိလုပ်နေတဲ့ Mission လုပ်ငန်းကို သိပါရစေ။**

● ကိုအောင်မြတ်ငွေး ။ ။ ကျွန်တော်တို့ H.C.Y ဟာရခိုင်ရိုးမ၊ တောင်ကုတ်မြို့နယ်အတွင်းရှိ မယ်ဇလီ ကျေးရွာမှာ Mission Area အဖြစ် လုပ်ဆောင်လျက် ရှိပါတယ်။

* **ဆောင်ရွက်ပုံကိုသိပါရစေ။**

● ကျွန်တော်တို့ H.C.Y လူငယ် (၂၂) ဦးပါဝင်တဲ့အဖွဲ့ဟာ ၁၉၉၇ မတ်လနှင့် ဧပြီလတွေမှာ ပြည်၊ ရှင်မသိ ဘုန်းကြီးပိုင်နယ်အတွင်းက ရွာ (၄) ရွာကိုဦးတည်ပြီး တစ်လကြာနီးကြားရေးနှင့် သက်သေခံခြင်း အစီအစဉ် ပြုလုပ်ခဲ့ပါတယ်– အဲဒီ (၄) ရွာထဲက မယ်ဇလီရွာဆိုတာ ခရစ်ယာန်လုံးဝ မရှိသေးဘူး၊ ကျွန်တော်တို့ သက်သေခံဟောပြောခြင်းအားဖြင့် အဲဒီခရီးစဉ်အချိန်မှာပဲ အဲဒီရွာကလူငယ် (၃) ဦးပြောင်းလဲပြီး ဗတ္တိဇံမင်္ဂလာ ခံယူခဲ့ပါတယ်။



* **ဗတ္တိဇံမင်္ဂလာကို ဘယ်သူပေးခဲ့ပါသလဲ ?**

● ကျွန်တော်တို့ ဒီခရီးစဉ်မှာ ပါဝင်ဦးဆောင်တာက လူငယ်တွေပဲဖြစ်ပါတယ်။ ဒါပေမယ့် 'ပြည်' ကိုရောက် တဲ့အခါ အဲဒီကဘုန်းတော်ကြီး တစ်ပါးဖြစ်တဲ့ ဆရာဆလိုင်းစိုးလွင်က ကျွန်တော်တို့နှင့်လိုက်ပါလာပြီး၊ သူက ဗတ္တိဇံပေးတာ ဖြစ်ပါတယ်။ အခုလဲသူပဲ အဲဒီရွာကယုံကြည်သူတွေကို ကြည့်ရှုပေးလျက် ရှိပါတယ်။

* **Mission Area ဖြစ်လာပုံလေး....**

● အဲဒီမယ်ဇလီရွာမှာ ကျောင်းမရှိဘူး။ ကိုယ်ထူကိုယ်ထ တွဲဖက်ကျောင်းလေးလုပ်ပေးပါလို့ သူတို့ကပြော တယ်။ အဲဒါနဲ့ ကျွန်တော်တို့ ပြည်ဒေသန္တရနယ်နဲ့ညှိနှိုင်းပြီး ပြည်ကလူငယ် (၂) ဦးနဲ့ ၁၉၉၈ ဇွန်လမှာ သာသနာပြုစာသင်ကျောင်းကို စတင်ခဲ့ပါတယ်။ အဲဒီကနေပြီး မယ်ဇလီရွာဟာ Mission Area ဖြစ်လာ တာပါ။

(ကိုဂျွန်နီထွန်းထွန်းနိုင်က ဆက်ပြီးဖြေပါတယ်)

* **ယခုအထိ ယုံကြည်သူ ဘယ်လောက်ရှိပြီလဲ ?**

● ၁၉၉၉ ဧပြီလအထိ နောက်ထပ်လူငယ် (၁၀) ဦးပြောင်းလဲပြီး ဗတ္တိဇံ ခံခဲ့ပါတယ်။

* **ကျောင်းဆရာမ (၂) ဦးကို ဘယ်လိုထောက်ပံ့ပါသလဲ ?**

● သူတို့က ဆက်ကပ်တာပါ။ ဒါပေမယ့် ထောက်ပံ့ငွေအဖြစ် H.C.Y ကတစ်ဦးကို တစ်လ (၁၀၀၀ိ/–) နှုန်း ထောက်ပံ့ပါတယ်။ ခရစ္စမတ်အချိန်တွေမှာလဲ အထူးလက်ဆောင်တွေ ပို့ပေးပါတယ်။ ပြီးတော့ ရန်ကုန်သန့်ရှင်းသော တြိနတိကသီဒြယ်လူငယ်နှင့် ရန်ကုန်သာသနာပိုင်ရုံးတို့ကလဲ ထောက်ပံ့ပေးတယ်လို့ သိရပါတယ်။

* **H.C.Y ကထောက်ပံ့တဲ့အလှူငွေက လူငယ် Fund ထဲက သတ်မှတ်ပေးတာလား ?**

● မဟုတ်ပါဘူး။ လူငယ်တစ်ဦးချင်းရဲ့ လစဉ်ဆယ်ဖို့တစ်ဖို့ (သို့မဟုတ်) အထူးလှူဒါန်းခြင်းတွေ စုစည်းပြီး ထောက်ပံ့ပေးတာ ဖြစ်ပါတယ်။

* **ဆက်ကပ်တဲ့ ဆရာမ (၂) ဦးအတွက် စုစည်းလက်တွဲပြီး ဝိုင်းဝန်းကူညီတဲ့သဘောရော၊ မိမိတို့ကိုယ်တိုင် ကိုယ်ကျ မလုပ်ဆောင်နိုင်ပေမယ့် အဓိကကျတဲ့အရာတစ်ခုအတွက် နောက်တန်းကနေ ပံ့ပိုးပေးခြင်းဆိုတာ ရောဖြစ်တာပေါ့နော်–**

● ဟုတ်ကဲ့ပါ။

အခုဆိုရင် H.C.Y ကစိုက်ပျိုးခဲ့တဲ့လုပ်ငန်းဟာ အသီးအပွင့်တွေနဲ့ တဖြည်းဖြည်းကြီးပွားလို့ နေပါပြီ။ ခရစ်တော်ကျွန်တော်တို့ကို နောက်ဆုံးမိန့်မှာခဲ့တဲ့ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်များ ဖြစ်စေပါ" ဆိုတဲ့ စကားကိုရင်ထဲမှာ မှတ်ကျုံးရင်း သန့်ရှင်းသောကားတိုင်အသင်းတော်၊ လူငယ်တွေရဲ့ လုပ်ရပ်ကို "အာမင်" ခေါ်လိုက်မိပါတယ်။

အယ်ဒီတာအဖွဲ့

# အလိုရှိ၍ လိုအပ်ပါသည်။

တီဩဇာ



သန့်ရှင်းသော ကားတိုင် ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီးဖွင့်ပြီ ဆိုရင်ဘဲ အမှုဆောင်လောင်းဆရာ၊ ဆရာမတွေ တာဝန်ကျရာ ဘုရားကျောင်းအသီးသီးသို့ အပတ်စဉ်ကွင်းဆင်းကြရတယ်။ ဘုန်းတော်ကြီးရဲ့ စီစဉ်နေရာချပေးမှု အောက်မှာ ဆရာ၊ ဆရာမအသစ်တွေနဲ့ လက်တွဲပြီး အသင်းတော် လှုပ်ရှားမှုတွေကို ကျမတို့ အာရုံပြုရတယ်။ ဒီအခွင့်အရေးတွေကို ကျမတို့ ရန်ကုန်မြို့ပေါ်အသင်းတော်တွေ ခံစားခွင့်ရနိုင်တာပါ။ ဘုရားက မျက်နှာသာပေးတယ်ရယ်လို့ တော့ တစ်ဖက်သတ် မယူဆသင့်ပေမယ့် အခွင့်ထူးတစ်ရပ်အဖြစ်ခံယူမိတယ်။

ကျမ်းစာကျောင်းသူ၊ ကျောင်းသားတွေဟာနောင်တစ်ချိန်အသင်းတော်ရဲ့ မျိုးဆက်သစ် အမှုဆောင်လောင်းတွေမို့ 'ဆရာ၊ ဆရာမ' လို့ ကြည်ညိုစွာ နှုတ်ခွန်းဆက်ရတာလည်း ရင်ထဲမှာ လှိုက်လှဲစွာ ပီတိဖြစ်မိပါတယ်။

ကျမတို့အသင်းတော်မှာ နှစ်စဉ် အလှည့်ကျတာဝန်ကျသွားတဲ့ ကျမ်းစာကျောင်းသားတွေများစွာထဲမှာ မှတ်မှတ်ရရဖြစ်နေခဲ့တဲ့ ဆရာတစ်ဦးရှိပါတယ်။ အခုတော့ သူဟာကျောင်းပြီးသွားပါပြီ။

ကျောင်းပြီးတော့ မြို့ပေါ်မှာ သူ နေရင်း ကျမတို့ဘုရားကျောင်း လူငယ်တွေကို ဦးဆောင်ပေးမယ်လို့ပြောဖူးပါတယ်။ ကျောင်းဆင်းပြီး တစ်နှစ်မျှ ကျမတို့နဲ့ လက်တွဲလာပြီးတဲ့နောက် ရုတ်တရက်ပဲ ပျောက်သွားပါတယ်။ ကျမတို့ကို စိတ်နာသွားလို့များလား၊ ကျမတို့ကဆရာ့အပေါ် တစ်ခုခုပြုမိမှားခဲ့လေသလား။

*****

ဆရာဟာ အသင်းသူ၊အသင်းသားတွေကို အင်မတန် ချစ်ခင် ဂရုစိုက်သူဖြစ်ပါတယ်။ ကျမတို့ ဘုန်းတော်ကြီးရဲ့ ညွှန်ကြားမှုအောက်မှာ အသင်းတော်ရဲ့ သိုးထိန်းတာဝန်တွေကို အားကြိုးမာန်တက်လုပ်ခဲ့ပါတယ်။ ဒါကြောင့် ကျမတို့အသင်းတော် လူကြီး၊ လူငယ်၊ မိခင်၊ ခလေးအားလုံးက သူ့အပေါ် ချစ်ခင်ကြပါတယ်။ လေးစားကြပါတယ်။ ခင်တွယ်ကြတယ်။ ဆရာနဲ့အတူတကွ ပျော်ပျော်ပါးပါး အလုပ်လုပ်ချင်ကြတယ်။

ဆရာဟာ ရိုးစင်းတဲ့ အတွေးအမြင်ရှိသူလည်းဖြစ်တယ်။ ဒီ အတွေးအမြင်တွေကြောင့်ပဲ ဆရာ့ကို ကျမ ပိုပြီးလေးစားခင်တွယ်မိသလား မပြောတတ်ပါ။

လူငယ့်အစီအစဉ် တစ်ခုမှာ လူငယ်တွေရဲ့အမေးကို ဆရာရဲ့အမြင်နဲ့ဖြေကြားရာမှာ "လူငယ်နဲ့ လူကြီး မကွာဟပါဘူး။ ကွဲပြားတယ်၊ ကွာဟတယ်ဆိုတာ အားနည်းချက်၊ အားသာချက်တွေကို ညှိယူမှုမလုပ်ကြခြင်းကြောင့်သာဖြစ်တယ်"

"လူကြီးတွေက အတိတ်ရဲ့အတွေ့အကြုံတွေကြောင့် ပစ္စုပ္ပန်ကို တန်ဘိုးထားတယ်။ အနာဂါတ်ကို ရင်ဆိုင်ဖို့တွန့်ဆုတ်လေ့ရှိတယ်။ လူငယ်တွေဟာ ရည်ရွယ်ချက်၊ ရည်မှန်းချက်ဖြစ်တဲ့ အနာဂါတ်အတွက် ဦးစားပေးလွန်းတယ်။ ပစ္စုပ္ပန်ကို သိပ်မစဉ်းစားဘူး။ . . . တစ်ကယ်တော့ မကွဲပြားပါဘူး။ မကွာဟပါဘူး။ ညှိယူရင် အကောင်းဆုံးကို ရှာတွေ့မှာသေချာတယ်။"

လူငယ်အစီအစဉ် တစ်ခုမှာတော့. . . . .

"လူငယ်ဆိုတာ အနာဂါတ်ရဲ့ကြယ်ပွင့်တင်မကပါဘူး။ ပစ္စုပ္ပန်ရဲ့ကြယ်ပွင့်ဖြစ်တယ်ဆိုတာ မမေ့စေချင်ဘူး။ သူ့သူ့ငါငါ လက်တွဲသင့်တယ်။ အသင်းတော်ရဲ့ အနာဂတ်ကိုဆွဲခေါ်ရာမှာ 'သူမပါသူမပြီး၊ သူချည်းသာလည်းမပြီး၊ ငါမပါငါမပြီး၊ ငါချည်းသာလည်းမပြီး၊ သူရောငါပါ ပါမှပြီးမယ်' ဆိုတဲ့ ပူးပေါင်းမှုတွေကို မြတ်နိုးတတ်ဖို့လိုတယ်။"

လူငယ်တွေရဲ့ အမေးအချို့ကို ရိုးစင်းတဲ့ဥပမာနဲ့ ဖြေကြားသွားတာတွေကို မှတ်မိပါသေးတယ်။

"ပွဲကြည့်သူနဲ့ ပွဲကသူမှာ ကြည့်သူက ကြည့်တဲ့အတွက် မြင်တယ်။ ကသူက ကတဲ့အတွက် ပြသမှုကိုဘဲအာရုံပြုတယ်။ ကပြမှုအပေါ် ကြည့်သူရဲ့အမြင်ကို ပြောပြတဲ့အခါ ကပြသူက မိမိကိုယ်ကို အကောင်းဘက်က ပြုပြင်ရုံပါဘဲ။ စင်ပေါ်တက်ပြီး တင်ဆက်ဖျော်ဖြေသူဟာ သူ့အလှည့်ပြီးရင် စင်အောက်ပြန်ဆင်းရစမြဲပါ။ မိမိအလှည့်ကို ရောက်တဲ့အခါ မှန်မှန်ကန်ကန်၊ ကြည်လင်ပြတ်သားကောင်းမွန်စွာ တင်ဆက်နိုင်ဖို့ ပြင်ဆင်ထားနှင့်ဖို့က အလိုအပ်ဆုံးပါ။"

ကျမ်းစာကျောင်းသူ၊ ကျောင်းသားတွေနဲ့ ဘုရားကျောင်းလူငယ်တွေရဲ့ တစ်နေ့တာအစီအစဉ်တစ်ခုမှာလည်း. . . . .

"လူမှန်ယင် ရည်မှန်းချက်ဆိုတာရှိရတယ်။ ရှိစမြဲပါဘဲ။ ရည်မှန်းချက်ရောက်အောင်လည်း ကြိုးစားရမှာက သူ့တာဝန်ဘဲ။ ပံ့ပိုးပေးရမှာက ပံ့ပိုးပေးသူတို့ရဲ့တာဝန်။ အပေါ်တက်ချင်သူကို ဆွဲမချရဘူး။ ဒီလိုမလုပ်သင့်ဘူး။ . . ဥပမာ. . မိသားစုတစ်ခုမှာ သားတစ်ဦးရဲ့ရှေ့ရေးဟာ အဖေ၊ အမေရဲ့ အရည်အချင်းကိုတောင်မှ မမီယင် ဒီမိသားစုတစ်ခုလုံးကို သားလက်ထဲ သေချာစွာ စိတ်ချလက်ချအပ်နှင်းရဲပါ့မလား။ ဒီလိုဘဲ လူငယ်တွေက၊ လူကြီးတွေရဲ့ခြေရာကို မမီ၊ လူကြီးကိုမကျော်နိုင်ယင် တိုးတက်ခြင်း၊ အောင်မြင်ကြီးပွါးခြင်း ဆိုတဲ့စကားရပ်တွေလည်း ပျောက်ကွယ်သွားတော့မှာပေါ့။"

*****

ဆရာ့ကို ကျမတို့ ဘုရားကျောင်းသို့ ပြန်လာစေချင်တယ်။ လူကြီး၊ လူငယ်အားလုံးက လျို့ဝှက်စွာ ဆန္ဒပြုကြတယ်။ လှိုက်လှဲစွာကြိုဆိုနေမှာပါ။

ဆရာနဲ့ နောက်ဆုံးတွေ့ခဲ့တုန်းက ပြောခဲ့တဲ့ ဆရာ့စကားကို အမှတ်ရသေးတယ်။ လူငယ်တွေကိုမဟုတ်ဘဲ ကျမကိုဘဲ ပြောပြခဲ့တာပါ။(အဲဒီနေ့က ကျမတို့လူငယ်တွေ ဘုရားကျောင်းမှာ စုံစုံလင်လင်ရှိပါတယ်။ လူငယ်တွေကိုချစ်တဲ့ဆရာ၊ အသင်းတော်ရဲ့ အနာဂါတ်ကို လူငယ်တွေကအစပြုမယ်လို့ရည်ရွယ်ချက်ရှိခဲ့တဲ့ဆရာ၊ ခုတော့ လူငယ်တွေကို ဘာမှပြောမသွား၊ နှုတ်မဆက်ဘဲ ဝမ်းနည်းဖွယ်ကျောခိုင်းထွက်ခွါခြင်းများလား။)

"မိတီ. . . အမှုတော်ဆောင်တစ်ဦးရဲ့ စေတနာလမ်းကြောင်းဟာစီးရေတစ်ခုလိုပါဘဲ။ ဒါပေမယ့် ဒီစီးရေကို ပိတ်တားမယ်ဆိုရင်၊ ဒီလိုတားတဲ့ဧရိယာအတွင်း ဘယ်တော့မှ ရေစီးလိမ့်မယ်မဟုတ်ဘူး။ ဒါပေမယ့် ရေစီးပိတ်တန်းကို ဖွင့်ပေးမယ်ဆိုခဲ့ယင် စီးကြောင်းဖန်တီးပေးတဲ့နေရာသို့ အချိန်မရွေး စီးမြဲစီးနေမှာပါ။"

"မိတီ. . ကျွန်တော့်ကို ခင်တယ်။ အချင်းချင်းလိုသဘောထားတယ်ဆိုတာ ကျွန်တော်ယုံကြည်တယ်။"

"ဒီနေ့ ကျနော်တို့ရဲ့ အသင်းတော်ကြီးက ဘာကိုလိုအပ်နေသလဲ၊. . ကောင်းတဲ့သိုးထိန်းတွေပါ။ အမှုဆောင်လောင်း၊ အမှုဆောင်ကောင်းတွေပါ။ လူကောင်းလူတော်တွေပါ။ သိက္ခာရတဲ့သူတွေရော၊ သိက္ခာမယူဘဲ သာမန်တပည့်တော်အဖြစ် အမှုတော်ဆောင်နေသူတွေပါ အများကြီးလိုနေသေးတယ်။ နေရာပေးတတ်ဖို့ လိုပါတယ်။ ပြုစုပျိုးထောင်တတ်ဖို့ လိုပါတယ်။"

"မိတီ. . ကျွန်တော့်လို ကျမ်းစာကျောင်းဆင်း မျိုးဆက်သစ်ကလေးတွေကို အသင်းတော်က ဘယ်လို ပြုစုပျိုးထောင်မယ် ဆိုတာ မသိနိုင်ပေမယ့်၊ အနာဂတ်ရဲ့ တစ်ချိန်ချိန်မှာ မျိုးဆက်သစ်လေးတွေနဲ့ မိတီအပါအဝင် အသင်းတော်ရဲ့ တာဝန်ကို အတူလက်တွဲ ထမ်းရွက်ခွင့်ကြုံနိုင်ဖို့ ဆုတောင်း နေစေချင်တယ်။. . . . သွားတော့မယ်. . . နှုတ်ဆက်ခဲ့တယ်မိတီ။"

*****

ခုတော့ ဆရာပြောတဲ့စကားတွေကို ကျမနားလည်လာပါတယ်။ **အတ္တကြောင့် ကျမဘဝမှာ လိုချင်တာတွေ၊ လိုအပ်တာတွေကို ဆုံးရှုံးခဲ့ရမှု၊ နစ်နာခဲ့မှုတွေ ကြုံလာမှ သိလာခြင်းပါ။**

ဆရာအပါအဝင် ကျမ်းစာကျောင်းဆင်းပြီးသူများဟာ အသင်းတော်ရဲ့ လိုချင်တောင့်တတဲ့၊ လိုအပ်နေတဲ့. အနာဂါတ်အမှုဆောင်မျိုးဆက်သစ်အဖြစ် ဆက်ကပ်နိုင်ပါစေလို့ပဲ ကျွန်မ တိတ်တခိုးလေးဆုတောင်းမိပါတော့တယ်။

ဆရာ့ကို ကျမတို့ အလိုရှိ၍ လိုအပ်စွာဖြင့် မျှော်လင့်နေကြပါတယ်။

**တီသြဇာ**




**နားဝင်ခြင်း**
**မြိုးမြင့်ခြင်း**
**ဝင်ကြယ်ခြင်း**



# အား ထုတ် မှ အား ထွက် မည်

**အောင်သင်း**



ဆောင်းပါးတစ်ပုဒ် ရေးလိုက်တော့မည်ဟု တွေးလိုက်သည်နှင့် ယနေ့လူငယ်တွေ၏ အကြောင်း ကရှေ့တန်းတွင်ဝင်လာလေ့ရှိသည်မှာ ကာလအတော်အတန်ကြာခဲ့ပါပြီ။ ယခုတလောတွင်တော့ဖြင့် 'ဘာလုပ်ရမှန်းမသိဘူး' ဟူသော လူငယ်တွေ ညည်းသံကို ချည်းမကြာခဏကြားနေရသောကြောင့် ထိုအကြောင်းကိုပဲ ရေးလိုက်ရပါတော့မည်။

**ညည်းနေတဲ့သူတွေက**

ညည်းနေကြသော လူငယ်လူရွယ်တွေကို သတိထားပြီးကြည့်မိသည်။ များသောအားဖြင့်ကျောင်းသင်ပညာအခြေခံအတန်အသင့် ရှိနေကြသည်။ ထို့ပြင် အလုပ်မရှိစေဦးတော့ မိဘကြောင့်ဖြစ်စေ၊ ဆွေမျိုးသားချင်းကြောင့်ဖြစ်စေ စားရေးသောက်ရေးအတွက် ပူပင်မှုမရှိရသောသူများသာ ဖြစ်နေသည်ကို တွေ့ရသည်။

ကျောင်းသင်ပညာ အခြေခံ နည်းပါးသောလူငယ်များအဖို့မှာမူကား ဘာမျှပြဿနာမပေါ်၊ မိဘလက်ငုတ်လုပ်ငန်းကိုဖြစ်စေ၊ တစ်ခြားတွေ့ရာနီးစပ်ရာ အလုပ်တစ်ခုခုကိုဖြစ်စေ အလွယ်တကူဝင်ရောက်လုပ်ကိုင်လိုက်တော့သည်သာ ဖြစ်သည်။ ဘာလုပ်ရမှန်းမသိဟု ညည်းနေရကောင်းမှန်းပင် မသိတော့။ သူတို့အဖို့ အရွယ်ရောက်လာလိုက်လျှင် ကိုယ်ပိုင်ဝင်ငွေ ရှိကိုရှိရမည်ဟု စိတ်ကပြဋ္ဌာန်းထားပြီး ဖြစ်နေကြသည်။ ကျောင်းသင်ပညာ ဘာတွဲ့ညာတွဲ့ဆိုတာမျိုးတွေက သူတို့ထည့်သွင်းစဉ်းစားရမည့် အချက်အလက်စာရင်းတွင်မပါ။ ထို့ကြောင့် သူတို့အဖို့ဆုံးဖြတ်ရသည်မှာ အလွန်ရှင်းလင်းလွယ်ကူသည်။

ကျောင်းသင်ပညာ အခြေခံရှိခဲ့သူများအဖို့မှာတော့ မိမိတို့သင်လာခဲ့သော ပညာများကို အသုံးချချင်သည်။ ဒါကိုလည်း အပြစ်ဟုမဆိုသာ။ ဘဝတစ်လျှောက်တွင် အသုံးကျနိုင်မည်ထင်သောကြောင့် နေ့နေ့ညည စာတွေကို ကျက်လိုက် မှတ်လိုက်၊ လုပ်ထားခဲ့သည်မဟုတ်လား။ သည်တော့အနှစ်နှစ်အလလ ဆည်းပူးလာခဲ့သည့် ကိုယ့်ပညာလေးကို အသုံးချလိုက်ချင်သေးသည်ပေါ့။

စားရေးသောက်ရေးအတွက် အလောတကြီး ပူပင်မနေရခြင်းကြောင့်လည်း ဟိုအလုပ်ကို စဉ်းစားလိုက်၊ ဒီအလုပ်ကိုစဉ်းစားလိုက်နှင့် ဘာလုပ်ရမှန်းမသိဘဲ ယောင်ဝါးနေကြခြင်း ဖြစ်သည်။

စားရေးသောက်ရေးအတွက် ပူပန်မနေရတဲ့

နောက် ဘာကြောင့်ဘာလုပ်ရမှန်းမသိ ပူပင်နေရသလဲဟုမေးစရာ ရှိသည်။ သည်လိုတော့လဲ မမေးသင့်။ သူတို့သည်လည်း အရွယ်ရောက်ပြီဖြစ်လေတော့ ကိုယ့်ထမင်းကိုယ်ရှာစားနိုင်သည့်အဖြစ်ကိုတော့ ရောက်ချင်သည်ပေါ့။ မိဘကဘယ်လောက်ပဲ ကြွယ်ဝချမ်းသာနေစေဦးတော့ 'သားကြီးကဘာလုပ်သလဲ' ဟုမေးလိုက်လျှင် လူသူကြားကောင်းလောက်သော အဖြေမျိုးလေးကိုတော့ ရင်ကော့လက်မ, မထောင်စေဦးတော့ လိပ်ပြာလုံလုံကလေး ဖြေလိုက်နိုင်ချင်သည်ပေါ့။

သူတို့တစ်တွေအကြောင်းကို စဉ်းစားလိုက်သောအခါ ခပ်ငယ်ငယ်ကဖတ်ခဲ့ဖူးသည့် စာတိုလေးတစ်ပုဒ်ကိုသွားပြီး သတိရမိသည်။ အိန္ဒိယပြည်နောက်ခံဖြစ်သည်။

တောပုန်းဓားပြတွေ သောင်းကျန်းလွန်းသောကြောင့် ရွာကြီးတွေမှာ ခံတပ်စည်းရိုးလုံအောင် လုပ်ပြီးနေကြရသည်။ တစ်နေ့တွင်တော့ ရွာသားတစ်ယောက်က ရွာအပြင်တောထဲသို့ သွားပြီးထင်းခွေသည်။ ဒါကို တောပုန်းဓားပြတွေက မြင်သည်။ ရန်မလုပ်ပါ။ သို့သော် ပြဿနာပေါ်လာသည်က အပြေးသန်မှုကို ငြင်းကြခုံကြခြင်း ဖြစ်သည်။ တောပုန်းတစ်ယောက်က သူတကယ်အပြေးသန်ကြောင်းကို ပြောပြတော့ ထင်းခွေယောကျ်ားကို မိအောင်ဖမ်းနိုင်မည်လား လောင်းတမ်းစားတမ်း လုပ်ကြသည်။ အပြေးသန်သည်ဆိုသော တောပုန်းက ထင်းခွေယောကျ်ားကို လိုက်သည်။ ရွာသားလည်း ထင်းခွေကိုကမန်းကတန်းပစ်ချပြီး ရွာခံတပ်ဆီသို့ပြေးသည်။ တောပုန်းကလည်း အပြေးသန်သည့် အတိုင်း ရွာထဲသို့မဝင်မီ မိအောင် လိုက်သည်။ ရွာသားကလည်း အစွမ်းကုန်ပြေးသည်။ နောက်ဆုံး မိလုမိလုနှင့် ရွာနားရောက်မှကပ်ပြီး လွတ်သွားတော့သည်။ ထိုတောပုန်းပြန်လာတော့ သူ့ကိုဝိုင်းပြီးရယ်သွမ်းသွေးကြသည်ပေါ့။ ဒီတော့ထိုတောပုန်းပြန်ပြောလိုက်သည်က "ငါကအပျော်တမ်းပြေးတာကွ၊ သူကအသက်ဘေးကြောင့်ပြေးတာ ဘယ်တူနိုင်ပါ့မလဲ" တဲ့။

စင်စစ် ထင်းခွေယောကျ်ားသည် အပြေးတွင် တောပုန်းဓားပြလောက် စွမ်းနိုင်သည်မဟုတ်၊ သို့သော် အသက်ဘေး နှင့် ကြုံလာလိုက်သောအခါ **"အားပုန်း"** တွေထွက်လာသောကြောင့် **"တောပုန်း"** ကမမီနိုင်ခြင်း ဖြစ်လေသည်။

ကျွန်တော်စိတ်ထင်ကို ပြောလိုက်ရလျှင် ပညာအခြေခံ အတော်အသင့်ရှိနေကြသော လူငယ်များ 'ဘာလုပ်ရမှန်းမသိ' ယောင်နန ဖြစ်နေကြခြင်းမှာ 'အားပုန်း' တွေကို ထုတ်မသုံးကြသေးသောကြောင့်သာ ဖြစ်သည်။ သူတို့တစ်တွေသာ အကျပ်အတည်းနှင့် ရင်ဆိုင်မိလိုက်၍ သူတို့သင်ယူလာခဲ့သော 'ပညာ' နှင့် 'အားပုန်း' ကိုပေါင်းလိုက်လျှင် ကြောက်ခမန်းစွမ်းရည်တွေ ထွက်လာကြလိမ့်မည် ထင်မိသည်။

သို့ဖြစ်လျှင် အသက်ဘေးကိုရောက်မှသာ အားပုန်းထွက်လာရတော့မည်လောဟု မေးစရာ ရှိနေပြန်တော့သည်။ ကျွန်တော်ကလည်း အသက်ဘေးရောက်သည့်အချိန်ထိအောင် စောင့်နေကြတော့မည်လောဟု လူငယ်တွေကို မေးချင်နေမိသည်။ ကိုယ့်မှာ 'အားပုန်း' တွေအမှန်ရှိနေကြောင်းကို ခိုင်ခိုင်မာမာသိနေပါလျှင် ဘာကြောင့်သည်အတိုင်းပစ်ထားသင့်ပါသလဲ။ သုံးနိုင်အောင် အားထုတ်ကြရမည်သာ ဖြစ်သည်။'အားမထုတ်' ဘဲနှင့်တော့ ဘယ်တော့မှ 'အားထွက်' လာလိမ့်မည် မဟုတ်။ **'အားထုတ်'** မှ **'အားထွက်'** မည်။ ဤအချက်ကို လူငယ်များကြပ်ကြပ်ကြီး သတိထားဖို့လိုသည်။

**ဘာမှမလုပ်ဘဲနေရင်**

'ဘာမှမလုပ်ဘဲနေရင် ဘာမှမဖြစ်နိုင်တော့ဘူးပေါ့'

အဲသည်လို ဘာမှမဖြစ်နိုင်လောက်ရုံသာဆိုရင်တော့ အတော်ကြီးကို သက်သာနေသေးသည်ပေါ့။ သက်သာလိုက်သမှ အတော်ကြီးကို သက်သာနေသေးသည်ဟု ပြောလိုက်ချင်သည်။

လူငယ်တွေ ကိုယ့်ကိုကိုယ် ရဲရဲကြီးပြန်မေးပြီး၊ ရဲရဲကြီးဖြေကြည့်စေချင်သည့် မေးခွန်းတစ်ခုကို မေးလိုက်ရပါဦးမည်။





ဘာဆို ဘာမှ မလုပ်ဘဲ တကယ်နေနိုင်ကြပါရဲ့လား။

သေသေချာချာစဉ်းစား ကြည့်ကြမယ်ဆိုရင် တစ်ခုခုမလုပ်ဘဲ နေကိုမနေနိုင်ကြဘူး မဟုတ်လား။ ကောင်းတာဖြစ်စေ၊ မကောင်းတာဖြစ်စေ တစ်ခုခုတော့ လုပ်နေမိတတ်ကြသည်ပဲ။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတွေ ပြောလေ့ရှိသည့်စကားတစ်ခွန်းကို ပြောလိုက်ချင်ပါသည်။ အဲဒါက "ပါပသ္မိံ ရမတိ မနော" ဆိုတာပါပဲ။ အဓိပ္ပာယ်ကတော့ 'စိတ်သည် မကောင်းမှု၌မွေ့လျော်၏' လို့ဆိုလိုပါသည်။ အားလပ်နေသောလက်အတွက် မာရ်နတ်သည် အလုပ်တစ်ခုခုပေးရန် အသင့်ရှိနေ၏ ဆိုသည့် ခရစ်ယာန်ဘာသာအဆုံးအမသဘောမျိုးပါပဲ။ စိတ်ကိုညစ်ညမ်းစေသည့် အကြောင်းအရာတွေကိုများ တွေးနေလိုက်ရရင် စိတ်ကအလွန်ပျော်မွေ့သည်။ နှစ်သက်သည်။ ခပ်ငယ်ငယ် ဘဝကိုပြန်ပြီး တွေးလိုက်ရင်ပိုလို့တောင် သိသာပါသေးသည်။

ကျောင်းသားငယ်ဘဝကို ပြန်ပြီးစဉ်းစားကြည့်လိုက်မည်ဆိုလျှင်– ကျောင်းသားလူငယ်တစ်စု ကျောင်းပိတ်ရက်မှာ စုမိကြ၍ 'ပျင်းလိုက်တာကွာ၊ ဘာလုပ်ကြရင်ကောင်းမလဲ'ဟု စကားစလိုက်လျှင် ကောင်းတာတစ်ခုခုကိုလုပ်ဖြစ်ဖို့ အလွန်နည်းခဲ့တာကို သတိရကြပါလိမ့်မည်။ များသောအားဖြင့် ဗရုတ်ကျတဲ့ လုပ်ငန်းမျိုးတွေကိုသာ လုပ်မိတတ်ကြသည် မဟုတ်လား။ အဲဒါမျိုးမှ ပျော်စရာကလဲ ကောင်းပေတာကိုး။

ဒါပေမယ့် ပျော်စရာဆိုတာကလည်း အရွယ်အလျောက် ပြောင်းလဲသွားတတ်သေးတာကို သတိထားမိကြပါလိမ့်မည်။ အသက်လေးငါးခြောက်နှစ်သားအရွယ်ကလေးတွေကျတော့ စိန်ပြေးလိုက်၊ ခုန်လိုက်ပေါက်လိုက် လုပ်နေရလျှင် ထမင်းမေ့ဟင်းမေ့ ပျော်နေကြသည်။ သို့သော်လည်း အသက်ဆယ့်လေးငါးနှစ်လောက်ရောက်လာတော့ စိန်ပြေးတာမျိုးလောက်ကို မလုပ်ချင်တော့ပြီ။ လူမမယ်လေးတွေလုပ်တာလို့ သတ်မှတ်လိုက်ကြသည်။ သဘာဝအလျောက် လူပျို၊ အပျိုလုပ်ချင်လာသည်။ ကစားပြီဆိုလျှင်လည်း ဘော်လုံးကန်တာတို့၊ ကြက်တောင်ရိုက်တာတို့ လောက်ကိုသာ လုပ်ချင်ကြသည်ပေါ့။ ပြောချင်သည်က ပျော်ပုံပျော်နည်း ပြောင်းလာတတ်ပုံပါ။

အခုလို ကျောင်းပညာအခြေခံလေးလဲ ရှိလာပြီး လူလားမြောက်တဲ့အရွယ်၊ အရွယ်အားဖြင့် လူလတ်ပိုင်းဝင်စပြုလာတဲ့ အရွယ်မှာတော့ ဘီယာလေးဘာလေးစသောက်တာကို ပျော်နည်းတစ်မျိုးလို့ ထင်လာကြပြီ။ ဒါဟာခေတ်လူငယ်တွေအဖို့ လိုအပ်သည့်ခေတ်မီစကားဝိုင်း၊ ဆွေးနွေးဝိုင်းလို့ပင် သတ်မှတ်သလိုလိုဖြစ်လာကြပြီ။

နောက်တစ်ဆင့်တက်လိုက်တော့ 'အရက်' ပေါ့။ အရက်ထိအောင် ရောက်သွားလိုက်ရင်တော့ ရှေ့ကိုဆက်ပြီး မှားဖို့ဘက်ကို ပိုပြီးများသွားလေ့ရှိတတ်တာချည်းဆိုတာ အထူးပြောမနေလိုတော့ပြီ။ မူးယစ်ဆေးတို့ဘာတို့ဆိုတာ အရက်မှတစ်ဆင့် အမှတ်မထင်ရောက်သွားကြတာချည်း ဖြစ်သည်။ လူငယ်တိုင်းဟာ 'ငါအရွယ်ရောက်လာရင် ကြီးပွားထွန်းကားရမယ်' ဆိုသည့် စိတ်မျိုးရှိခဲ့ကြတာချည်း ဖြစ်သည်။ 'ငါအရွယ်

ရောက်လာရင်မှူးယစ်ဆေးချမယ်' ဆိုသည့် လူငယ်မှာ ဘယ်မှာရှိနိုင်ပါမည်လဲ။ အပေါင်းအသင်းစုံနဲ့ အရက်သောက်ကြရီဝေကြလုပ်ရင်းကပဲ မူးယစ်ဆေးကိုရောက်သွားပြီး မရုန်းနိုင်မဖယ်နိုင် ဘဝပျက်သွားကြရခြင်းဖြစ်သည်။

အစပိုင်းက ပြောခဲ့သည်။ "*ဘာမှမလုပ်ရင် ဘာမှ မဖြစ်နိုင်ဘူး။ ဘာမှမဖြစ်ရုံတင်ဆိုရင် တော်သေးတာပေါ့*"ဟု ပြောခဲ့သည်မှာ ဒါကြောင့်ပဲ ဖြစ်သည်။ ဘာမျှမဖြစ်နိုင်ရုံမက 'ပျက်' ကိုသွားတတ်တာကြောင့် ဒီစကားကိုပြောခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် လူငယ်များအား 'ဘာလုပ်ရမှန်းမသိဘူး' ဆိုတဲ့နေရာကြီးမှာ အကြာကြီးရပ်မနေစေချင်။ တစ်ခုခုကို တွေ့အောင်ရှာပြီး လုပ်ဖြစ်အောင်လုပ်နေကြစေချင်သည်။

**လူတွေလိုအပ်နေတာကိုကြည့်ပါ**

ကြီးပွားအောင်မြင်တဲ့ လူဟူသမျှသည် လူတွေဘာလိုအပ်နေသလဲ၊ လိုအပ်တာကို ရအောင် လုပ်ပေးနေကြသူများ ဖြစ်သည်။ လူတွေ ဘယ်နေရာမှာ အခက်အခဲတွေ့နေသလဲ၊ ထိုအခက်အခဲကို ရအောင်ဖြေရှင်းပေးနေကြသူများ ဖြစ်သည်။ စေတနာ့ဝန်ထမ်း လူမှုရေးဆောင်ရွက်မှုကို ပြောလိုသည် မဟုတ်သေး။ သာမန်လုပ်ငန်းကိုင်ငန်းနှင့် ကြီးပွားနေသောသူတွေ လုပ်ကြကိုင်ကြပုံကို ပြောပြနေခြင်း ဖြစ်သည်။

သတိထားကြည့်မိရင် တွေ့ပါလိမ့်မည်။ မော်တော်ကားတွေ မီးပွိုင့်မှာစောင့်နေရလျှင် ကားမောင်းသူတွေ ပျင်းလာတတ်သည်၊ စိတ်မရှည်ချင်သလိုလိုဖြစ်လာတတ်သည်၊ ဂနာမငြိမ်ချင်။ ဒါလေးကို မြင်တဲ့သူက စီးကရက်အစ၊ ကွမ်းယာအစ ကားကြိုကားကြားထဲပြေးလွှားပြီး လိုက်ရောင်းကြသည်။ ဂျာနယ်လေးတွေ၊ စံပါယ်ပန်းကုံးလေးတွေ လိုက်ရောင်းကြသည်။ လူတွေဘာလိုအပ်နေသလဲဆိုတာ မြင်တတ်တဲ့သူတွေဟု ဆိုရမည်။ ဘယ်နေရာမှမဆို ဒါမျိုးတွေကို တွေ့နေရသည်။ ဆေးရုံကြီးတို့ ဘာတို့ရောက်လိုက်လျှင်လည်း ဘာဆေးလိုချင်လို့လဲဆိုတာ လိုက်မေးနေကြတာ တွေ့ကြရမည်ပင် ဖြစ်သည်။ ရုပ်ရှင်ရုံဘက်ရောက်လိုက်လို့ရှိရင်လဲ 'ဒီစီ' ရမယ်၊ 'စတော' ရမယ်ဆိုတာမျိုးတွေကို ကြားနေကြရသည်။ လမ်းတကာလည်ပြီး 'ခတ်မီးခြစ်တွေဂက်(စ်)ထည့်တယ်' 'ရေတိုင်ကီအဟောင်းတွေ ဝယ်တယ်၊ ရေတိုင်ကီအပေါက်တွေဖာတယ်၊ ဆေးသုတ်တယ်' 'အုန်းသီးချမလား' ဆိုသောအသံတွေကို နေ့စဉ်လိုလို ကြားနေကြရသည်။ လူတွေလိုအပ်နေတာကို ဖြည့်ဆည်းပေး နေကြတာချည်းပင် ဖြစ်သည်။

သည်လိုဆိုတော့- ဒါတွေက အသေးအဖွဲတွေပဲလို့ ပြောစရာရှိသည်။ မီးရထားတို့၊ မော်တော်ကားတို့၊ သင်္ဘောတို့ဆိုတာတွေဟာကော ဘာတွေလဲ။ လူတွေလိုအပ်နေတာကို ဖြည့်ပေးဖို့ အပြင်းအထန် ကြိုးစားခဲ့ကြတာတွေပဲ မဟုတ်လား။ ပညာအခြေခံကောင်းသူတွေက ပိုပြီးတွင်တွင်ကျယ်ကျယ် လုပ်ဆောင်နိုင်တာတော့ အမှန်ပဲပေါ့။

မကြာသေးမီကပင် 'ဈေးကွက်' ဂျာနယ်တွင် ကြီးပွားအောင်မြင်နေသော ဆရာဝန်တစ်ယောက် အကြောင်းကို ဖတ်လိုက်ရသေးသည်။ ဆရာဝန်မို့ ဆေးကုသပြီး အောင်မြင်နေသည်ဟု မထင်လိုက်ပါလေနှင့်။ ဆရာဝန်အလုပ်ကထွက်ပြီး ဒန်ပေါက်ဆိုင်နှင့် ကြီးပွားနေခြင်းဖြစ်သည်။ သူကြီးပွားနိုင်သည့် အကွက်ကို မြင်တတ်ခြင်းပင် ဖြစ်သည်။ သူတစ်ယောက်သာလျှင် ပါရမီချွန်လို့မြင်နိုင်သည်မဟုတ်၊ မိမိတို့လည်း မပြတ်မလပ် ရူးရူးစမ်းစမ်း ကြည့်နေမည်ဆိုလျှင် မြင်နိုင်သည်သာပင် ဖြစ်သည်။

ဤဆောင်းပါးကိုရေးနေရင်း ငယ်ငယ်က (လွန်ခဲ့သောနှစ်ပေါင်း ၅၀ လောက်က) 'ရှုမဝမဂ္ဂဇင်း' တွင်ဖတ်ခဲ့မိဖူးသောစာလေးတစ်ပုဒ်ကို သွားပြီးသတိရမိပြန်သည်။ ဆရာကြီး ဗိ-မိုးနင်း အကြောင်းပါ။

ကြီးပွားရေးကျမ်းတွေကို တစ်ပုံကြီးရေးသွားခဲ့သော စာရေးဆရာကြီး ဗိ-မိုးနင်း မှာသေသည်အထိ ဆင်းရဲသွားရှာသည် ဟူသောစကားကို ကြားဖူးကြပါလိမ့်မည်။ ဆရာကြီး ရွှေဥဒေါင်း၏ အလိုအရတော့ ငွေကလည်း ဝင်ပါ၏။ ငွေသုံးကလည်း အလွန်ကြမ်းသည်ဟု ဆိုပါ၏။ ရှုမဝတွင် ပါလာခဲ့သည်က ကလောင်ရှင်လူငယ်တစ်ယောက်က ဗိ-မိုးနင်းနှင့် ပက်သက်ပြီး သူ့ကိုယ်တွေ့ကို ပြန်ရေးထားခြင်းဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကလေးက-

ထိုစာကိုရေးသူက မအူမလည် စွန့်စားပြီး ရန်ကုန်သို့ ရောက်လာခဲ့သည်။ ဘာမျှလည်း ငွေရင်းငွေနှီး လူခံရှိသည်မဟုတ်။ ဆရာကြီး ဗိ-မိုးနင်း တို့လို ဆရာတွေ၏တက်ကျမ်းတွေကို ဖတ်ပြီးစွန့်စား ထွက်လာခဲ့ခြင်း ဖြစ်သည်။ နောက်တော့ ဒုက္ခရောက်လာသည်နှင့် ဆရာကြီး၏ လိပ်စာကိုစုံစမ်းပြီး ဆရာကြီးထံသို့သွားသည်။ အတိုချုပ်ကတော့ သူ့မှာဒုက္ခရောက်နေသောကြောင့် ကယ်တင်ပါပေါ့။ ဆရာကြီးက ခဏလောက်စဉ်းစားပြီး-

"ငါကလည်း လူချမ်းသာတစ်ယောက် မဟုတ်ဘူး။ ဒီတော့- ဒီလိုလုပ်ပေတော့၊ မင့်ကိုငါပိုက်ဆံငါးမူးပေးလိုက်မယ်။ ကြေးတိုက်ဆေး 'ဗရပ်ဆို' တစ်ဗူးကိုဝယ်။ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း)မှာ ဝတ်လုံတော်ရတွေ၊ ရှေ့နေတွေရုံးဖွင့်ထားတဲ့ တိုက်ကြီးတွေရှိတယ်။ သူတို့ရဲ့ နာမည် ကြေးဆိုင်းဘုတ်တွေဟာ လဲပြည့်နေတာပဲ။ တစ်ခုမှ ပြောင်ပြောင်လက်လက် တော့မရှိဘူး။ သူတို့လဲသတိမရနိုင်ဘူး။ ဒီတော့ မင်းက သူတို့နာမည်ဆိုင်းဘုတ်တွေကို ပြောင်လက်နေအောင် ဗရပ်ဆိုနဲ့သေချာတိုက်။ သေသေချာချာ စေတနာနဲ့ လုပ်။ ပြီးမှ အဲဒီဝတ်လုံတော်ရရှေ့နေဆီသွားပြီး 'ဦး- ခင်ဗျာ၊ ဦးရဲ့နာမည်ဆိုင်းဘုတ်ကလေး မှိန်နေလို့ ကျွန်တော်ဗရပ်ဆိုနဲ့သေချာ အရောင်တင်လိုက်ပါတယ်၊ ကျွန်တော့်ကို ဦး-စေတနာရှိသလောက် မုန့်ဖိုးပဲဖိုးကလေးချီးမြှင့်ပါ' လို့ရိုရိုသေသေပြော။ ဘယ်ရွေ့ဘယ်မျှပေးပါလို့ မပြောနဲ့-ကြားလား" ဟုပြောပြီးလျှင် ပိုက်ဆံငါးမူးနှင့် ဆိုင်းဘုတ်တိုက်ရန် ပိုးလုံချည်အဟောင်းစကလေး တစ်ပိုင်းကို ပေးလိုက်လေသည်။ ညနေရောက်တော့ ထိုလူငယ်လေးသည် ဆရာကြီးထံလာ၍ ငွေတစ်ကျပ်လားမသိ လာကန်တော့သွားသည်။

ထိုစဉ်က ရှုမဝမဂ္ဂဇင်း 'မမေ့တဲ့နိုင် ကဏ္ဍ' တွင်ဖတ်ခဲ့ရသည်ကို မမေ့နိုင်သောကြောင့် ပြန်လည်တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဆရာကြီးဗိ-မိုးနင်းကို မိတ်ဆွေများက ဆရာကြီးကကြီးပွားချမ်းသာရေးစာအုပ်တွေ ရေးလိုက်တာလည်းမနည်းဘူး။ ကိုယ်တိုင်ကတော့လဲ မွဲနေတာပါပဲကလားဟုပြောတော့ "အေးလေ-သူများတွေချမ်းသာဖို့နည်းလမ်းတွေ စဉ်းစားနေရတာနဲ့ ကိုယ့်ဘာသာချမ်းသာအောင်လုပ်ဖို့ကို အချိန်မရဘူး" ဟု ပြန်ဖြေလိုက်သည်ဟု ဖတ်လိုက်ရဖူးပါသည်။ ယခုမှ ပြန်ပြီးစဉ်းစားကြည့်လိုက်တော့ ဆရာကြီးသာ အကယ်၍ ကိုယ်တိုင် ချမ်းသာအောင်လုပ်မည်ဆိုလျှင် တကယ်ချမ်းသာနိုင်သော အကြံဉာဏ်ထွက်မည့်ပုဂ္ဂိုလ် ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ဘယ်သူတွေဘယ်နေရာမှာ ဘာတွေလိုအပ်နေသလဲ ဆိုသည် ကိုသိသောသူဖြစ်ပါသည်။ ယခုငွေရင်းလက်ကိုင်မရှိသော လူငယ်လေးတစ်ယောက်ကို အကြံဉာဏ်ပေးလိုက်နိုင်သလို ငွေရင်းငွေနှီးရှိသော လူတစ်ယောက်ဆိုလျှင်လည်း သည်ထက်ကြီးမားသော အကြံဉာဏ်ကိုပေးနိုင်မည်မှာ မုချဖြစ်ပါသည်။

**နိဂုံးစကား**

လူငယ်တွေ 'ဘာလုပ်ရမှန်းမသိဘူး' ဆိုပြီး ငေါင်မနေပါနှင့်။ ဘာမှမဖြစ်သည့်ပြင် 'ပျက်' သွားနိုင်ပါသေးသည်။ **'ဘယ်သူတွေ' 'ဘယ်နေရာမှာ' 'ဘာတွေ'** လိုအပ်နေသလဲဆိုသည်ကို သေသေချာချာ ရူးစမ်းပြီး ကိုယ်က **'ဘယ်လို'** လုပ်ပေး နိုင်သလဲဆိုတာကို ကြံဆဆောင်ရွက်ပေးနိုင်လျှင် သူတစ်ပါးကိုယ်စိတ်ချမ်းသာသကဲ့သို့ မိမိလည်းကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်လာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**လူငယ်အားလုံး ဘာလုပ်ရမှန်း သိကြပါစေသတည်း။**

*အောင်သင်း (၃-၈-၉၉)*

"ကျော်စိုးဆုံးသွားပြီတဲ့"
"ဟုတ်လား. . ဝမ်းနည်းစရာပဲ"
"အသက်ဘယ်လောက်လဲ"
"၄၅-လို့ပြောတာပဲ"
"ဘာရောဂါလဲ"
"ဒီလိုပဲပေါ့ကွာ. . . ."

* * * * *


"ကိုလှဝင်းဆုံးသွားပြီတဲ့"
"ဟင်. . ဟုတ်လား. . ကိုကျော်စိုး ဆုံးတာ နှစ်ပတ်ဘဲ ရှိသေးတယ်၊ နောက်တစ်ယောက်ဆုံးပြန်ပြီ. . "
"ဟုတ်တယ်. . သနားစရာပဲ ကွာ"
"အသက်ဘယ်လောက်လဲ"
"၃၁. . နှစ်တဲ့"
"ဘာရောဂါလဲဟင်"
"အင်း. . နည်းနည်းများသွားလို့ နေမှာပေါ့ကွာ"

* * * * *

"ကိုသိန်းတန်ဆုံးသွားပြန်ပြီ"
"ဟေ. . . နှစ်လအတွင်း နောက်တစ်ယောက်"
"ဟုတ်တယ်. . အသင်းတော်မှာ နှစ်လအတွင်း သုံးယောက်ဆုံးသွားတယ်"
"အသက်ကရော"
"၂၈-နှစ်တဲ့"
"ငယ်ငယ်ကလေးဘဲ ရှိသေးတယ်၊ ဘာရောဂါလဲ"

# အိမ်ဆွေးနဲ့အိမ်ပြန်

ပြည်ငြိမ်းအေး



"အင်း. . ပြောချင်ပါဘူးကွာ. . ကြေကွဲစရာပဲ"

* * * * *

"ကိုဘတင်သေပြီတဲ့"
"ဟော. . လာပြန်ပြီတစ်ယောက်"
"ဘယ်တုန်းကလဲ"
"ဒီနေ့မနက်ကပဲ"
"နေမကောင်းတဲ့သတင်းလည်း မကြားမိပါလား"
"အင်း. . သူ့ကိုမတွေ့မိတာကို တော့ သတိထားမိတယ်"
"အသက်ဘယ်လောက်ရှိပြီလဲ"
"၃၅. . နှစ်"
"ရောဂါကကော"
"ငါမစပ်စုတော့ပါဘူးကွာ"
"နှမြောစရာပါပဲ"

* * * * *

"ဒေါ်မှိန်ဆုံးသွားပြီ"
"အေ. . . နေမကောင်းတာတော့ ကြားမိတယ်"
"အသက်ဘယ်လောက်ရှိပြီလဲ"
"၈၉. . နှစ်"
"အင်း. . အမှည့်ကြွေပေါ့နော်"
"တို့အသင်းတော်မှာလည်း (၆)လ အတွင်းငါးယောက်ဆုံးတယ်"
"အများစုက လူငယ်၊ လူရွယ်တွေဘဲ"
"အင်းဒါက ထူးခြားနေသလိုဖြစ်တယ်"
"ထူးခြားရုံမကဘူး. . စဉ်းစားစရာတွေလည်းရှိလာတယ်"

* * * * *

"လူဆိုတာကိုယ့်အသက် ကိုယ်မပိုင်ဘူးတဲ့"
"ဒါပေါ့. . ဘုရားသခင်ပိုင်တယ်လေ"
"ဒါပေမယ့်. . အသက်တိုတာရှည်တာကိုတော့ အတိုင်းအတာတစ်ခု အထိ ထိန်းကျောင်းလို့တော့ ရတယ်"
"မင်းစကား. . ငါနားမရှင်းဘူး"
"ဉာဏ်ပညာနဲ့အစမူလက ဘယ်သူလဲ"
"ထာဝရဘုရားသခင်ပေါ့ကွ"
"ထာဝရဘုရားသခင်ကို သိခြင်းဟာ ဉာဏ်ပညာရဲ့မူလအစပဲလေ. . "
"ပိုရှုပ်လာပြီ"
"ရော. . ခက်ပြီ. . . အသက်ကို ဉာဏ်စောင့်တယ်ဆိုတာ မင်းကြားဘူးလား"
"အင်း. . . ကြားဘူးတယ်"
"ဒီလိုဆို ထာဝရဘုရားသခင်ကို သိခြင်းဟာ အသက်အတိုအရှည်ကို အတိုင်းအတာတစ်ခုအထိ စွမ်းဆောင်နိုင်တယ် ဆိုတာ မင်းသဘောပေါက်ပြီလား"
"နည်းနည်း သဘောပေါက်လာပြီ"
"ရုတ်တရက် သေဆုံးခြင်းကလွဲလို့ အသက်ကိုဉာဏ်စောင့်တယ်ဆိုတာ ကောနားလည်ပြီလား"
"အင်း. . ဉာဏ်ရှိယင် ရုတ်တရက် ဆိုဟာလည်း အရှိနည်းနိုင်မယ် ထင်တယ်"


* * * * *

"သေသွားတဲ့ လူငယ်လူရွယ်တွေ အိမ်ထောင်နဲ့လား"
"ဒါပေါ့. . လူမမယ်ကလေးငယ်တွေ ကျန်ခဲ့တယ်ဆိုပဲ"
"သူတို့ဇနီးတွေတော့ ငယ်ငယ်ရွယ်ရွယ်နဲ့မုဆိုးမဖြစ်ရှာပြီနော်"
"သနားစရာပဲ"
"ဒါပေါ့. . . အိမ်ထောင်သည်ဖြစ်လာပြီဆိုရင် ကိုယ့်ကိုယ်ကိုလည်း ပြုပြင်သင့်တယ်. . . ရေရှည်လှမ်းကြည့်သင့်တယ်"
"လှမ်းကြည့်ဆိုလို့. . . ဆိုင်တောင်ရောက်လာပြီ. . . တစ်ပက်လောက်သွားမော့ရအောင်"
"လုပ်လိုက်လေကြာသလားလို့"
"အိမ်ပြန်ရင် မင်းမိန်းမ ဆူနေဦးမယ်"
"ဆူလဲခဏပါကွာ. . . . ဒါနဲ့ခု သောက်မယ့် ဆိုင်နာမည်က"
"ထိန်ပင်. . . တဲ့"

*(*ထိန်ပင်* ရန်ကုန်မြို့က သချိုင်းသစ်တစ်ခု၏အမည်။)*

ပြည်ငြိမ်းအေး

> မိုက်သောသူသည် အဘ ဝမ်းနည်းစရာအကြောင်း၊ မွေးသောအမိ စိတ်ညစ်စရာ အကြောင်း ဖြစ်၏။
> သုတ္တံ ၁၇း၂၅



# သင်ဘယ်သူနည်း

ဦးအောင်လှထွန်း

## ၁။ နိဒါန်း

ကျွန်ုပ်တို့သည် "သင်ဘယ်သူနည်း" ဆိုသောမေးခွန်းအား မိမိကိုယ်ကိုမိမိပြန်၍ မေးကြည့်သင့်သည်။ ခရစ်ယာန်တယောက်အနေနှင့် ဤမေးခွန်းကို သင်မည်သို့ဖြေဆိုမည်နည်း။ ဤမေးခွန်း၏အဖြေကို သင်သိနေသင့်၏။ သင့်အတွက်အဖြေသည် သမ္မာကျမ်းစာထဲတွင် ရှိနေ၏။ ဤမေးခွန်း၏အဖြေကို သမ္မာကျမ်းစာက ဘယ်ကဲ့သို့ ပြောထားပါသနည်း။ သမ္မာကျမ်းစာ၏အစဖြစ်သော ကမ္ဘာဦးကျမ်း အခန်းကြီး(၁)မှ(၃)အထိ သေချာစွာ ဖတ်ရှုလေ့လာမည်ဆိုပါက မေးခွန်း၏အဖြေ ပထမပိုင်းကိုတွေ့ရှိရမည်ဖြစ်ပြီး၊ ဓမ္မသစ်ကျမ်းတွင်ပါသော ဧဝံဂေလိကျမ်းများနှင့် ဩဝါဒစာများကို ဖတ်ရှုလေ့လာမည်ဆိုပါက မေးခွန်း၏အဖြေဒုတိယပိုင်းကို တွေ့ရှိရမည်ဖြစ်၏။ သမ္မာကျမ်းစာက အောက်ပါအတိုင်း မေးခွန်း၏အဖြေကို ပေးထား၏။

### (က) ဖန်ဆင်းခံလူသား

သင်သည်ဘုရားသခင်က ဖန်ဆင်းထားသောလူသားတစ်ယောက်ဖြစ်၏။ ဘုရားသခင်သည် မိုးကောင်းကင်၊ မြေကြီး၊ ပင်လယ်၊ အပင်၊ ရေသတ္တဝါ၊ ကုန်းသတ္တဝါ၊ ငှက်စသည်တို့ကို ဖန်ဆင်းပြီး နောက်ဆုံးတွင် လူကိုဖန်ဆင်းတော်မူ၏။ (ကမ္ဘာ ၁း၁–၂၇)

> **"ငါတို့သဏ္ဌာန်နှင့် တစ်သဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့ ... ဟု မိန့်တော်မူ၍၊ ..... ဘုရားသခင်သည် မိမိပုံသဏ္ဌာန်တော်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။"**
> **(ကမ္ဘာ ၁း၂၆–၂၇)**

လူသည်ဖန်ဆင်းခံဖြစ်၍ ဖန်ဆင်းရှင်မှာ ဘုရားသခင်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဖန်ဆင်းခံလူသားတယောက်ဖြစ်သည်ကို အမြဲသိနေရမည်ဖြစ်၏။ မိမိတွင်ဖန်ဆင်းရှင်၊ နာခံရမည့်အရှင်ရှိကြောင်း



အမိန့်တော်ကို ချိုးဖောက်ခဲ့၏။

> **"ဘုရားသခင်ကလည်း မစားရဟု ငါပညတ်ထားသောအပင်၏အသီးကို စားပြီလောဟု (လူအား) မေးတော်မူ၏။ လူကလည်း ကျွန်တော်၌ အပ်ပေးတော်မူသောမိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်ထားလေ၏။"**
> **(ကမ္ဘာ ၃း၁၁–၁၂)**

လူသည် ဘုရားသခင်ကတားမြစ်ထားသည့် တစ်ခုတည်းသောသတ်မှတ်ချက်ကို မနာခံ၊ ချိုးဖောက်ရုံသာမက မိမိ၏အမှားကိုဝန်မခံ၊ မိမိအားမိန်းမကို အဖော်အဖြစ်ပေးထားသောဘုရားသခင်နှင့် အသီးကိုစားရန် လာပေးသော မိန်းမအပေါ်သို့အပြစ်အား လွှဲချခဲ့သည်ကို တွေ့ရ၏။ <u>အပြစ်ပြုလုပ်ခြင်းဆိုသည်မှာ ဘုရားသခင်၏ စကားကိုမနာခံခြင်း၊ နားမထောင်ခြင်းပင်ဖြစ်၏</u>။ လူသည် ဘုရားသခင်၏စကားကို နားမထောင်၊ ဖောက်ဖျက်ခဲ့သောကြောင့် ထိုအချိန်မှစ၍ <u>အပြစ်သား</u> ဖြစ်လာ၏။ ဤအဖြစ်အနေကို <u>လူ၏ကျဆင်းခြင်း</u> ဟုလည်းခေါ်ဆို၏။

လူသည်အပြစ်ကို ကျူးလွန်သောကြောင့်ပေးရသောအခြားအဖိုးအခများမှာ ဘုရားသခင်နှင့် မိတ်သဟာယပြုခြင်းမှ ရပ်စဲခြင်းကိုခံရ၍ ဘုရားသခင်နှင့် ကွေကွင်းခဲ့ရခြင်း၊ လောကတွင်အသက်ရှင်နေသမျှ ပင်ပန်းကြီးစွာလုပ်ကိုင်စားသောက်ရခြင်း၊ ဆင်းရဲဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ရခြင်း၊ (ကမ္ဘာ ၃း၁၅–၁၉) တို့ ဖြစ်ပေသည်။

ထို့ပြင် **"လူသည်ထာဝရအသက်ရစေခြင်းငှာ အသက်ပင်၏အသီးကိုမစားသင့်" (ကမ္ဘာ ၃း၂၀)** ဟုဖော်ပြထားသည့်အတိုင်း အသက်ပင်မှအသီးကို စားပိုင်ခွင့်မရှိတော့သည့်အတွက် ထာဝရအသက်ရပိုင်ခွင့်ကို ပါဆုံးရှုံးခဲ့ရပေသည်။

ထို့ကြောင့် ဖန်ဆင်းခံလူသားသည် ဘုရားသခင်၏ဘဏ္ဍာစိုးအဖြစ် ခန့်အပ်ခြင်းခံရပြီးမှ အပြစ်သားဘဝသို့ကျဆင်းကာ ဘုရားသခင်နှင့်ကွေကွင်းခဲ့၏။ အဆက်ပြတ်ခဲ့၏။

သို့ရာတွင် ဘုရားသခင်၏အကြံအစည်တော်သည် ဤနေရာ၌မဆုံး၊ မေတ္တာတော်ကြီးမားလှသောဘုရားရှင်သည် လူသားတို့အားအပြစ်နွံထဲမှ ကယ်တင်ခြင်းအမှုကို ခရစ်တော်အားဖြင့် ပြုခဲ့သည်ကို ဓမ္မသစ်ကျမ်းတွင်၊ ထင်ရှားစွာတွေ့ရပေသည်။

### (င) <u>ကယ်တင်ခြင်းဆုကျေးဇူးကို ရရှိသည့်အပြစ်သား</u>

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၏။ (၁ယော ၄း၈) လူသားများအပေါ်ထားရှိသောဘုရားသခင်၏ မေတ္တာတော်ကြီးမားလှ၏။ ထို့ကြောင့်အပြစ်နွံထဲမှ ရုန်းမထွက်နိုင်သော လူသားများကိုကယ်တင်ရန် အကြံအစည်တော်သစ်ကို ချမှတ်ခဲ့၏။ ဤအကြံအစည်တော်နှင့်အညီ လူသားတို့အားအပြစ်တရားမှကယ်တင်၍ ထာဝရအသက်ရနိုင်ရန် မိမိ၏တစ်ပါးတည်းသောသားတော်ဖြစ်သော သခင်ယေရှုခရစ်တော်ဘုရားကို လောကထဲသို့ စေလွှတ်တော်မူ၏။

> **"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ ဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင်လောကီသားတို့ကို ချစ်တော်မူ၏။ (ယော ၃း၁၆)**

ခရစ်တော်ယေရှုသည် အပြစ်သားများကို ကယ်တင်ရန်ကြွလာသောကြောင့် – ခရစ်တော်ယေရှုကိုယ်တိုင်ပင်လျှင် လူသားအားလုံးအတွက် ***<u>သတင်းကောင်း</u>*** ဖြစ်တော်မူ၏။

ဘုရားသခင်၏သားတော်ဖြစ်သော သခင်ယေရှုခရစ်ကို နှုတ်နှင့်ဝန်ခံ၍ စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်သူတိုင်းသည် အပြစ်တရားမှကယ်တင်ခြင်းသို့ ရောက်၍ ထာဝရအသက်ကိုရနိုင်သော ဆုကျေးဇူးကို ပါခံစားရ၏။ (ရော ၁၀း၉) ခရစ်တော်ယေရှုအား ယုံကြည်သူများကို ခရစ်ယာန်ဟုခေါ်၏။ ထို့ကြောင့်

ကိုလည်း သိနေရမည်ဖြစ်၏။ ဘုရားသခင်သည် ဘယ်အတွက်လူကို ဖန်ဆင်းခဲ့ပါသနည်း၊ ဖန်ဆင်းရာတွင် ဘယ်ရည်ရွယ်ချက်များ ထားရှိခဲ့ပါသနည်း။

### (ခ) ဘုရားရှင်အတွက်အမှုတော်ဆောင်

ဘုရားသခင်သည် ဖန်ဆင်းလေသမျှထဲတွင် လူကိုအဆင့်မြင့်စွာ မိမိပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခဲ့၏။ မြင့်မားသောရည်ရွယ်ချက်များကိုလည်း ထားရှိခဲ့၏။ ထိုရည်ရွယ်ချက်များမှာ -

(၁) မိမိအားအစဉ်တစိုက်ကိုးကွယ်ဝတ်ပြုရန် (ထွက်မြောက် ၂၀:၃)
(၂) မိမိအားချစ်ခင်မြတ်နိုးရန် (တရား ၆:၅)
(၃) မိမိနှင့် အပြန်အလှန် မိတ်သဟာယပြု၍ အမှုတော်ကိုထမ်းဆောင်ခြင်းပြုရန် (တရား ၁၀:၁၂-) တို့ ဖြစ်ပေသည်။

ဘုရားရှင်သည် ကျွန်ုပ်တို့အား မည်ကဲ့သို့သောအမှုကို ထမ်းဆောင်ခြင်း ပြုစေလိုပါသနည်း။

### (ဂ) ဘုရားသခင်၏ဘဏ္ဍာစိုး

ဘုရားရှင်သည် မိမိ၏မူလရည်ရွယ်ချက်နှင့်အညီ ဖန်ဆင်းလေသမျှကို တိုးပွားရန်အတွက်လည်းကောင်း၊ စီမံအုပ်ချုပ်ရန်အတွက်လည်းကောင်း၊ ထိုက်တန်စွာအသုံးပြုရန်အတွက်လည်းကောင်း၊ ဖန်ဆင်းခံလူသားကို ယုံကြည်စွာဖြင့်အပ်နှံတော်မူခဲ့၏။ ဤသို့အပ်နှံခြင်းအားဖြင့် အမှုတော်ကိုဆောင်စေခဲ့၏။

**“အချင်းတို့ များစွာမွေးဖွားကြလော့၊ မြေကြီးကိုပြည့်စေ၍ နိုင်ကြလော့၊ ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးကြလော့၊ .... မြေတပြင်လုံး၌စပါးအသီးကို ဖြစ်စေသောစပါးပင်အမျိုးမျိုးတို့ကိုလည်းကောင်း၊ မျိုးစေ့ကိုဖြစ်စေသော အသီးအနှံနှင့်ပြည့်စုံသော သစ်ပင်အမျိုးမျိုးကိုလည်းကောင်း သင်တို့စားရန် ငါပေး၏။” (ကမ္ဘာ ၁:၂၈-၂၉)**

တနည်းဆိုသော် ဘုရားသခင်သည် လူကိုဖန်ဆင်းပြီးနောက် မိမိဖန်ဆင်းလေသမျှကို ထိန်းသိမ်းစောင့်ရှောက်ကြည့်ရှုသူအဖြစ် တာဝန်ပေးခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် **...လူသည်ဘုရားသခင်၏ ဘဏ္ဍာစိုးဖြစ်၏။**

ဘဏ္ဍာစိုးဆိုသည်မှာ ပိုင်ရှင်ကယုံကြည်၍ အပ်နှံထားသော အိမ်၊ မြေယာ၊ ဥစ္စာပစ္စည်းအဝဝတို့နှင့် ဆိုင်သောကိစ္စရပ်များကို စီမံခန့်ခွဲစောင့်ရှောက်သူ ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုချက်တခုက ဆို၏။

ခရစ်ယာန်သဘောအရ အဓိပ္ပါယ်ဖွင့်ဆိုရမည်ဆိုသော် ခရစ်ယာန်ဘဏ္ဍာစိုးတစ်ဦးသည် ဘုရားသခင်နှင့် ဆိုင်သောကိစ္စအဝဝကို ကမ္ဘာမြေပေါ်တွင် စီမံခန့်ခွဲသော မန်နေဂျာတဦး ဖြစ်၏။

ကောင်းသောဘဏ္ဍာစိုး တစ်ယောက်သည် ပေးအပ်ထားသောအရာအားလုံးကို ကောင်းစွာစီမံထိန်းသိမ်းစောင့်ရှောက်ရမည်။ အရှင်သခင်၏စကားကိုနားခံ၍အရှင်အပေါ်သစ္စာရှိရမည်။ (၁ကော ၄:၂) အရှင်သခင်အပေါ်ကြိုးနှံ့ဆက်ကပ်ခြင်းရှိရမည်။ ဥစ္စာပစ္စည်းများကိုမပျောက်စေဘဲ တိုးပွားအောင်စီမံခန့်ခွဲ တတ်ရမည်။ (မဿဲ ၂၅:၁၉-၃၀)

ဤသို့ဘုရားသခင်က လူအားဘဏ္ဍာစိုးအဖြစ် မိမိဖန်ဆင်းလေသမျှကို ယုံကြည်စွာအပ်နှံထားခဲ့သော်လည်း လူသည်ဘုရားရှင်၏ တားမြစ်ချက်ကို မလိုက်နာ၊ ဖောက်ပြန်ခြင်းပြု၍ မာရ်နတ်၏ သွေးဆောင်ရာနောက်သို့လိုက်ခဲ့သဖြင့် ဘုရားသခင်၏ရှေ့မှောက်မှ ကျဆင်းခြင်းသို့ ရောက်ခဲ့ရ၏။

### (ဃ) အပြစ်သား

လူသည်ဘုရားရှင်နှင့် ရင်းနှီးစွာမိတ်သဟာယပြု၍ ရင်းနှီးစွာဆက်ဆံနေထိုင်ခဲ့ရာမှ မှာကြားထားသည့်အတိုင်းမကျင့်ကြံ၊ ဘုရားသခင်ကမစားရန် တားမြစ်ထားသောအပင်မှ အသီးကိုစားခဲ့၏။ မာရ်နတ်၏ သွေးဆောင်ရာ နောက်သို့လိုက်၍ တားမြစ်ချက်နှင့်



ခရစ်ယာန်များသည် အပြစ်တရားမှကယ်တင်ခြင်းဆုကျေးဇူးကို ရရှိသူများ ဖြစ်၏။

### (စ) ဘုရားသခင်၏အမွေစားအမွေခံ-ခရစ်ယာန်ဘဏ္ဍာစိုး

ခရစ်တော်ယေရှုအား ယုံကြည်သူတို့သည် ကယ်တင်ခြင်းဆုကျေးဇူးကို ရသည်သာမက ဘုရားသခင်၏ အမွေစားအမွေခံသားသမီးအဖြစ်သို့လည်း ရောက်ကြ၏။

**“သင်တို့သည်သားဖြစ်သောကြောင့်၊ အာဗ ဟုခေါ်တတ်သောသားတော်၏ ဝိညာဉ်တော်ကို သင်တို့၏ စိတ်နှလုံးထဲသို့ စေလွှတ်၏။...သားဖြစ်လျှင်ခရစ်တော်ယေရှုအားဖြင့် ဘုရားသခင်၏ အမွေစားအမွေခံလည်း ဖြစ်ကြ၏” (ရော ၈:၁၅-၁၇၊ ဂလာ ၄:၆-၇)**

အမွေစားအမွေခံဖြစ်သည်အားလျော်စွာ ဘုရားသခင်ကချပေးသောဆုကျေးဇူးများကို ခံစားခွင့်ရရှိလာ၏။ တချိန်ထဲမှာပင် မိမိခံစားရမည့်အမွေကို ထိန်းသိမ်းခြင်း၊ တိုးပွားအောင်လုပ်ခြင်း၊ ထိုက်တန်စွာ အသုံးပြုခြင်း စသည့်တာဝန်များလည်းရှိလာပေသည်။

ထို့ကြောင့် ခရစ်တော်ကိုယုံကြည်သူများသည် ဘုရားသခင်ကပေးအပ်ထားသောဆုကျေးဇူးအားလုံးကို လောကတွင်စီမံခန့်ခွဲသူများ သို့မဟုတ် **ခရစ်ယာန်ဘဏ္ဍာစိုး** များဖြစ်ကြပေသည်။ ဘဏ္ဍာစိုးအဖြစ်ခံယူရရှိခြင်းသည် **အခွင့်ထူးတစ်ခု** ဖြစ်သကဲ့သို့ တစ်ဘက်မှလည်း တာဝန်များစွာရှိကြောင်းကို သတိပြုရမည် ဖြစ်ပေသည်။

### (ဆ) ခရစ်တော်၏ခန္ဓာကိုယ် - ဘုရားသခင်၏ ဗိမ္မာန်တော် - ခရစ်တော်၏သံတမန်

ခရစ်ယာန်များသည် ခရစ်တော်ယေရှုအား ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏အမွေစားအမွေခံအဖြစ်သို့ရောက်သည်သာမက၊ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းအဖြစ်အနေသို့ ရောက်လာသောကြောင့်၊ ခရစ်တော်၏ခန္ဓာကိုယ်၊ အင်္ဂါအစိတ်အပိုင်းများ ဖြစ်လာကြ၏။ ထို့ပြင် ခရစ်တော်အားကိုယ်စားပြု၍ လောကကြီးအတွင်းသို့ သံတမန်အဖြစ် စေလွှတ်ခြင်းကိုလည်းခံရ၏။ ယုံကြည်ခြင်းအားဖြင့် ဝိညာဉ်တော်ဆုကျေးဇူးကို ရရှိသောကြောင့် ဝိညာဉ်တော်ကိန်းအောင်းရာ ဘုရားသခင်၏ဗိမ္မာန်တော် အသွင်သို့ ကူးပြောင်းသွား၏။

ထို့ကြောင့်တမန်တော်ကြီး ရှင်ပေါလုက-

**“သင်တို့သည် ဘုရားသခင်၏ ဗိမ္မာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူသည်ကို လည်းကောင်း၊ မသိကြသလော .... ဘုရားသခင်၏ ဗိမ္မာန်တော်သည် သန့်ရှင်း၏”**

(၁ကော ၃:၁၆-၁၇) ဟူ၍လည်းကောင်း

**“သင်တို့သည်ခရစ်တော်၏ ကိုယ်ဖြစ်ကြ၏၊ အသီး အသီးအင်္ဂါတော်ဖြစ်ကြ၏။”**

(၁ကော ၁၂:၂၇) ဟူ၍လည်းကောင်း

**“ငါတို့သည် ခရစ်တော်၏သံတမန် ဖြစ်ကြ၏၊ သင်တို့သည် ရန်ငြိမ်း၍ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ကြလော့”**

(၂ကော ၅:၂၀) ဟူ၍လည်းကောင်း၊ ယုံကြည်သူများကိုတင်စား၍ ဖော်ညွှန်းခဲ့၏။

ဤဖော်ညွှန်းချက်နှင့်အညီ ခရစ်ယာန်တိုင်းသည် ဘုရားရှင်၏ဘဏ္ဍာစိုးများအနေနှင့် သန့်ရှင်းစင်ကြယ်သောအသက်တာ၊ ခရစ်တော်ယေရှုနှင့် တစ်လုံးတစ်ဝတည်းဖြစ်၍ မပြတ်ဆက်သွယ်နေသောအသက်တာ၊ ဘုရားရှင်နှင့် မပြတ်မိတ်သဟာယပြု၍ခရစ်တော်ကိုကိုယ်စားပြုသော စံနမူနာအဖြစ် အတုယူနိုင်သည့် အသက်တာဖြင့် အသက်ရှင်နေထိုင်ရန်လည်း လိုအပ်ပေသည်။

*ဦးအောင်လှထွန်း*

# ပညာအလင်း



ဘုန်းတော်ကြီး အက်စ် ထန်အုပ်

ပညာရှိရန် လူတိုင်းအတွက်အရေးကြီးသည်။ အချို့မှာ အတန်းစာတတ်မြောက်ခြင်း မရှိသော်လည်း၊ ကောင်းဆိုးဝေဖန်နိုင်ခြင်း၊ ပတ်ဝန်းကျင်အကျိုးပြု လုပ်ငန်း ကြံစည်နိုင်ခြင်း၊ဘဝကိုတင့်တောင့်တင့်တယ် တည်ဆောက်နိုင်သကဲ့သို့ ခေါင်းဆောင်ဖြစ်လျှင်လည်း နောက်လိုက်ငယ်သားများ ဘဝအေးချမ်းလုံခြုံရေးကို လည်း အစဉ်ရှေ့ရှုလုပ်ဆောင်တတ်သည်။

ပညာသည် ထာဝရဘုရားကို အခြေခံသော အရာဖြစ်သည်။ ဘုရားသခင်သည် ပညာကိုအသုံးပြု ပြီး၊ မြေကြီးကိုတည်၍၊ ဉာဏ်တော်အားဖြင့် မိုးကောင်း ကင်ကို ပြင်ဆင်တော်မူပါသည်(သုတ္တံ ၃း၈)။ ပညာရှိ သူသည် သာမန်သူနှင့် ခြားနားမှုရှိသည်။ ထာဝရ ဘုရားကိုဦးထိပ်ထားပြီး၊ အရာရာကိုနှလုံးသွင်းဆင်ခြင် တတ်သည်။ သုတ္တံကျမ်း ၁၆း၂၃-တွင် ***"ပညာရှိသူ၏ နှလုံးသည် သူ၏နှုတ်ကိုသွန်သင်၍၊ သူ့နှုတ်ခမ်းတို့၌ ပညာအတတ်ကို ထပ်ပေါင်းတတ်၏"*** ဟုဖော်ပြထား ပါသည်။ ပညာအားနည်းသူသည် ဦးဆောင်သူဖြစ်လျှင် နောက်လိုက်တို့၏ ဘဝအခြေအနေယုတ်လျော့သည် သာမက မိမိဘဝသည်လည်းကျဆင်းကာ အများသူငါ ပြစ်တင်ရှုတ်ချဘွယ် ဖြစ်လာပေမည်။

ပုံပြင်တိုတစ်ပုဒ်အားဖြင့် ဆင်ခြင်နိုင်ရန် တင်ပြလိုပါသည်။

" ... တစ်ခါက သတ္တဝါတစ်စု ပျော်ပွဲရွှင်ပွဲ ပြုလုပ်ကြလေသည်။ ၎င်းပွဲတွင် ထမင်းဟင်းစား သောက်ပွဲလည်း ပါဝင်လေရာ၊ အမဲဟင်းချက်ကြရန် ပြင်ဆင်ကြလေသည်။ အမဲသားဖျက်ပြီးချက်ရေး ပြုတ်ရေးတာဝန်ကို ငှက်တစ်စုက တာဝန်ယူရလေ သည်။ ထမင်းချက်ရေးကို အခြားငှက်တစ်စုက တာဝန် ယူကာ ပျော်ပွဲတွင်ဗုံတီးခြင်းကို မျောက်အိုတစ်ကောင် ကတာဝန်ယူ တီးခတ်လေသည်။ ပျော်ပွဲပြုလုပ်၍ ကခုန်နေကြချိန်တွင် အိမ်အောက်၌ မသင်္ကာဖွယ်အသံ ကြားရသဖြင့် မျောက်တစ်ကောင်ကိုလွှတ်ပြီး ကြည့် စေသည်။ မျောက်သည် အပေါ်ယံလောက်သာကြည့်၍ တီကောင် တစ်ကောင်တွားနေသည်ကို တွေ့ရသဖြင့် တီကောင် သာတွေ့ရကြောင်း သတင်းပြန်ပို့လေသည်။ အသံမှာ ပျောက်မသွားဘဲ ကြားမြဲကြားရသောကြောင့် ၎င်းမျောက်ကိုပင် ထပ်ခါထပ်ခါစေလွှတ်ကြည့်စေသော် လည်း ယခင်နည်းအတိုင်းပင် တီကောင်ကိုသာတွေ့ရှိ ရကြောင်း သတင်းပေးလေသည်။ နောက်ဆုံးအိမ်ကြီး မှာ တိုင်များကျိုး၍ ပြိုလဲကာသတ္တဝါအားလုံး ဒဏ်ရာရ သူရ၊ သေသူကသေကာ ပျော်ပွဲတစ်ခုလုံး ပျက်စီးသွား လေတော့သည်။ အမဲဟင်းဖျက်၊ ချက်ပြုတ်တာဝန် ယူသူ ငှက်တစ်စုမှာ အမဲသွေးနှင့်လူးပြီး ပေကျံသော ကြောင့် ယနေ့တိုင်အနီရောင်ငှက်များအဖြစ် တွေ့ရသ ကဲ့သို့၊ ထမင်းချက်တာဝန်ကျငှက်များမှာ အိုးမဲပေကျံ ကြသောကြောင့်၊ ကျီးကန်းငှက်အဖြစ် ယနေ့တိုင်တွေ့ရ လေသည်။ မျောက်အိုကြီးမှာ ဗုံနှင့်လုံးထွေးလူးလိမ့်ကာ တောင်အောက်သို့ ကျဆင်းသွားလေသည်။"

အိမ်အောက်မှကြားရသောအသံမှာ အိမ်ပြို အောင်အိမ်တိုင်များကိုက်ဖြတ်သည့် ပွေး၏အိမ်တိုင် ကိုက်စားသည့်အသံပင် ဖြစ်သည်။ သို့ရာတွင် စေ့စပ် ဆင်ခြင်မှုမရှိသော/တနည်းအားဖြင့် ဉာဏ်ပညာအား နည်းသောမျောက်သည် မိမိပျော်ရွှင်မှုကို မစွန့်လွှတ်လို ၍၊ ဂဃနဏလေ့လာမှုမပြုဘဲ၊ ခဏမျှသာသွားကြည့်ပြီး ပြန်လာသောကြောင့် မြေပေါ်တွင်သာတွားနေသည့် တီကောင်ကိုသာ တွေ့ခဲ့ရသည်။ မြေအောက်လျှို့ဝှက် သောနေရာမှ တိုင်များကိုကိုက်ဖျက်သည့် ပွေးကောင် ကိုမတွေ့ရဘဲ အခြေနေမှန်မသိရသောကြောင့် ကြာ လာသောအခါ သတ္တဝါတစုလုံး၏ ဘဝစည်းစိမ်ပျက်စီး ခဲ့ရလေသည်။

မိမိကောင်းစားမှု၊ ပျော်ရွှင်ကျေနပ်မှုကိုသာ အလေးထားဦးစားပေးလျှင် ထာဝရဘုရားကိုပင် မျက်ကွယ်ပြုရတတ်သည်။ ဘုရားအလိုတော်လွဲဖယ်၍၊ သူတပါးအကျိုးစီးပွား နစ်နာဆုံးရှုံးစေသော်လည်း အားရကျေနပ်မှု ရှိတတ်သည်။ နောက်ဆုံး မိမိနောက် လိုက်ဘဝစည်းစိမ် ကျဆင်းပျက်စီးခြင်းကိုပင် ဝမ်းသာ ကျေနပ် ဖြစ်ရတတ်သည်။ အရေးကြီးသည်မှာ မိမိဘဝ အဆင်ပြေရန်သာ ဖြစ်သည်။

သမ္မာကျမ်းစာတွင် ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် ဉာဏ်ပညာအစဖြစ်သည်ဟု ဖော်ပြထားပါသည် (ဆာလံ ၁၁၁း၁၀၊ သုတ္တံ ၉း၁၀)။ မမြင်နိုင်သော ထာဝရဘုရားကို ကြောက်လျှင်၊ ချစ် လျှင်၊ မျက်မြင်ရသော လောကညီအစ်ကိုများကိုလည်း ချစ်ရမည်ဖြစ်သည် (၁ယော ၄း၂၀)။ ထာဝရဘုရားကို အခြေခံသည့် ပညာကိုမြတ်နိုးခုံမင်သူသည် ခပ်သိမ်း သောအရာကို ဖန်ဆင်းသည့် နှုတ်ကပတ်တော်တည်း ဟူသော ခရစ်တော် ခုံမင်ပိုင်ဆိုင်ထားသူ ဖြစ်သည်။ (ယော ၁း၃၊ ၁ယော ၅း၁၂)။

ခရစ်တော်ကို ရယူပိုင်ဆိုင်ထားလျှင် ခရစ် တော်၏စိတ်သဘောကို ပိုင်ဆိုင်သဖြင့် (ဖိလိ ၂း၅) ခရစ်တော်နည်းတူ လောကတွင်သက်ရှင်နိုင်မည် ဖြစ် သည်။ မိမိကောင်းစားရေးမဟုတ်ဘဲ အများဘဝ သာယာစိုပြေ တိုးတက်ကောင်းမွန်ရေးအတွက် မိမိ အသက်ကိုပင်စွန့်နိုင်သူ ဖြစ်ပေမည်။ (ယော ၁၅း၁၃)။

ဘုရားသခင်သည် လူကိုဖြောင့်မတ်အောင် ဖန်ဆင်းသော်လည်း မိမိဉာဏ်ကိုအမှီပြုသက်ရှင်သော ကြောင့် အားနည်းမှုကို ဖြစ်ပေါ်စေပါသည်။ ထာဝရ ဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားသက်ရှင်လျှင် အသက်တာလမ်းကို ပွဲပြင်သည်သာမက သုခချမ်းသာ ကို ရရှိခံစားကြရပေမည်။

> ***"တိရိစ္ဆာန်သဘောရှိသောသူ မသိ၊ မိုက်သောသူနားမလည်သောအမှုအရာဟူမူကား၊ မတရားသောသူတို့သည် မြက်ပင်ကဲ့သို့ ပေါက်၍၊ အဓမ္မအမှုကိုပြုသော သူတို့သည် ပွင့်လန်းကြသောအခါ၊ ထာဝရပျက်စီးခြင်း သို့ရောက်ရသော အကြောင်းပေတည်း"***
>
> (ဆာလံ ၉၂း၆-၇)

*ဘုန်းတော်ကြီးအက်(စ်)ထန်အုပ်*

ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်တိုက်ဖုံး၍နေသည်။ တစ်ချက်တစ်ချက် စူးစူးဝါးဝါး အော်မြည်လိုက်သော ငှက်ဆိုးတို့၏အသံက ဝန်းကျင်တစ်ခုလုံးရိုက်ခတ်သွားသည်။ ညို့ညို့မှိုင်းမှိုင်း ကုက္ကိုပင်ကြီးများမှာ မကောင်း ဆိုးဝါးကဖမ်းစားမည့်အသွင်ပင်။ လေတိုးသံကြောင့် တဟဲဟဲမြည် နေသည့် ညောင်ရွက်တို့ ထိခိုက်သံမှာ သားကောင်ရ၍ ပျော်ရွှင်နေသော သားရဲအသွင်ပင် ဖြစ်ပါတော့သည်။

နေရာက ငမိုးရိပ်ချောင်းနံ ဘေးကမ်းခြေတစ်နေရာ၊ အခါက လမိုက်ညသန်းခေါင်ကျော်၊ လူငယ်တစ်ယောက် သချိုင်းမြေပေါ်တွင် တောင့်တောင့်ကြီး ရပ်နေသည်။ လက်သီးကိုဆုပ်၊ အံကိုကြိတ်လျက် မျက်ရည်တွေ၊ တွေတွေကြဲနေသည်။ သူစူးစိုက် အာရုံပြုနေသည်က သင်းအုပ်ဆရာတော် ဦးရွှေ၊ ဒေါ်ထွေးတို့၏ အုတ်ဂူခြေရင်းတွင် ဖြစ်ပါသည်။

"အဖေ... အမေ.. သား ဂါရဝပြုပါတယ်...တစ်ချိန်တစ်ခါက သားရဲ့မိုက်မဲမှုအတွက် သား ပေးဆပ်ပါ့မယ်။ ကမ္ဘာကုန်ကျယ်သ၍ဘဲဖြစ်ဖြစ်၊ မြေကြီးစွန်းတိုင် အောင်ဘဲဖြစ်ဖြစ် အသက်နဲ့ခန္ဓာ မြဲနေသမျှ အမေချစ်တဲ့ အဖေတူသား၊ အမေဖြစ်စေချင်တဲ့ အမှုတော်ဆောင်ဘဝနဲ့ သားအသက်နဲ့ ခန္ဓာကို သာသနာအတွက် ပေးဆပ်ပြီး၊ ဖေဖေ.. မေမေတို့ ရောက်နေမယ်လို့ သားယုံကြည်တဲ့ ခရစ်တော်ရင်ခွင်ကို.. သားအရောက် လာခဲ့ပါ့မယ်။"

ဂူနှစ်လုံးခြေရင်းတွင် သူရူးအသွင် အဓိဋ္ဌာန်ပြုနေသူက ဆရာဦးရွှေ၊ ဒေါ်ထွေးတို့၏ တစ်ဦးတည်း သောသား၊ ယမန်နေ့ညနေကမှ ဓမ္မတက္ကသိုလ်ဘွဲ့ယူ ကျောင်းဆင်းလာသူ အောင်ရေး၊ သူက ကြုံရာ၊ ရရာနှင့် လိုက်လာကာသူ၏ အပြစ်ကြွေးအတွက် အမိအဘတို့အား ဂါရဝပြုယင်း အဓိဋ္ဌာန်ပြုနေခြင်းဖြစ်ပါသည်။

* * * * * * *

# မြေကြီးစွန်းတိုင်အောင်

သိက္ခာရဆရာ

ဦးပုအောင်



အောင်ရေးက သင်းအုပ်ဆရာဦးရွှေနှင့်ဒေါ်ထွေးတို့၏ တစ်ဦးတည်းသော ရင်နှစ်သည်းချာ၊ သားရတနာဖြစ်သည်။ ငယ်စဉ်ကပင် အမိအဘတို့၏ ကြပ်တည်းသော ဆုံးမသွန်သင်မှုနှင့် အသင်းတော်၏ စည်းမျဉ်းဥပဒေဘောင်တွင်း နေထိုင်ခဲ့ရသည်။

ထိုသို့နေထိုင်ယင်းပင် အပြစ်ရှာလိုသူများမှ "အောင်ရေး ငပွေး.၊ အခြောက်ကလေး....." ဟု စကြသည်။

ယှဉ်ပြိုင် ရင်ဆိုင်တော့ လည်း "သင်းအုပ်ဆရာသားဖြစ်ပြီးသည်း မခံတတ်ဘူး၊ မိုက်ရိုင်းတယ်" တဲ့၊ ရှောင်နေပြန်တော့လဲ..... "အခြောက်၊ ငကြောက်"တဲ့... ဘယ်သင်းမှမသက်သာ။ သည်တော့လည်း အရွယ်ရောက်လာသည့်တိုင်၊ အောင်ရေး၊ ဂျူဒို၊ ကရာတေး ကစားသည်။ စာကျက်၊ စာဖတ်သည်ပါဘဲ....။

"သား.... ဒီနှစ်မင်းဆယ်တန်းနော်..... ကစားတာနဲနဲလျှော့၊ စာကြိုးစား၊ အဖေတို့က မင်းကို ပညာကလွဲပြီး... ဘာမှ မပေးနိုင်ဘူး..."

"ဟုတ်ကဲ့ပါ အဖေ...."

"သား၊ အမေကတော့၊ သား ဆယ်တန်းအောင်ပြီးယင်.. ဓမ္မတက္ကသိုလ်တက်ပြီး မင်းအဖေလိုဘဲ သင်းအုပ်ဆရာကြီးလုပ်စေချင်တယ်...."

"ကျနော်ကြိုးစားပါ့မယ်.. အမေ"

သည်လိုနှင့် အောင်ရေးတို့ ဆယ်တန်းစာမေးပွဲ ဖြေခဲ့ကြသည်။ 'ကျောင်းမှန်မှန်တက် စာမခက်'ဆိုသည့်အတိုင်း ကျောင်းပျက်ရက်မရှိသော အောင်ရေးတို့ ကောင်းကောင်း ဖြေနိုင်ခဲ့ကြသည်။

နောက်ဆုံးနေ့တွင် အောင်စာရင်းမထွက်မီ အောင်ရမည်ဟု လုံးဝယုံကြည်သော သူငယ်ချင်းများနှင့် အပျော်ကြူးကြသည်။ ယစ်ရွှေရည်၊ ယမကာလည်းပါသည်ပေါ့။ အချိန်တန်တော့ အိမ်မပြန်ရဲ..၊ ကြုံရာသူငယ်ချင်းနှင့် လိုက်သွားခဲ့သည်။

ဆယ်တန်း သွားဖြေသည့်သား...၊ အချိန်တန် အိမ်ပြန်မရောက်တော့ မိဘနှစ်ပါးရင်တွင်း မီးလောင်ကာ ရှာကြ၊ ဖွေကြ သတင်းမေးကြသည်။ "ကားငယ်တစ်စီးငှားပြီး ငမိုးရိပ်ဆည်ဘက်သွားမည်ဟု သတင်းကြား၍၊ မှောင်ရီဝိုးတဝါး အဖေနှင့်အမေ ကြုံရာကားငှားကာ လိုက်သွားကြသည်။ ဂြိုလ်ဆိုးကြမ္မာငင်တော့ အမှုသမားယဉ်မောင်းနှင့်ကြုံကာ ယာဉ်မတော်တဆဖြစ်၍ ဆရာရွှေနှင့် ဒေါ်ထွေးတို့ ဆုံးပါးသွားခဲ့ကြသည်။

အောင်ရေးတစ်ယောက် နံနက်နိုးထ၊ သတင်းရပါမှ သူ့အမှားကြောင့် မိဘနှစ်ပါးဆုံးပါးရသည်ကို အပူလုံးကြွ၊ ယူကြုံးမရဖြစ်ခဲ့ရသော်လည်း "ဘခင်ကြီးဆုံးမခဲ့သည့် သမ္မာကျမ်းစာမှ၊ အဆိုးအားဖြင့် အရှုံးမခံနှင့်၊ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့" ဆိုသည့်အတိုင်း ဆယ်တန်း အောင်စာရင်း ထွက်သောအခါ အောင်မြင်၍၊ ဓမ္မတက္ကသိုလ် တက်ခွင့် လျှောက်ထားခဲ့သည်။ တွေ့ကြုံရသမျှ အခက်အခဲများအား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားထံ အသနားခံ ဆုတောင်းကာ ကြံ့ကြံ့ခံခဲ့သည်။

အောင်ရေးတို့ ဓမ္မတက္ကသိုလ်မှ ဘွဲ့တစ်ခုရ၍ အောင်ခဲ့ပါပြီ။

"အောင်ပြီ... အောင်ပြီ.. အောင်ပြီ..."

အောင်ရေးတို့ ဓမ္မတက္ကသိုလ်မှ အောင်ခဲ့ပြီ၊ ဘဝတက္ကသိုလ် အောင်ဖို့ ကြိုးစားရဦးမည်။ သင်းအုပ်ဆရာသားဖြစ်၍ သင်းအုပ်တို့၏ဘဝလမ်း ကြမ်းတမ်းသည်ကို အောင်ရေးသိပါသည်။

အဖေက ပညာတတ်ဖြစ်စေချင်သည်။

အမေက အဖေနဲ့ တူတဲ့ သင်းအုပ်ဆရာကြီး ဖြစ်စေချင်သည်။ အဖေနှင့်အမေမှာ အောင်ရေး အပြစ်တစ်ကွက်ကြောင့် အသက်စွန့်ခဲ့ကြရသည်။ အောင်ရေး အပြစ်အတွက် အဖေ့ဆန္ဒ၊ အမေ့ဆန္ဒတို့ကို အသွေး၊ အသက် သာသနာတော်အတွက် ပေးဆက်ကာဆပ်ရမည်။

အရှေ့ဘက် ကောင်းကင်စွန်းက နေဝန်းကြီး ပေါ်လာတော့မည်။ မှောင်မဲနေသော သချိုင်းမြေမှာ အရှေ့နေဝန်းကြောင့် လှပသော အလင်းတန်းများ ဖြာကျနေသည်။

## သင့်အတွက်

အဝေးသင်ဓမ္မတက္ကသိုလ်

* ဓမ္မပညာရပ်များကို မိမိအိမ်ကသင်ယူနိုင်ပြီ။

* သင်သိလိုသော နက်နဲသည့်အသင်းတော်၏ ကျင့်သုံးမှု၊ ယုံကြည်ချက်များကို လေ့လာနိုင်ပြီ။

* သင့်ဝိညာဉ်အတွက် လိုအပ်သော ဝိညာဉ်ဗဟုသုတကို ဆည်းပူးနိုင်ပြီ။

* (၂) နှစ် သင်တန်းဖြစ်သည်။

**အမြန်ဆက်သွယ်ပါ။**

ပထမနှစ်သင်တန်းကြေး (၅၀၀) ကျပ်

ဒုတိယနှစ်သင်တန်းကြေး (၆၀၀) ကျပ်

အဝေးသင်ဓမ္မတက္ကသိုလ်ဌာန
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
၁၀၄၊ အင်းယားလမ်း
တက္ကသိုလ်စတိုက်၊ ရန်ကုန်မြို့


မြေကြီးစွန်းတိုင်အောင်မှအဆက်*

နံနက်ခင်း နေ့ငှက်ငယ်တို့၏ သာယာသောတေးသံသာ တီတီတာတာကြားနေရသည်။

"အဖေ. . အမေ. . သားဂါဝရပြုခဲ့ပါတယ်။ အဖေ့အလို အမေ့ဆန္ဒပြည့်ဝအောင် သားဆက်ကပ် အမှုတော်ဆောင်ပါ့မယ်။ နာဟူသမျှ ရင်မှာထားလို့ သာသနာတော်မှ ထားရာနေ၊ စေရာသွားလို့ မြေကြီးစွန်းကို ရောက်ချင်ရောက်၊ သားသွားပါ့မယ်. . . . အဖေ. . အမေ တို့ရယ်"

အာရုံဦး အလင်းရောင်နှင့်အတူ သန်မာထွားကြိုင်းသည့်လူငယ်တစ်ယောက်၊ သချိုင်းကိုကျောခိုင်းကာ ထွက်ခွါလာနေသည်။ သူက အမေချစ်တဲ့၊ အဖေတူသား၊ ခရစ်ယာန်သာသနာတော်က မြေကြီးစွန်းသို့စေပါလေစေ သွားမည့်သူပါပေ. . . .။

(သိက္ခာရဆရာဦးမြသောင်း)





# မပြည့်ဝန်း

ငြိမ်းချမ်းသောဝမ်း

မေစ္ဆာခင်နှင်း

ယနေ့ ကျွန်မ၏အိမ်တွင် လူစည်ကားနေပါသည်။ အကြောင်းမှာ ကျွန်မ၏အသက်(၇၀)ပြည့်မွေးနေ့ပွဲကိုကျင်းပနေသောကြောင့်ဖြစ်ပါသည်။

ဘုရားရှင်သည် ကျွန်မကို ယနေ့ထက်တိုင် အသက်ရှင်ခွင့်ပေးသောကြောင့် ကျေးဇူးတင်မိပါသည်။ အသက်တာတစ်လျှောက်တွင် ခံစားရသော ဘုရားရှင်၏ ဆုကျေးဇူးကို ရေတွက်၍ကုန်နိုင်မည်မဟုတ်ပါ။ ကျွန်မသည် ယခင်ပျိုရွယ်စဉ်က မိခင်အသင်းတော်တစ်ခုလုံးတွင်ပါဝင်ဆက်ကပ်ပြီး ဥက္ကဋ္ဌရာထူးဖြင့် နယ်ပေါင်းစုံကို လှည့်လည်ဖူး၍မသိသူမရှိသလောက်ပါ။

ယခု ဤတာဝန်များကို သမီးငါးယောက်က ပုခုံးပြောင်းတာဝန်ယူလိုက်ကြပါပြီ။ ဘယ်မှမသွားနိုင်တော့ပေမယ့် လိုအပ်သည့်အကြံဉာဏ်များကို သမီးတို့အားပေးနေဆဲပါ။

ခါတိုင်း၌ ကျွန်မမွေးနေ့ပွဲကို အကျဉ်းသာ ပြုလုပ်ခဲ့သော်လည်း ယခု သားသမီး၊ မြေးမြစ်စုံလင်စွာဖြင့် ကြီးကျယ်စွာပြုလုပ်နိုင်ခဲ့ပါပြီ။ မြေးများအားလုံးထဲတွင် ကျွန်မ ပင်ပန်းစွာပြုစုပျိုးထောင်ပေးခဲ့ရသော သမီးအကြီးဆုံးမှမွေးဖွားသည့်မြေးအကြီးပြေလွင်နှင့် မြေးလတ် မင်းလွင်တို့မှာ ယခုထိ ရောက်မလာကြသေးပါ။ သူတို့နှစ်ယောက်မပါလျှင် ကျွန်မမွေးနေ့ပွဲ ပြည့်စုံမည်မထင်ပါ။ ကျွန်မသည် အိမ်ပေါ်မှ အိမ်ရှေ့လမ်းမသို့မျက်နှာပြုလျက် လည်တဆန့်ဆန့်နှင့် ရန်ကုန်ဖက်မှလာသောကားများကိုသာ မျှော်နေမိပါသည်။ ထိုစဉ် သမီးကြီးက. .

"မေမေ. . ထမင်းစားကြရအောင်လေ. . ."

"မေမေ့မြေး နှစ်ယောက်လာမှ အတူတူစားမယ်သမီးကြီး. . ."

သမီးကြီးက ကျွန်မအကြောင်း သိသဖြင့် ဘာမျှစောဒက မတက်တော့ပဲအခြားသူများစားရန် ထမင်းပွဲများ ပြင်ဆင်နေပါ သည်။ ထိုစဉ် အိမ်ရှေ့သို့ ကားရပ်သံကြားသဖြင့် ကျွန်မကြည့်လိုက်သောအခါ မြေးနှစ်ယောက်ကို မြင်လိုက်ရပါသည်။ အထုပ်အပိုးများနှင့် ကျွန်မ၏ ချစ်မြေးနှစ်ယောက်ရောက်လာကြပါပြီ။

"ဖွားဖွား. . သားတို့ကို စိတ်ဆိုးနေပြီလား. . သားတို့ ကိစ္စလေးတွေမပြတ်တာနဲ့. နောက်ကျသွားတယ်. . . ဖွားဖွားအတွက်. . အကောင်းဆုံး မွေးနေ့လက်ဆောင်ဝယ်လာတယ်. . . . ."

ကျွန်မ သူတို့နှစ်ယောက်၏ လက်ကိုတင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း ဖြည်းညှင်းစွာခေါင်းခါပြလိုက်ပါသည်။ အဘယ်ကြောင့် စိတ်ဆိုးရပါမည်နည်း။ သူတို့သည် ခရစ်တော်နှစ်သက်သည့် အမှုတော်ဆောင်များပင်ဖြစ်သည်။ မြေးအကြီးပြေလွင်က မိဘမဲ့ ကလေးများထိန်းသိမ်းစောင့်ရှောက်ရေးဌာနတွင် တာဝန်ထမ်းဆောင်နေသကဲ့သို့ မြေးလတ်မင်းလွင်က ကျွန်မကိုပင် ပွဲတော်စီရင်နိုင်သော ဘုန်းတော်ကြီး တစ်ပါးပင်ဖြစ်နေပါပြီ။ အခြားမြေးများကလည်း အသင်းတော်တွင် ကျရာနေရာမှ ပါဝင်ဆက်ကပ်နေကြပါပြီ။

ထမင်းဝိုင်းကလေးသည် မြေးများစုံလင်စွာနှင့် စည်ကားနေပါပြီ။ ဤမြင်ကွင်းကိုကြည့်ပြီး လွန်ခဲ့သော ၂၇ နှစ်က ဘုရားသခင်ရုပ်သိမ်းသွားသော ကျွန်မ၏ခင်ပွန်းကို ပြန်ပြောင်းသတိရနေမိပါသည်။ သူချပေးခဲ့သော မျိုးစေ့များကို အခက်အခဲများကြားမှ ရှင်သန်အောင် ပြုစုပျိုးထောင်ပေးခဲ့ရာ အောင်မြင်ခဲ့ပေပြီ။

ဂလာတိဩဝါဒစာ ၆း၇-၈မှ **'လူသည် စိုက်ပျိုးသည့်အတိုင်းပင် ရိတ်သိမ်းရလိမ့်မည်။ ရုပ်ခန္ဓာ အလို့ငှာ စိုက်ပျိုးသူသည် ရုပ်ခန္ဓာဆိုင်ရာ ပုပ်ပျက်ခြင်းကို လည်းကောင်း ဝိညာဉ်တော်အလို့ငှာ စိုက်ပျိုးသောသူသည်ဝိညာဉ်တော်မှ ထာဝရ အသက်ရှင်ခြင်းကို လည်းကောင်း ရိတ်သိမ်းရလိမ့်မည်'** ဟူသော ကျမ်းချက်အတိုင်း ဝိညာဉ်တော်အလို့ငှာ ကောင်းသောအရာများကို မျိုးစေ့ချ စိုက်ပျိုးခဲ့သည့်အတွက် ကောင်းသောအရာကို ရိတ်သိမ်းခဲ့ရပါပြီ။ ဤအရာအားလုံး သူ့ကိုမြင်စေချင်လှပါသည်။ ကျွန်မစိတ်အစဉ်သည် အတိတ်ဆီသို့ လွင့်မျောသွားပါသည်။

*****

"ကိုမောင်လှ. . . ရှင်အစာအိမ်ရောဂါကို ကုပါအုံးတော်. ."

"ရပါတယ်မိန်းမရယ်. . ဗိုက်အောင့်လာရင် ဆော်ဒါလေးဘာလေးသောက်လိုက်ရင် သက်သာပါတယ်ကွာ"

အမှန်တွင် ကျွန်မခင်ပွန်းသည် ဗိုက်ခွဲရမှာ ကြောက်၍မဟုတ်ပါ။ မိဘတို့ ခေါက်ရိုးကျိုးလမ်းစဉ်အတိုင်း သမီး(၅)ယောက်အား ပညာတတ်များဖြစ်ဖို့၊ လောကအလယ်တွင် လူတန်းစေ့နေနိုင်ဖို့ အတွက် သူ၏ကျောင်းဆရာလစာနှင့် ကျွန်မ၏ သင်ဖြူးသင်ဖျာ လုပ်ငန်းတို့ဖြင့် မလုံလောက်နိုင်ပါ။ ဤအကြောင်းရင်းများကြောင့် ကျွန်မဘဝတွင် မုန်တိုင်းထန်ခဲ့ပါသည်။

၁၉၇၂-ခု၊ ဩဂုတ်လ(၁)ရက် နံနက် ၁၀နာရီတွင် အစာအိမ်ရောဂါနှင့်သူ့ကို ဘုရားရှင်က ရုပ်သိမ်းသွားခဲ့ပါသည်။ သူ မဆုံးခင်အထိ သမီးများသာမွေးခဲ့ပါသည်။ ကျွန်မကို သူက. . . နောင်တစ်ချိန်မြေးယောကျ်ားများရလာပါက ဘုန်းတော်ကြီးတစ်ပါးလောက်ပါအောင် ပြုစုပျိုးထောင်ပေးရန် မှာကြားခဲ့ပါသည်။ သမီးအငယ်ဆုံးက (၅) နှစ် အရွယ်ဖြင့် ကျန်ရစ်ခဲ့ပါသည်။

အာကာသ ဟင်းလင်းပြင်ကို ရောက်ရှိသွားသလို ကိုယ်တွယ်စရာ နွယ်တစ်ပင်၊ မြက်တစ်ပင်မျှမရှိတော့ဟု ခံစားလိုက်ရပါသည်။ ထိုအချိန်က ကျွန်မမိခင်မသေဆုံးသေးပါ။ ဝမ်းနည်းမှုအားလုံး မေမေက ဖြေသိမ့်ပေးခဲ့ပါသည်။

"သမီးရဲ့ခင်ပွန်းအတွက် ပူဆွေးသောကရောက်နေမယ့်အစား သူ့အတွက် တို့တတွေ ဆုတောင်းပေးရင်းနဲ့. နောင်တစ်ချိန်မှာ တို့တတွေပြန်ဆုံရမှာပါ။ သူအသက်ရှင်စဉ်အခါက ကောင်းသောအရာတွေကို လုပ်ဆောင်ခဲ့တယ်. . . . သူချပေးခဲ့တဲ့ မျိုးစေ့ကိုရှင်သန်အောင် လုပ်ဆောင်ပေးရင် တမလွန်မှာ သူကျေနပ်နေမှာပါ. . . . သမီးရဲ့ဘေးမှာ ဘုရားရှင်တစ်ပါး လုံးရှိနေသေးတယ်ဆိုတာ မမေ့နဲ့အုံး. . ."

ထိုအချိန်က မေမေ့စကားများသည် ကျွန်မအတွက်အားဆေးတစ်ခွက်ပင်ဖြစ်သည်။ ခင်ပွန်းသည် ဆုံးပြီးမကြာမီပင် သမီးကြီးအိမ်ထောင်ပြုခဲ့သည်။ မြေးလေးပြေလွင်ကို မွေးဖွားခဲ့ပါသည်။ ကျွန်မဝမ်းသာ၍မဆုံးပါ။ သမီးနှစ်ဦးစလုံးသည် ကျောင်းဆရာမများ ဖြစ်သည့်အတွက် ထိုအချိန်က ဘိုကလေးဆရာအတတ်သင်သို့တက်ရန် အမိန့်စာရောက်ရှိလာပါသည်။ ထိုအချိန်က မြေးလေးပြေလွင် နှစ်လပင်မပြည့်သေးပါ။

"အမေရယ်. . . . . သမီးတို့လည်းအားနာလှပါတယ်။. . မသွားရင်မဖြစ်ဘူးလို့ပြောတယ်. ."

"ဘာမှ နောက်ဆံမတင်းပါနဲ့ သမီးတို့ရယ်. . ငါ့မြေးလေးပြေလွင်ကိုနို့ဗူးနဲ့. ကြည့်ထားပေးပါ့မယ်ကွယ်. . . စိတ်ချသာသွားကြပါ။"

လသားသာရှိသေးသည့် မြေးလေးပြေလွင်သည် မိခင်ရင်ခွင်နှင့်ဝေးကွာစွာကျန်ရစ်ခဲ့ပါသည်။ ကျွန်မအတတ်နိုင်ဆုံးကြည့်ရှုပြုစုခဲ့ပါသည်။

တစ်နေ့တွင် သမီးလတ်က.

"မေမေ. . . တူလေးပြေလွင်ခါတ်တွေအရမ်းသွားနေတယ်. ."

"ဟုတ်လားသမီး. . ဒါဆိုမေမေတို့ ဆေးရုံအမြန် ပို့ကြရအောင်"

မြေးလေးပြေလွင်ကို ချက်ချင်းပင် ဆေးရုံသို့ပို့လိုက်ပါသည်။ မြေးလေးခမျာ တစ်ကိုယ်လုံးပြာနှမ်းနေပြီး ဆေးရုံရောက်သောအခါ လုံးဝသတိမရတော့ပါ။ ထိုအချိန်တွင် တာဝန်ကျ မြို့နယ်ဆရာဝန်သည် အရေးကြီးသည့်ကိစ္စတစ်ခုဖြင့် ခရီးထွက်နေပါသည်။ အိမ်နီးနားချင်း မိတ်ဆွေများမှာသုသာန်သို့ပို့ဆောင်မြှုပ်နှံရန် ပြင်ဆင်နေကြပါပြီ။ "အရာရာကို တတ်နိုင်တာဟာ ဘုရားရှင်ပဲလေ"ဟု သတိရပြီး ကျွန်မချက်ချင်း ဘုရားသခင်ထံဆုတောင်းလိုက်ပါသည်။

"ဘုရားရှင်. . . တပည့်တော်မရဲ့ မြေးလေးပြေလွင်ဟာ မိခင်ရင်ခွင်နှင့်ဝေးကွာသော်လည်း ဘုရားရှင်ရင်ခွင့်မှာ အမြဲခိုလှုံနေတဲ့ သားလေးဖြစ်ပါတယ်. . . နောင်တစ်ချိန်သူကြီးပြင်းလာရင် ဘုရားရှင်နှစ်သက်တဲ့ အမှုတော်ဆောင်တစ်ယောက်ဖြစ်လာအောင် ကျွန်မတို့ ဝိုင်းပြီး ပြုစုပျိုးထောင်ပေးမယ်လို့ကတိပေးပါတယ်. . . . သူ့အားအသက်ရှင်ခွင့်ရရှိစေရန် သူ့ကိုကုသပေးမယ့် ဆရာဝန်ချက်ချင်းပြန်ရောက်လာစေရန် ဆုတောင်းပါသည်ဘုရား. . . . အာမင်"

ကျွန်မ၏ဆုတောင်းသံကို ဘုရားရှင် နားညောင်းခဲ့ပါသည်။ ဆရာဝန် ချက်ချင်းပြန်ရောက်လာပြီး အချိန်မီကုသခွင့်ရသည့်အတွက် ယခုအသက်ရှင်ခွင့်ရပြီး ပြည်သူ့အကျိုးပြု သားလေးတစ်ယောက် ဖြစ်နေပါပြီ။

ဒုတိယမြေးလေး မင်းလွင်ထပ်မံမွေးဖွားပြီးနောက် သင်တန်းထပ်မံတက်ခဲ့ကြရပြန်သည်။ ပုခက်နှင့်သာအိပ်တတ်သော မင်းလွင်သည် မိခင်မရှိသည့်အတွက် မြေးလေးပြေလွင်လို ဖြစ်မှာစိုး၍ ကျွန်မ ပို၍ပင်ပန်းစွာ ဂရုစိုက်ခဲ့ပါသည်။ နေ့ရောညပါ ပုခက်ထဲထည့်ထားရပါသည်။ ညဘက်ရောက်ရှိသောအခါ အမိုးကို အပေါက်နှစ်ပေါက်ဖောက်ထားသောခြင်ထောင်ထဲတွင် ပုခက်ဆင်ပြီး လွှဲသိပ်ခဲ့ရပါသည်။ ဤမျှ ကျွန်မပင်ပန်းခဲ့ရပါသည်။ ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်၏။ ယခုကျွန်မ၏ ဒုတိယမြေးလေးမင်းလွင်သည် ကျွန်မကိုပင် ပွဲတော်ပေးနိုင်သော ဘုန်းတော်ကြီးတစ်ပါးပင် ဖြစ်နေပါပြီ။ ကျွန်မမည်မျှပင်ပန်းပါစေ၊ ပင်ပန်းသည်ဟုမထင်ခဲ့ပါ။ ကျွန်မခင်ပွန်း အဖြစ်ချင်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါပြီ။ ဝမ်းသာပီတိ ဖြစ်လွန်း၍ ကျွန်မပါးပြင်မှ မျက်ရည်တစ်စက် ကြွေကျသွားခဲ့ပါသည်။

*****

"ဖွားဖွား ဘာတွေစဉ်းစားပြီး မျက်ရည်ကျနေရတာသဲ. . . . ."

"ဘာမှ မဟုတ်ပါဘူးကွယ်. . ဒီလိုကြည်နူးစရာမြင်ကွင်းကို မင်းတို့အဘိုးကို မြင်စေချင်လို့ပါကွယ်"

မြေးအကြီးပြေလွင်က. . .

"စိတ်မကောင်း မဖြစ်ပါနဲ့ ဖွားဖွားရယ်. . . ဘိုးဘိုးက(ရှင်မဿဲ ၆း၃၃)မှာ ဖော်ပြထားတဲ့အတိုင်း 'ဘုရားသခင်နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ဦးစွာရှာကြလော့။ ထိုအရာအားလုံးကို ထပ်မံသနားတော်မူလိမ့်မည်' ဆိုတဲ့ ကျမ်းချက်အတိုင်း သူအသက်ရှင်တဲ့ကာလက အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့တယ်. . . ဘိုးဘိုးကို ကျွန်

တော်တို့မမြင်လိုက်.. မတွေ့လိုက် ရပေမဲ့ သမ္ဗုဂ္ဂဏ်သတင်းတွေဟာခုထိ မွှေးနေတုန်းပဲလေ... ဒါကိုသားတို့ က ဆက်လက်ထိန်း သိမ်းရမှာပေါ့ ဖွားဖွားရယ်... ကဲ.. အခြားမြေး တွေလည်းကတိပေးကြမယ်မဟုတ် လား...."

"ပေးပါတယ်"

မြေးများအားလုံး အသံပြိုင်တူ ထွက်လိုက်ကြပါသည်။ ထို့နောက် သမီးအငယ်ဆုံးက.....

"ကဲ.... မေမေလည်း သား၊ သမီးများသာမက မြေးများအတွက် အဆက်ဆက် ပင်ပန်းခဲ့တယ်။ အခု ကျွန်မတို့ အလှည့်ရောက်ပြီ၊ မေမေ အေးအေးဆေးဆေးသာ နေပေ တော့၊ ဒါမှ ကျန်းမာပျော်ရွှင်ပြီး ဘုရားသခင်နဲ့ မိတ်သဟာယပြု နိုင်မှာ....."

ကျွန်မကြည်နူးစွာ ပြုံးလိုက်မိ ပါသည်။ ကျွန်မချစ်ခင်ကြင်နာရ သောခင်ပွန်းရှိစဉ်အခါက သူနှင့် အတူလက်တွဲ၍ ငြိမ်းချမ်းစွာအ သက်မွေးဝမ်းကျောင်းပြုခဲ့ရသော နေ့ရက်ကာလများနှင့် ဘုရားသခင် ဆုချတော်မူသော သမီး(၅)ဦး အား ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရသော ဘဝအသက်တာကို ပြန်လည်သတိ ရမိပါသည်။

ထိုစဉ် တတိယသမီးက...

"ကဲ... မနက်ဖြန် တနင်္ဂနွေ နေ့မှာ ဆရာမင်းလွင်က တို့တစ် တွေအားလုံးကို ပွဲတော်ပေးပြီး တ ရားဟောနော်.... တို့အားလုံး နားထောင်ချင်တယ်... ကောင်း ကောင်းလေးဟောနော်....."

"စိတ်သာချ.... အဒေါ်တို့ ထမင်းမေ့.. ဟင်းမေ့... ဖြစ်သွား လောက်အောင် ဟောလိုက်မယ်"

အားလုံး ပွဲကျသွားပါသည်။ ဤသို့ ငြိမ်းချမ်းပျော်ရွှင်သော ဘဝ နှင့်ဘုရားသခင်အား ကျေးဇူးတော် ချီးမွမ်းသည့် အရာအားလုံးကို ခရစ် တော်၌ အိပ်ပျော်သွားသော ကျွန်မ ခင်ပွန်းအား မြင်စေချင်လှပါတော့ သည်။

မေပြည့်ဝန်း
(သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်)


**သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကျောင်းသားတစ်ဦးနှင့် အောက်ပါကဲ့သို့အင်တာဗျူးခဲ့သည်။**

စာရှုတ်ဆိတ် (ကေရာ)

မေး ။ ။ ကျမ်းစာကျောင်းမှာ ဘယ်အချိန်အပျော်ဆုံးလဲ။
ဖြေ ။ ။ ညနေခင်းအားကစားချိန်နဲ့ ညအိပ်ရန် ခေါင်းလောင်းတီးသံကြားရချိန်။
မေး ။ ။ အိမ်ကိုသတိရတဲ့အချိန်ရှိလား။
ဖြေ ။ ။ ထမင်းစားချိန်နဲ့ ပိုက်ဆံပြတ်တဲ့အချိန်။
မေး ။ ။ ဘယ်အချိန်တွေမှာ အိပ်ငိုက်ပြီးအိပ်ချင် တတ်သလဲ။
ဖြေ ။ ။ မနက်ဝတ်၊ နေ့လည်ဝတ်၊ ညဝတ်၊ ကုမ္ပလင် ဝတ်နဲ့ စာသင်ချိန်တွေမှာပါ။
မေး ။ ။ ကျမ်းစာကျောင်းမှာ ဘယ်ကိစ္စကို မြန်မြန် ဆန်ဆန်လုပ်ရဆုံးလဲ။
ဖြေ ။ ။ အိမ်သာတက်ခြင်းကိစ္စပါ။ လူဦးရေနဲ့ အိမ်သာအရေအတွက် မမျှတတဲ့အတွက်။
မေး ။ ။ ဒါနဲ့ပညတ်တော်ဆယ်ပါးထဲက အကြိုက် ဆုံးပညတ်ချက်ရှိလား။
ဖြေ ။ ။ 'ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက် ကိုအောက်မေ့လော့' ဆိုတဲ့ ပညတ်ချက်ဖြစ် တယ်။ ဘာ ဖြစ်လဲဆိုတော့ တနင်္ဂနွေနေ့က အလှူငွေရတဲ့နေ့မို့လို့လေ။
မေး ။ ။ သမ္မာကျမ်းထဲမှာ ဘယ်သူ့ကို သတ္တိအရှိဆုံး လို့ထင်လဲ။
ဖြေ ။ ။ ယေရှုကိုရောင်းစားရဲတဲ့ ယုဒရှကာရုတ်ရဲ့ သတ္တိကိုလေးစားတယ်။
မေး ။ ။ ကျမ်းစာထဲမှာ ဘယ်သူ့ကိုမကျေနပ်ဆုံးလဲ။
ဖြေ ။ ။ 'အိမ်ထောင်မပြုဘဲနေသော်ကောင်း၏' ဟု ရေးခဲ့တဲ့ ပေါလုကို။
မေး ။ ။ ကျမ်းစာထဲကဘယ်ကျမ်းကို အဖတ်ဆုံးလဲ။
ဖြေ ။ ။ ရည်းစားစာ ခဏခဏရေးနေတယ်ဆိုတော့ ရှောလမုန်သီချင်းကျမ်းကို အများဆုံးဖတ် ပါတယ်။
မေး ။ ။ ကျေးဇူးတင်ပါတယ်။ ။







ဩော်... နွေမှမိုး.... မိုး မှဆောင်း.. ရက်၊ လ၊ ရာသီတွေ အလီလီပြောင်းလဲလို့လာပါပြီမနှင်း ဆီ... ဒါပေမယ့်....။

အုန်းပင်တန်းကြီးကြားမှ ခန့် ငြားထယ်ဝါစွာနဲ့ မားမားမတ်မတ် ရပ်တည်နေတဲ့ ဒို့ သန့်ရှင်းသော ကားတိုင် ဓမ္မတက္ကသိုလ်ကျောင်း တော်ကြီးရဲ့ အဆောက်အအုံတွေ၊ ညီညာလှပနေသော မြေဝါလမ်း များနှင့် ခမ်းနားထယ်ဝါလှသော စာကြည့်တိုက်တို့က မမောနိုင်၊ မ ပန်းနိုင်ပဲ ကျောင်းတော်ကြီးရဲ့ အ လှဂုဏ်ကို တန်ဆာဆင်ထားလိုက် ပြီလေ.....

ဒါတောင်မကသေးဘူး မနှင်း ဆီ...၊ စနစ်တကျ အစီအရီစိုက် ပျိုးထားတဲ့ အုန်းပင်တွေ၊ ရွှေခရေ ပန်းတွေကြားက ကူးလူးပျံ့ဝဲနေကြ တဲ့ ဖြူ၊ နီ၊ ဝါ၊ ပြာစသော ရောင်စုံ လိပ်ပြာလေးတွေကြောင့်ပိုပြီးကြည် နူးစရာကောင်းတယ်မဟုတ်လား.

ဒါပေမယ့်မနှင်းဆီ.....

ဒီလို ကျောင်းတော်ကြီးရဲ့ အ လှဥယျာဉ်ဘုံထဲမှာအကြောင်းတစ် ခုကြောင့် ကြည်နူးမှုအနှစ်သာရကို အပြည့်အဝ မရရှိကြတဲ့သူတွေရှိ တယ်လေ.. ဒါက.. နှင်းဆီပဲအ သိဆုံးဖြစ်မှာပါ.....။

ဒို့တွေဟာ မြန်မာနိုင်ငံအရပ် ရပ်မှနေပြီး ယေရှုဘုရားရဲ့ အမှု တော်မြတ်အတွက် ပြင်ဆင်ဆက် ကပ်ဖို့ရန် ဒီ ကျမ်းစာကျောင်းကြီးဆီ ရောက်လာကြတော့ အမိမြန်မာ နိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးပေါင်း စုံနဲ့ ရင်းနှီးကျွမ်းဝင်ရတဲ့ အခွင့် ကြောင့် တို့ရင်ထဲမှာ မပြောပြနိုင် လောက်အောင် ပီတိဖြစ်မိတယ်။

အထူးသဖြင့် ချစ်စရာကောင်း တဲ့ နှင်းဆီဖြူကြောင့် ငြိမ်သက်နေ တဲ့ တို့စိတ်မနောမှာ အချစ်မြူမှုံ လေးတွေတစ်စစီ စုစည်းကြပြီး၊ လှိုင်းတွန့်လေးတွေလို တငြိမ့်ငြိမ့် လှုပ်ရှားစပြုလာကြတယ်ပေါ့...

ရှေးစာရေးဆရာ ကဝိပညာ ရှင်တွေက "အချစ်"ဆိုတဲ့ဝေါဟာ ရနဲ့ပတ်သက်ပြီး အမျိုးမျိုး အဓိ ပ္ပါယ်ဖွင့်ချက်တွေကို ဂရုမမူမိတဲ့ တို့တစ်ယောက်အနေနဲ့ အခုတော့ "အချစ်"ဆိုတဲ့ နိယာမကို ခံစား တတ်ဖို့ ပို့ချပေးတဲ့ ဆရာများရှိလေ တော့လည်း "အချစ်" ဆိုတဲ့စကား လုံးနဲ့ပိုပြီး အကျွမ်းတဝင်ရခဲ့ပြီပေါ့။

ဒီမှာ မနှင်းဆီ. . . . .

အချစ်ဆိုတဲ့ဝေါဟာရမှာ လူမျိုးခွဲခြားခြင်း၊ အဆင့်အတန်း၊ အသားအရောင် ဘာသာစကားမတူညီမှု၊ အဲဒီတံတိုင်းကြီးတွေမရှိပေမယ့်. . . ခရစ်ယာန်တစ်ယောက်အနေနဲ့ အိပ်ဟန်ဆောင်နေတဲ့ မင်းရဲ့လုပ်ဆောင်ချက်တွေဟာ အသိရခက်၊ ပဟေဋ္ဌိ မဆန်လွန်းပေဘူးလားဟင်. . ။

မင်းရဲ့ အမြဲပြုံးတတ်တဲ့ မျက်နှာ၊ ဖော်ရွေတတ်တဲ့ ဆက်ဆံရေး၊ တည်ငြိမ်တဲ့ အိန္ဒြေတွေဟာ တကယ်တော့ ကိုယ့်အတွက် မက်မောစရာဖြစ်လာခဲ့ပြီလေ. . . ။ အသုံးပြောရရင် မင်းရဲ့"ညို့စက်ကွင်း"ထဲမှာ နစ်မျောနေခဲ့တယ်ပေါ့. . ။

ဒါပေမယ့် မနှင်းဆီ. . . ။

မင်းရဲ့ ပဟေဋ္ဌိဆန်လွန်းတဲ့ တုံ့ပြန်မှုတွေဟာ ကိုယ့်ကို တစ်ခါမှ စိတ်ချမ်းသာမှုမပေးနိုင်ခဲ့ဘူးလေ။ တစ်ကယ်တော့ မင်းဟာ နာမည်နဲ့လိုက်အောင် ကိုယ့်အပေါ် အစွမ်းပြလိုက်တာမဟုတ်ဘူးလား. . . ။ နှင်းဆီပန်းဟာ ပန်းကြိုက်တတ်သူတွေရဲ့ စိတ်အာရုံကို ဆွဲဆောင်နိုင်ပေမယ့် ခူးယူသူတွေကိုတော့ စူးတတ်ကြပြန်တယ်လေ. . . ဝန်ခံစမ်းပါ မနှင်းဆီရယ်။

မင်းဟာ အသက်မဲ့တဲ့တပ်မက်စရာကောင်းတဲ့ ပန်းပုရုပ်လေးပဲမဟုတ်လား. . ။ တို့ရဲ့ ယုယပိုက်ထွေးချင်တဲ့စိတ်၊ ကူညီချင်တဲ့ စိတ်၊ ပေးဆပ်ချင်တဲ့စိတ်သဘောထားတွေဟာ တစ်ဖက်သတ်ချစ်တဲ့ တို့ရဲ့ဖြူစင်တဲ့ စိတ်သဘောထား ဟွေပါ မနှင်းဆီ. . ။ ဆူးကဲ့သို့ထောင်နေတဲ့ မင်းရဲ့ ဘဝင်မာနတွေကို ထုတ်ပစ်ပြီး ကိုယ်ချင်းစာဖို့ ကောင်းပါတယ်ကွယ်. . . ။

တကယ်တော့ နှင်းဆီအနေနဲ့

တို့လို လူသားတစ်ယောက်ရဲ့ တစ်ဖက်သတ်အချစ်ကို လျစ်လျူရှုနေနိုင်ပေမယ့်၊ တို့ထက်အဆပေါင်းများစွာခံစားပြီး မင်းကို တစ်ဖက်သတ်ချစ်နေတဲ့သူကိုတော့ သတိရဖို့ကောင်းပါတယ်။ သူဟာ ပျောက်ဆုံးသွားမယ့် တို့တစ်တွေရဲ့ ဝိညာဉ်ပေါင်းများစွာကို တစ်ဖက်သတ်ချစ်ခြင်းဟာ သူ့ရဲ့ အင်မတန်ကြီးမားလှတဲ့ "အချစ်"ပါ။ မင်းလို ဆူးအပြည့်နဲ့ ပွင့်တတ်တဲ့ပန်းတစ်ပွင့်ရဲ့ သဘောထားကို သူစိတ်နာပေလိမ့်မယ်. . . ။

အခုတော့လေ. . အကြင်နာယုယမှုမေတ္တာခေါင်းပါးတဲ့ နှင်းဆီရဲ့ "ညို့စက်ကွင်း"ထဲ နစ်မျောခဲ့တဲ့ တို့တစ်ယောက် ယေရှုဘုရားရဲ့ တစ်ဖက်သတ်ချစ်ခြင်းမေတ္တာကျေးဇူးကြောင့် တို့ဘဝဟာ အသစ်တစ်ဖန်ပွင့်သောပန်းလို ပွင့်လန်းခဲ့ရပြီလေ. . . . . ။

**"ကိုယ့်အဆွေအဖို့အလို့ငှာ၊ ကိုယ့်အသက်ကိုစွန့်ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။"**

(ယောဟန် ၁၅း၁၃)

ဆလိုင်းကံအောင်(ပလက်ဝ)

## ကလေးအတွေး




ကလေး ။ ။ "မေမေ သားဟမ်ဘာဂါနဲ့ ရေခဲမုန့်စားချင်တယ်"

မိခင် ။ ။ "မေမေ့ဆီမှာ ပိုက်ဆံသိပ်မကျန်တော့ဘူးသား၊ သားစားချင်ရင် ယေရှုရဲ့နာမ၌ ဆုတောင်းပေါ့"

ကလေး ။ ။ "သခင်ယေရှုသိပ့ါမလားမေမေ၊ ဟမ်ဘာဂါနဲ့ ရေခဲမုန့်တို့က ပေါ်လာတာမကြာသေးဘူးလေ"

စောမုတ်ဆိတ်(ကေတု)



"လောကအခက်အခဲ အမျိုးမျိုးတွေကြောင့် ကျွန်မတို့ပတ်ဝန်းကျင်မှာ ဒုက္ခကြုံတွေ့နေရတဲ့ ကျွန်မတို့ရဲ့ညီအစ်မတွေ၊ လမ်းမှားပေါ်ရောက်နေတဲ့၊ လမ်းလွဲပြီးပျော်နေတဲ့ ညီအစ်မတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် ဘဝကိုဟန်ဆောင်ပြီး မျှောလိုက်နေတဲ့ အမျိုးသမီး အိမ်ထောင်ရှင်တွေကို ကျွန်မတို့ ဝိုင်းဝန်းကယ်တင် ကူညီကြရပါမည်။ ဘာမှခဲယဉ်းတာ မဟုတ်ပါဘူး"။

'သခင်ယေရှုဟာ သူ့ရဲ့ အလင်းလမ်းကို အမျိုးသမီးတွေနဲ့စပြီး ဖွင့်ခဲ့တာပဲ။ ရှမာရိအမျိုးသမီးဆီမှာ ရေတောင်းသောက်ပြီး အမောဖြေခဲ့တယ်။ လမ်းလွဲပြီး အသက်မွေးတဲ့ အမျိုးသမီးငယ်ကို အကျဉ်းအကြပ်ထဲက ဆွဲထုတ်တယ်။ သူ့ရဲ့အသက်လမ်းကို ရှင်ပြန်အောင်မြင်တဲ့ ဖြစ်ရပ်ကို အမျိုးသမီးကို စပြီးတွေ့စေခဲ့တာပဲ။ ကျွန်မတို့ဘက်မှာ ဘုရားသခင်ရှိတဲ့အတွက် အမျိုးသမီးတွေ အားငယ်စရာမရှိပါဘူး။ ခွန်အားအများကြီး ပေးပါတယ်။ ဒယ်ဒီ အင်အားတွေနဲ့ ကျွန်မတို့ပတ်ဝန်းကျင်

# ပျော်ရွှင်မလား

ဒီဇင်ဘာမွန်း



က အားငယ်ဝမ်းနည်းနေတဲ့ ညီအစ်မတွေကို ဘယ်လို ကူညီကြမလဲ၊ နည်းလမ်းတွေ အများကြီး'

အစီအစဉ်ကို ဦးဆောင်သက်သေခံနေသည့် အမျိုးသမီးကိုကြည့်လျက် အားကျလေးစားစိတ်တွေတဖွားဖွား ဖြစ်ပေါ်လာခဲ့သည်။ နွယ်တို့နှင့်များကွာခြားပါဘိ။ သူမမှာရှိသည့် ဗဟုသုတမျိုး၊ အတွေ့အကြုံမျိုး၊ ခွန်အားမျိုး ရချင်စမ်းလှသည်။ သူမ၏ အဖော်သည် သူမကိုဘယ်လောက်များ ချစ်မြတ်နိုးလိုက်မလဲ။ သာယာပျော်ရွှင်သည့် အိမ်ထောင်တစ်ခုကို ရယူပိုင်ဆိုင်ဖန်တီးနိုင်မည့် အမျိုးသမီးဖြစ်မည်အမှန်ပင်။ သူမ၏သားသမီးတွေ ဉာဏ်ပညာထက်မြက်မည်မှာ သေချာလှသည်။ ဘဝကို လျှောက်လှမ်းနေစဉ် သူမ၏ခံစားချက်အလျဉ်၌ အဘယ်မျှလောက် သာယာ ချိုမြသည့် သံစဉ်တွေ ရှိပါမည်လဲ။

နွယ့်ဘဝကတော့ တေးသီချင်းနားပင်ကပ်ခွင့်မရ။ သံစဉ်ချိုမြဖို့ ဆိုသည်ကတော့ ဝေလာဝေးပင်။ မျက်ရည်နှင့် အားငယ်ဖြေသိမ့်မှုကိုသာအဖော်ပြုရသည့်ဘဝဖြစ်သည်။ နွယ့်အဖော်က အားကျစရာမရှိ။ မှီခိုတွဲယူ၍လည်းမရ။ နွယ်၏သားသမီးတွေမှာ လူလားမြောက်သည်မှ ယခုအချိန်အထိ ဘဝ၏ချိုမြိန်ခြင်းများကို ထိတွေ့မြည်းစမ်းခွင့်မရ၊ ပညာကို ဖြောင့်ဖြူးစွာသင်ကြားနိုင်ဖို့၊ ကျန်းမာသန်စွမ်းဖို့၊ နေ့ညအလျင်မီ အဟာရဖြည့်နိုင်ဖို့၊ အို...အခက်အခဲတွေ များလွန်းလှသည်။

တစ်ခါတစ်ရံ နွယ့်အပေါ်ထားရှိသည့် အဘဘုရားသခင်၏ ဂရုဏာကိုပင် သံသယဖြစ်ရသည်။ ခင်ပွန်းသည်၏ပယောဂဖြင့် နွယ့်စိတ်ဝိညာဉ်၊ နွယ့်ခန္ဓာ၊ နွယ့်နှလုံးသား၊ နွယ့်ဆန္ဒတွေအားလုံးမှာ အစဉ်ညှိုးမှိန်နေခဲ့ရသည်။ နွယ့်ကိုသနားပါဦး ဘုရားသခင်ရယ်။

ဝေ့ဝဲလာသည့် မျက်ရည်ကို ထိန်းသိမ်းလျက် အစီအစဉ်ထံအာရုံရှေ့ရသည်။ ဘုန်းတော်ကြီး၏ ဆုတောင်းသံကို နှလုံးသွင်းရသည်။ ကျွန်မအတွက်လည်း အထူးဦးစားပေးဆုတောင်းပေးပါဦး ဆရာရယ်ဟု မြည်တမ်းရသည်။ တကယ်လည်း နွယ်သည်မိမိကိုယ်မိမိ၊ တွယ်ရာမဲ့၊ အရှင်သခင်မဲ့ဘဝကဲ့သို့ ခံစားရသည်မှာ ကြာခဲ့လေပြီ။

ခင်ပွန်းသည်၏ သောက်စားမူးယစ်ဒဏ်ကြောင့် နွယ်နှင့်သားသမီးသုံးယောက်၏ ဘဝများမှာ ကြေမွပျက်စီးခဲ့ပြီ ဖြစ်သည်။ တစ်နည်းအားဖြင့် သူတစ်ပါးအိမ်ယာကိုဖျက်လိုဖျက်ဆီးလုပ်မိလာက တစ်ပူပေါ်နှစ်ပူဆင့်မည်စိုးရိမ်ကာ နွယ့်မှာ နေ့စဉ်စားသောက်ဖို့အပြင် သူ့အတွက်အရက်ဖိုးရှာဖွေလျက် ခင်ပွန်းသည်ကို အဆိပ်ပင် ရေလောင်းခဲ့မိသည်။ နောက်ဆုံးတွင် ဘဝကိုအလိုမကျခြင်း၊ မကျေနပ်ခြင်းကို ကြိုးစားခွင့်လွှတ်သည်းခံခြင်းတို့ဖြင့်သာဆောက်တည်ရာရတော့သည်။

နွယ့်အိမ်ထောင်တွင် ဘုရားသခင်ကို နေရာမပေးခဲ့တာကိုလည်း ဝန်ခံရမည်ပင်။ နွယ့်ဘဝတွင်ဘုရားသခင်ထက် စားဝတ်နေရေးကထိပ်တွင်ရောက်နေသည်။ လူမှုရေးမိတ်သဟာယထက် အိမ်ထောင့်တာဝန်တွေက အလျင်ရှိနေနှင့်သည်။ ဘုရားသခင်ကို အားကိုးခိုလှုံလျက် ငြိမ်သက်ရမည့်အစား၊ ငွေကြေးကို ကိစ္စတွေနှင့်သာ လုံးချာလိုက်နေခဲ့သည်။ ဘဝကို ငြိမ်းချမ်းစွာ အသက်ရှင်ရန်မှာ ပိုက်ဆံကအဓိက ဖြစ်နေသည်။ သဘာဝမကျလှသော်လည်း ရုန်းထွက်နိုင်အားမရှိပြန်ခဲ့ပေ။

'အာမင်'

ပရိသတ်သတ်၏ 'အာမင်' ရွတ်သံကြားမှ နွယ့်မှာအတွေးကမ္ဘာတွင်းမှလန့်နိုးလျက် ယောင်ယောင်မှားမှား 'အာမင်' ရွတ်ဆိုရသည်။ ကျွန်မ၏ ဘဝငြိမ်းချမ်းသာယာနိုင်ရေးအတွက် ကောင်းချီးမင်္ဂလာပေးသနားပါဘုရားဟုဖြည့်စွက်တောင်းဆု ပြုရသည်။

လူငယ်တစ်စုက သီချင်းသံစုံကျူးနေသည်။ အမျိုးသမီးများဆိုင်ရာ အထူးအစီအစဉ်ဖြစ်သော်လည်း အားလုံးပါဝင်ကြသဖြင့် ဝတ်ပြုခြင်းအစီအစဉ်မှာလူစုံလှသည်။ အသင်းတော်နှင့် ဝေးကွာနေသဖြင့် ရင်းနှီးသောမိတ်ဆွေများကိုပင် နှုတ်ဆက်ရာမှာ ခပ်ရှိန့်ရှိန့် ဖြစ်နေလေသည်။ အားလုံးမှာ နွယ်နှင့်သူစိမ်းပမာဖြစ်နေလေသည်။ သင်းအုပ်ဆရာကတော်က တိုက်တွန်းအားပေးသဖြင့် ခွန်အားတစ်ခုခုရှိဖို့ မျှော်လင့်လျက် ကြိုးစားတက်ရောက်ခြင်းပင် ဖြစ်သည်။

ဘုရားသခင်သည် တိုးဝင်ချဉ်းကပ်ခြင်းဖြင့် ငြိမ်းချမ်းမှု ပျော်ရွှင်ခြင်းနှင့် ခွန်အားတစ်ခုခုရဖို့ မျှော်လင့်မိသည်။

**"တို့ရဲ့ နှုတ်ဖျားမှာ ... မိုးမြေပမာ ကြီးမားလွန်းတဲ့ ... ကိုယ်တော်ရဲ့ မေတ္တာတရား ချီးမွမ်းတတ်ပေမယ့် ... အခြေအနေမှန်မှာ ... မြင်နေရတဲ့အဖြစ်ဆိုးတွေ ကြုံဆုံနေပါလျှက်နဲ့ ... ရှောင်လွှဲ လို့ထွက်ခွါချင် ... "**

နွယ်၏ဒုတိယသမီးမှာ သီချင်းသီဆိုမှု ဝါသနာ ထုံရုံမျှသာမက အသံလည်း ကောင်းလေသည်။ သို့သော် ဘဝအခြေအနေအရ သမီးမှာသီချင်း သံစုံလေ့ကျင့်မှုများတွင် မပါဝင်နိုင်ရှာ။ ကျောင်းမှအဆင်းဆိုင်တစ်ဆိုင်တွင် ဈေးကူရောင်းကာ အပိုဝင်ငွေ ရှာရလေသည်။ ဖခင်ဖြစ်သူသာ တာဝန်ကျေပါက သမီးသည် ဤအသိုင်းအဝိုင်းတွင် ငှက်ကလေးပမာ ပျော်မြူးနေပေရော့မည်။

**" ... ကိုယ်တိုင်ပါဝင်ပြီး တော့ ... အနစ်နာမခံနိုင်ခဲ့ရင် ... သင် ပြောခဲ့တဲ့စကားတွေ ... သီကျူးခဲ့တဲ့ သီချင်းတွေ ... ဘယ်လိုလုပ်ပြီး ... လူတွေနား လည်မလဲ ... "**

ဝတ်ပြုခြင်းအစီအစဉ် ပြီးသည့်အခါ ဧည့်ခံကျွေးမွေးခြင်း အစီအစဉ်ပါရှိလေသည်။ နှိုးဆော်အားပေးသည့်ဆရာမနှင့်အတူ နွယ်တို့ဧည့်ခံစားပွဲတစ်ခုတည်း၌ နေရာကျခဲ့သည်။ အခြားသူများနှင့် နှုတ်ဆက်ပြီးချိန်တွင် နွယ်လည်းဆရာမကို နှုတ်ဆက်ခွန်အားယူမည်စိတ်ကူးမိသည်။ နွယ့်ဘဝခံစားချက်တွေ သူမကိုအနည်းငယ်မျှဝေလိုက်လျှင် ပေါ့ပါးသွားမည် ထင်မိသည်။ ထို့ကြောင့် ဆရာမနှင့်အခြားမိတ်ဆွေတို့စကားပြောခြင်းကို ငြိမ်သက်စွာနားထောင် စောင့်ဆိုင်းနေလိုက်သည်။

" ဆရာမတို့အိမ်နားက ဒေါ်ရီလှိုင်ဟာကျွန်မနဲ့ငယ်သူငယ်ချင်းပါ။ ကွဲသွားတာကြာပါပြီ။ သူတို့ နေကောင်းကြရဲ့လား ဆရာမရယ်။"

"ဪ .... ဟုတ်ကဲ့၊ကောင်းမယ်ထင်ပါတယ်။ ကျွန်မနဲ့သူတို့က ခြံခြင်းကပ်နေပေမယ့် တစ်နှစ်တစ်ခါလောက်တောင် စကားမပြောဖြစ်ကြပါဘူး။ ဒေါ်ရီလှိုင်ကတော့ မဆိုးလှပါဘူး။ ဒါပေမယ့် သူ့သားသမီးတွေဟာ အဆင့်အတန်းမရှိဘူး။ အလကားပါဘဲ။"

"ဟုတ်လား ... သူ့အိမ်ထောင်မကျခင်ကတည်းက ကျွန်မနဲ့ကွဲသွားကြတာပါ ... ဆရာမရယ် ..."

"အမလေး ... ယောကျ်ားကလည်း မိုးလင်းကမိုးချုပ်အရက်သောက်၊ ဆဲဆိုကြိမ်းမောင်း၊ သားသမီးတွေကလဲအမေကိုမကြောက်။ ပြီးတော့ ကြုံရာကျဘမ်းလုပ်စားကြရတာ မဟုတ်လား။ ဘုရားမှန်း တရားမှန်းမသိ။ သူတို့နဲ့ အိမ်ချင်းကပ်နေရတာ သိပ်စိတ်ဆင်းရဲရတာပဲရှင်၊ ခရစ်ယာန်လို့ပြောရမှာတောင် ရှက်ပါရဲ့။"

ထိုဆရာမနှင့် သူ့မိတ်ဆွေတို့၏ စကားသံကြောင့်နွယ့်မှာ မူးဝေမေ့လဲကျမတတ်ခံစားလိုက်ရသည်။

"ဟုတ်တယ်၊ မိခင်အသင်းအစည်းအဝေးလည်းမတက်၊ လစဉ်အလှူငွေလည်းမထည့်နဲ့၊ စိတ်ညစ်စရာပါ..."

နေရာမှထရန် အားယူပြင်ဆင်စဉ်တွင်ပင် နံဘေးမှအမျိုးသမီးတစ်ဦး၏ထောက်ခံသံကို စိတ်ပျက်ဖွယ်ကြားရပြန်သည်။ သူမကလည်း မကြာခင်က အမျိုးသမီးအစီအစဉ်တွင် ကျမ်းစာဖတ်ခြင်းတာဝန်ယူခဲ့သူဖြစ်သည်။

စားပွဲပေါ်က ဧည့်ခံထားသည့် မုန့်တွေကိုပင်လက်ဖြင့်မတို့ဘဲ ထလာခဲ့သည်။စကားပြောရင်းအဆက်မပြတ်စားသောက်နေသည့် ဆရာမကြီးစားပါစေဟု ရည်ရွယ်ခဲ့သည်။ မည်သူကိုမျှ နှုတ်မဆက်ဘဲ လေတွင်လွင့်ပျံကာအိမ်သို့ပြန်ရောက်ချင်လှသည်။ သင်းအုပ်ဆရာကတော်ကိုလည်း နှုတ်မဆက်တော့။

ကိုယ့်အကြောင်း မဟုတ်သော်လည်း ကိုယ့်လိုဘဝတူလူသားတစ်ဦး၏ အကြောင်းဖြစ်သဖြင့် ကိုယ့်ကိုပြောသည့်နှယ် ခံစားမိခဲ့သည်။ နွယ့်ရှေ့မှာ အမှောင်ထုကြီးသာရှိသယောင်။ လေးဘက်လေးတန် ပိတ်ထားသော တံတိုင်းကြီးအတွင်း

## မန္တလေးလက်ထောက်သာသနာပိုင်ခန့်အပ်ခြင်း

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)၊ မန္တလေးသာသနာပိုင်နယ်၏ လက်ထောက်သာသနာပိုင်အဖြစ် မန္တလေးမြို့၊ ရှင်မာရိအသင်းတော်၏ တာဝန်ခံဘုန်းတော်ကြီးဖြစ်သူ ဘုန်းတော်ကြီးဖိလစ်အောင်ခင်သိန်း ကို ၁၉၉၉ ခုနှစ် ဩဂုတ် (၈)ရက်နေ့ နံနက် (၈း၃၀) နာရီက မန္တလေးမြို့ ခရစ်တော်ဘုရင်မင်း ဘွဲ့ခံကသီဒြယ် ကျောင်းတော်ကြီးတွင် ဘိသိက်ပေးခဲ့ပါသည်။

၄င်းဘိသိက်မင်္ဂလာဝတ်ကို မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ်ကြီး အန်ဒရေဦးမြဟန်မှ ဦးဆောင်၍၊ သာသနာပိုင်ကြီး ဦး အေၤလှအောင် (မန္တလေး)၊ သာသနာပိုင်ကြီး ယောဟန်ရှန်လုံ (မြစ်ကြီးနား)၊ သာသနာပိုင်ကြီး ဒီ၊ ပို့က်ကျင်း (ဘားအံ)၊ သာသနာပိုင်ကြီး ဒေါက်တာ ဋ္ဌါန်၊ ဝေးလ်မီ(တောင်ငူ)၊ လက်ထောက်သာသနာပိုင် ဂျိုးဇက် သန်းဖေ (ရန်ကုန်) နှင့် အနားယူသာသနာပိုင်ကြီး တီမောသေမြဝါးတို့က လက်တင်၍ ဘိသိက်ပေးခဲ့ပါသည်။

ဘုန်းတော်ကြီး ဖိလစ်အောင်ခင်သိန်းသည် မိုးညှင်းမြို့ ဧမာနွေလ ကျမ်းစာကျောင်းဆင်း ဖြစ်ပါသည်။ ဆရာကတော်မှာ ဆရာမဒေါ်လုလု ဖြစ်၍ သမီး (၂) ဦး ရှိပါသည်။

"ဆရာတော်အား ရှာလုမ်မဂ္ဂဇင်းမှ ဂါရဝပြု ကြိုဆိုပါကြောင်း"

*"ယခုရွေးကောက်ခြင်းခံရသူ ကျွန်ုပ်တို့၏ညီအစ်ကိုအား ကောင်းကြီးမင်္ဂလာကို ချပေးတော်မူလျက် ကျေးဇူးတော်ဖြင့် ခေါ်ယူခြင်းခံရသော အလုပ်ဝတ္တရားတို့ကို အသင်းတော်ဆောက်တည်ခြင်းနှင့် နာမတော်မြတ်၏ ဘုန်းတော်ထင်ရှားစေရန် ဆောင်ရွက်နိုင်စေပါမည့်အကြောင်း– အသနားတော်ခံကြပါသည် အဖဘုရား"*

*(သာသနာပိုင် ဘိသိက်ခံခြင်း – လိတနိဝတ်မှ)*

ရောက်နေသယောင်ပင်။

"လူတွေ ...လူတွေ၊ အားလုံးဟာအလကားပါပဲ။ ဘယ်သူမှ အထင်ကြီးခွန်အားရဖွယ် မရှိပါလား၊ ရေပေါ်ဆီတွေ ... ရေပေါ်ဆီတွေ ...သွား ...သွား အဲဒါ ...ဘုရားသခင်ရဲ့ အလုံးစုံသားသမီးတွေလား ... သွား ...အလကား ..." နွယ်တစ်ယောက်တည်း အော်ဟစ်နေမိသည်။ "ဒီလိုလူတွေဟာ အဘဘုရားသခင်ရဲ့ မေတ္တာတော်ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ပြောကြားကြတဲ့ ... အမာခံ လူတွေတဲ့လား ? ...

ဟား ... ဟား ... ဟား ...ရယ်ချင်လှပါဘိတယ်။ သီလယောင်ဆရာတွေ၊ သီလယောင် ဆရာမတွေ"

ခံစားချက်တွေ လျော့ပါးမသွားဘဲ ပိုမိုတင်းကြပ်လာခဲ့ခြင်းကို ဘုရားသခင်က ခွင့်လွှတ်ပါမည်လား?။ ခွင့်မလွှတ်လျှင်လည်း ခွင့်လွှတ်ပါလို့သာ တောင်းပန်ရတော့မည်။ နွယ့်နားထဲတွင်မူ သံစုံသီချင်းသံသာဆူညံ ဝဲပျံနေတော့သည်။

**"နှုတ်ဖျားနဲ့ ချိုးမွမ်းတဲ့ ... သီချင်းသံတွေ ... ရင်ထဲကမရှိတဲ့ ... တရားသံတွေနဲ့ ... ကိုယ့်အသိုင်းအဝိုင်းနဲ့ ကိုယ်သာကျေနပ်မှု ရှိခဲ့ရင် ... ကိုယ်တော်ဟာ ... ဒီအတွက် ပျော်နိုင်မလား ။ ... "**



# ရင်ထဲမှခံစားနားလည်ခြင်း

**မောင်ဖော်အောင်** ၊ရေလဲကြီး၊




အား. . . ကျိုးပြီ. . . ကိုတိုး လက်ကျိုးပြီ. . . .

ဒီအချိန်မှာ ကိုအောင်က ကျိုးတာမဟုတ်ဘူး အဆစ်လည်တာဟုဆိုကာ လက်ကိုဆွဲဆန့်ပြီးလှည့်လိုက်ပါသည်။ အား. . . နာတယ်။

သို့သော် လှည့်၍မရ၊ အဆစ်ဘဲပြုတ်သွားပြီလား၊ လက်ကောဖြတ်လိုက်ရမှာလား. . . ကိုတိုးရဲ့ ရင်ခုန်သံတွေက တဒိန်းဒိန်းမြည်လာသည်။ စိုးရိမ်စိတ်၊ အားငယ်စိတ်၊ ကြောက်စိတ်တို့ ရောထွေးလျက် နှလုံးခုန်နှုန်းက ပို၍၊ ပို၍ မြည်ဟီးလာသလိုခံစားနေရသည်။ "ဘုရားသခင်ရှိတာဘဲ. . . ဘာစိုးရိမ်စရာရှိလဲ" ခွန်အားယူလိုက်တဲ့ ကိုတိုးရဲ့စိတ်၊ ဒါပေမယ့် နှလုံးခုန်နှုန်းကတော့ လျော့၍မသွား၊ စိုးရိမ်စိတ်တို့ကို မျက်နှာပေါ်တွင်မပေါ်လွင်စေရန် အားတင်း၍သာ ငြိမ်သက်မှုကိုကြိုးစားတည်ဆောက်နေမိသည်။ ဘောလုံးကန်ရင်းမတော်တဆဖြစ်ခဲ့တာမို့ ကိုယ့်ကိုကိုယ်သာအပြစ်တင်မိသည်။ ဒီအချိန်မှာ ဆရာသန်းဦးမှ ဆေးခန်းသွားကြရန်ပြောသဖြင့် ကိုတိုးနှင့် အဖော်သုံးဦးလှည်းတန်းရှိ ဆေးခန်း၌ ဓါတ်မှန်ရိုက်ဖြစ်ပါသည်။ ဓါတ်မှန်ဆရာဝန်က ကျိုးတာဖြစ်

ကြောင်း အခက်အခဲရှိနိုင်ကြောင်း ပြောပါသည်။ မငြိမ်သက်တဲ့နှလုံးသားထဲ ထပ်ဆင့်တုန်လှုပ်မှုကိုခံစားရတာမို့ အားအင်တို့ပင် ကုန်ခန်းသလိုလို. . ရင်ထဲမှာ လှိုင်းတံပိုးတို့ ပြင်းထန်စွာ တိုက်ခတ်လှုပ်ရှားနေသည်။ ငြိမ်သက်ခြင်းက ဘယ်မှာမှမရှိ. . . ဘယ်သူ့ဆီကမှ မရ၊ စိတ်အစဉ်မှာ ဝေဝါးနေသည်။

'အို. . ဘာကြောက်စရာရှိလဲ ဘုရားသခင်အတူရှိတယ်လေ. . . အိုအဖဘုရားသခင် ကျွန်ုပ်နှင့်အတူရှိ၍ စိတ်၏ငြိမ်သက်မှုကို ပေးတော်မူပါ. . . အာမင်'

အားအင်တို့ကိုစုစည်းပြီး ဘုရားသခင်ဆီမှာ ဆုတောင်းအားယူနေမိသည်။

ဆေးခန်းမှာ ဆရာဝန်အား ထိုင်စောင့်နေစဉ် ကိုမဲနှင့် သူငယ်ချင်းများ ကားနှင့်ရောက်လာပြီး၊ ရန်ကုန်ဆေးရုံကြီးသို့ သွားမည်ဖြစ်ကြောင်း ပြောသဖြင့် ဆေးခန်း၌ဆရာဝန်ကိုစောင့်မနေဘဲ ဆေးရုံကြီးသို့ရောက်ရှိခဲ့ပါသည်။ ဆေးရုံကြီးတွင် ည ဆယ့်နှစ်နာရီ၌ ခွဲစိတ်ခန်းဝင်ရမည်ဟုပြောပါသည်။ ခွဲစိတ်ခန်းဝင်ရမည်ဟု ဆရာဝန်ကပြောသည်နှင့် ကိုတိုး၏ တင်းထားသော စိတ်ဓါတ်တို့ အရည်ပျော်သွားပြီလားမသိ။ ရင်ထဲမှာ ရထားကြီး ခုတ်မောင်းနေပြီး အားတင်းထားသည့်ကြားမှလျှင်အငယ်စားလေးက ရင်ထဲမှာ လှုပ်နေဆဲ။

"ကျွန်တော့်တွက် ဆုတောင်းပေးကြပါအုံးဗျာ"

လှုပ်ရှားနေတဲ့ စိတ်အစဉ်ကို ငြိမ်သက်ဖို့ သူငယ်ချင်းများကိုအကူအညီတောင်းလိုက်ခြင်းပါ။ အနည်းငယ် အားအင်တိုးလာသလိုပင်။ သူနာပြုဆရာမလေးနှစ်ဦးဝင်လာပြီး

"ကမ္ဘာ့ဖလားပွဲ အားကျလို့လား. . . ဟီ. . ဟိ" တဲ့. . . .

သူတို့ကလည်းတစ်မျိုး၊ ကိုတိုးမှာတော့ မချိသွားဖြဲဆိုသလို မပြုံးချင်ဘဲ သွားတို့ပေါ်အောင် ပါးစပ်ကိုဖြဲလိုက်ရပါသည်။

"ကိုတိုး မင်းက အမှုတော်ဆောင်တစ်ယောက်လုပ်မှာနော်. . ဒါလေးနဲ့တောင် မင်းမှာ ငြိမ်သက်ခြင်းမရှိရင် ဘယ်လိုအမှုတော်ဆောင်မှာလဲ ပြောစမ်းပါအုံး. . " မိမိကိုယ်ကို ပြန်မေးနေမိသည်။

ရှင်ပေါလုပြောခဲ့တဲ့ (ဖိ ၄း၆-၇)က ကျမ်းစာသားလေးကို အာရုံပြုပြီး ခွန်အားယူလိုက်သည်။

"အဘယ်မှုကိုမျှ မစိုးရိမ်ဘဲ အရာရာ၌ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဋ္ဌနာပြုခြင်းအားဖြင့်သင်တို့တောင်းပန်လိုသော အရာတို့ကို ထာဝရဘုရားအားကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှ ကြံ၍မမီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်။"

ည နှစ်နာရီခွဲမှ ခွဲစိတ်ခန်းဝင်ရသည်။ တစ်ခါမျှ မဝင်ဘူးသော ခွဲစိတ်ခန်းသို့ဝင်ရပြီ။ ကြောက်စိတ်တို့ကို တတ်နိုင်သမျှ ထိန်းချုပ်ရင်း ဘုရားရှင်ဆီမှာ အာရုံပြုဆုတောင်းနေမိသည်။

"သွေးတိုးရှိလား. . . နှလုံးရောဂါရှိလား" ဟု ဆရာဝန်၏အမေးကိုမရှိကြောင်းပြောလိုက်သည်။ ဒီတော့မှ ဆရာဝန်များက မေ့ဆေးဖြင့်ကုသမှုစတင်ပါသည်။ သတိရလာတော့ခေါင်းမှာမူးဝေနေသည်။

မငြိမ်သက်သောစိတ်တို့ လှုပ်ရှားမှု စတင်လာပြန်သည်။ သတိမေ့နေသည်ကပင်အကောင်းသား။ ဓါတ်မှန်ထပ်၍ရိုက်ရသည်။ အရိုးအနေအထားကပုံစံမမှန်. . အင်း ဆရာဝန်ကြီးတော့ ဘာလုပ်အုံးမည်မသိ။ ဆီး၊ သွေးတို့စစ်ရသည်။ ဘာရယ်ကြောင့်မသိ။ ၃၀. ၆. ၉၈ မနက်တွင် ခွဲစိတ်ကုသမှုကို ခံရမည်ဟုဆရာဝန်၏ပြောပြမှုကြောင့် ခေါင်းများပင် ကြီးသွားမိသည်။ ကြိုးစားပြီး စိတ်၏ငြိမ်သက်မှုကို ရရန်ကျမ်းစာကိုဖတ်သည်။ မရ. . အိပ်ပစ်လိုက်သည်။ နိုးလာတော့ ငြိမ်သက်မှုရှိလာသလိုပင်. . ခွဲစိတ်ခန်းဝင်ရတော့မည်။စိတ်ကဖောက်လာပြီး သေးများပင်ပေါက်ချင်လာသလိုလို. . . . . .

"မောင်မင်းမကြောက် နဲ့လေ" ကိုယ့်ကိုယ်ကို ဘုရင်လုပ်ပြီး စိတ်ကိုထိန်းချုပ်သည်။ မရ။ ပြုံးရွှင်စွာဖြင့်အားပေးနေတဲ့ သူငယ်ချင်းကိုတွန်းကိုကြည့်ရင်း အားရှိလာသလိုပင်။ ငွေကြေးမှအစ အားပေးကူညီကြတဲ့ကျောင်းသူကျောင်းသားများရဲ့ စိတ်ရင်းစေတနာနဲ့ ဆရာသမားများ၏ အားပေးမှုကို နှလုံးသားထဲ ဖြည့်သိပ်ရင်း အားတင်းလိုက်ပါသည်။



ဆရာဝန်ကြီးက "ထုံဆေးပေးပြီးခွဲမှာနော် ကြောက်လား" တဲ့. .

'မကြောက်ဘူး' လို့ပြောလိုက်တော့ ဆရာဝန်ကြီးလည်း ထုံဆေးပေးပြီးခွဲစိတ်မှုကို စတင်ပါတော့သည်။ ၂ နာရီကျော်မျှ ခွဲစိတ်ပြီးစီးသွားသောအခါ၊ မိမိခုတင်သို့ ပြန်ပို့သည်။ ဒီအခါမှ ထုံဆေးပြယ်သွားလားမသိ။ နာလိုက်တာ။ မခံနိုင်လောက်အောင်ပင်။ ဆေးတစ်လုံးကိုဆရာမက လာထိုးပေးပါသည်။ သက်သာသလိုတော့ ရှိသား။ ထိုညအဖျားဝင်ပါသည်။ အနာကလည်း နာ၊ အဖျားကလည်း တက်နေတာမို့ စိတ်ဓါတ်ကို ကြိုးစား မြှင့်တင်လိုက်ပါသည်။

"လူတိုင်းမှာ ဘုရားသခင်ပေးထားတဲ့ စိတ်တန်ခိုးစွမ်းအင်တွေရှိတယ်။ ဒီစွမ်းအင်တွေကိုစုစည်းပြီး စိတ်ဓါတ်ကိုမြှင့်တင်ရတယ်။"

ဘုန်းတော်ကြီး စတီဗင်၏ မေတ္တာ၊ စေတနာအပြည့်ဖြင့် ပြောသွားသောစကား။ တစ်ကယ်မှန်တဲ့စကားပဲဟု သိနေပါရဲ့။ ကြိုးစားပြီး စိတ်ဓါတ်တို့ကို မြှင့်တင်ပြီးပြီ။ ဒါပေမယ့် ငြိမ်သက်ခြင်းဆိုတဲ့ အင်အားစုက ဘယ်လျှောက်ပြေးပြီး ပုန်းနေမှန်းမသိ။ ခွဲစိတ်ကုသပြီးလို့ နောက်တစ်နေ့ ဓါတ်မှန် ထပ်ရိုက်ရပါသည်။ ဓါတ်မှန်ထဲတွင် ကိုတိုး၏လက်၌ စတီးချောင်းတွေက အခန့်သားနေရာယူထားလို့. . ဘယ့်နှယ်ရှိစ. . . ကန်ချင်အုံးဟဲ့ ဘောလုံး၊ အချိန်ကုန် လူပင်ပန်း၊ အလုပ်ပျက် စရိတ်တက်ဖြစ်လေပြီ. . .။

ခွဲပြီး (၆)ရက်ကြာသည်အထိ အဖျားမကျ။ အခြားသူများခွဲသည်မှာ အဖျားပင်မတက်။ ဘာကြောင့်များဖျားနေရတာလဲ။ကိုတိုးအတွေးထဲ၌ ဝင်ရောက်လာတဲ့ မေးခွန်းတစ်ခု. . ထိုနောက်တွင် စေတနာမေတ္တာပြည့်ဝစွာဖြင့် အားပေးကူညီကြသည့် ဘုန်းတော်ကြီးများ၊ မိခင်များ၊ လူငယ်မောင်မယ်များ၊ စေတနာရှင်များ၏ အပြုံးရိပ်တို့က ကိုတိုးခေါင်းထဲသို့ဝင်လာသည်။ အင်အားတို့ရှိလာသလိုပင် ခံစားရပြန်သည်။

ရှုပ်ထွေးနေသော အတွေးများနှင့်အတူ ငြိမ်သက်ခြင်းမရှိတဲ့ အသက်တာကိုစဉ်းစားဆင်ခြင်မိသည်။

"ဘာကြောင့်လဲ. . ဘာလိုလို့လဲ. . . "

ဘာဘဲဖြစ်ဖြစ် ကျမ်းစာဖတ်မယ်။ လှုပ်ရှားနေတဲ့ စိတ်တို့ကို စုစည်းပြီး ဘုရားရှင်ထံခွန်အားယူလျက် သမ္မာကျမ်းစာကို စူးစူးစိုက်စိုက် နှလုံးပိုက်၍ ဖတ်နေလိုက်ပါသည်။

ဘုရားရှင်၏ လက်ရာတော်များ၊ ကယ်တင်ခြင်းသတင်းကောင်းများ၊ မေတ္တာတရားများ စုံလို့၊ ဒီနေ့ညကောင်းမွန်စွာအိပ်ခွင့်ရခဲ့သည်။ နိုးလာတော့ ငြိမ်သက်နေသောစိတ်ကို အံ့သြစွာ ဆန်းစစ်နေမိသည်။ သူနာပြုဆရာမလေး အဖျားလာတိုင်းတော့ အဖျားမရှိ။

ဒီအချိန်မှာ ကိုတိုးသတိရလိုက်သည်က ဓမ္မသီချင်းလေးတစ်ပုဒ်။ စိတ်ထဲမှာ ဆိုလိုက်သည်။



"ကျမ်းစာတော် တည်မြဲ၏၊ လမ်းခရီးညွှန်ပြပေသည်၊ ယုံကြည်သော သူများတို့မှာ၊ ဝမ်းမြောက်ခြင်း အလင်းရ။"

ကိုတိုး၏စိတ်တို့ ရွှင်လန်းလာသည်။ ငြိမ်သက်လာသည်။ ဘုရားရှင်လည်း ကိုတိုးနှင့်အတူ ရှိနေပြီ။

အို. . . . ဝမ်းသာလိုက်တာ။

ဒီအချိန်မှာ ကိုတိုး၏နှလုံးသားထဲသို့ အလင်းတန်းလေးတစ်ခု ထိုးဖောက်ဝင်ရောက်လာသည်။ အလင်းတန်းပေါ်မှာတော့ စာလေး (၄)လုံး. . . .

"ကျမ်းစာဖတ်ပါ"

စောရော်ဘင်(ရေလဲကြီး)

# မခမ်းခြောက်သော မေတ္တာ နှင့် တုနှိုင်း၍မမီသော သူ



အရင်တုန်းကပေါ့. . . .

ကျမမှာ မိဘဆိုတာဘာလဲ၊ ဖြူလား၊ မဲလား လို့မသိခဲ့ရပါဘူး။ မေတ္တာဆိုတာကောဘာလဲ၊ ဂရုဏာနဲ့ နွေးထွေးမှုဆိုတာကော ဘာတွေလဲ. . စသည်ဖြင့် ဘာကိုမသိခဲ့၊ မခံစားခဲ့ရပါဘူး။ ဘာကြောင့်လဲ၊ အမေရော၊ အဖေရော ကျွန်မ လူမမယ်ကလေးကတည်းကကွယ်လွန်သွားခဲ့ကြပြီလေ။ သူများတွေက အဖေ၊ အပါး၊ ဒယ်ဒီ စသည်ဖြင့် ချွဲချွဲနွဲ့နွဲ့ခေါ်သံကြားရင် ကျမနားထဲမှာ ခါးနေသလို၊ ရင်ထဲမှာ အောင့်သက်သက်ခံစားရပါတယ်။ တစ်ချိန်တည်းမှာ မျက်ဝန်းထဲမှ ပူလောင်နေတဲ့မျက်ရည်များလည်းအလိုလိုစီးကျလာပါတယ်။

တစ်ခါကလည်း. . . .

ရေငတ်နေသူ ရေကန်ထဲကျဆိုသလို ကျွန်မဟာ မေတ္တာငတ်နေချိန်မှာ မေတ္တာပေးတဲ့သူကို အရမ်းတွယ်တာခဲ့တယ်။ မြတ်နိုးခဲ့တယ်။ မိဘလိုတစ်မျိုး၊ မောင်နှမလိုတစ်ဖုံ၊ ချစ်သူလိုတစ်သွယ်နဲ့ ရှိသမျှအချစ်တွေအားလုံး ပုံအပ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်မကျတဲ့ရေကန်က ကျွန်မကို အပြည့်အဝရေငတ်မပြေစေခဲ့ပါဘူး။

နောက်ပြီး အဲဒီရေကန်ထဲက ရေကိုသောက်မိတဲ့ ကျွန်မအမြဲရင်ပူရပါတယ်။ မိုးလင်းပေါက်အိပ်မပျော်နိုင်အောင် ဝေဒနာခံစားရပါတယ်။ ကျွန်မ အမြဲတမ်း မျက်ဝန်းထဲမှာ မိုးရွာနေပါတယ်။ ဒီလိုနဲ့ ကျွန်မရင်ထဲမှမေးခွန်းတွေပေါ်လာပြန်တယ်။ ဘယ်မှာလဲ အေးမြတဲ့ မေတ္တာဆိုတာ၊ နွေးထွေးတဲ့ရင်ခွင်ဆိုတာကော မတွေ့ပါလား။ စစ်မှန်တဲ့အချစ်ဆိုတာကော ဘယ်ကရနိုင်တာလဲ။

ဒီတစ်ခါတော့. . . .

ရေငတ်နေတဲ့ ကျွန်မအတွက် အေးမြကြည်လင်ပြီး ဘယ်တော့မှ မခန်းခြောက်နိုင်တဲ့ သက်စမ်းရေကို အမှန်တကယ်တွေ့ရှိရပါပြီ။ ကျွန်မအရမ်းလိုချင်တဲ့ စစ်မှန်တဲ့ မေတ္တာ၊ အေးမြတဲ့အချစ်၊ နွေးထွေးတဲ့ကရုဏာတွေကိုရရှိတဲ့နေ့ကစပြီး မိုးအမြဲရွာနေတဲ့ မျက်ဝန်းလေးဟာ တိမ်ကင်းစင်ပြီး ကြည်လင်နေပါတယ်။ အရင်က ဝေဒနာတွေကြောင့် ပူလောင်နေတဲ့ စိတ်နှလုံးလည်းအေးမြကြည်လင်ရွှင်လန်းလာပါတယ်။ အိပ်မပျော်တဲ့ညတွေဆိုတာလည်းမရှိတော့ဘူး။ ကျွန်မဘဝ အသက်တာတစ်ခုလုံးကို ပြောင်းလဲပေးတဲ့သူကို ကျွန်မအရမ်းကျေးဇူးတင်တယ်။

သူ့ကို ကျွန်မမေတ္တာရှင်အဖြစ်ရရှိပြီးတဲ့နောက်မှာ မေတ္တာကို အပြည့်အဝ ရရှိခဲ့ပါတယ်။ သူ့ကိုလည်း ကျွန်မအဖ(အဖေ)လို့ခေါ်ခွင့်ရရှိခဲ့တယ်။ ကျွန်မလိုချင်တာအားလုံးကို သူပေးတယ်။ တည်ကြည်ခန့်ညားပြီး အေးချမ်းတဲ့သူ့မျက်နှာကိုမြင်ရရင် ကျွန်မကို ခွန်အားတွေဖြစ်စေတယ်။ သူ့ရဲ့လမ်းပြမှုအောက်မှာ အသက်ရှင်တဲ့ ကျွန်မအသက်တာဟည်း ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းတွေနဲ့ ပြည့်နှက်နေပါတယ်။ ကျွန်မရဲ့နံဘေးမှာ အမြဲရှိနေသူဖြစ်တဲ့အတွက် ဘယ်တော့မှပျက်စီးခြင်းသို့မရောက်ပါဘူး။ ကြီးမြတ်လှတဲ့သူ့ရဲ့ကယ်တင်ခြင်းကိုလည်း ခံစားရပါတယ်။ သူကဘယ်သူလဲဆိုရင် မေတ္တာတော်ရှင် အရှင်ယေရှုပဲပေါ့။ သူရဲ့ တုနှိုင်း၍မမီနိုင်တဲ့ မေတ္တာကို ချိန်တိုင်းမှာ ရေတွက်ရင်းနဲ့ ကလောင်ကိုဆွဲကိုင်ပြီး သန့်စင်တဲ့ စာရွက်ဖြူပေါ်မှာ ရေးသားဖော်ကျူးမိပါတော့တယ်။

ဥသြငယ်



ဆယ်တန်းစာမေးပွဲ အောင်စာရင်းထွက်လာပြီ။

တကယ်တော့ ဆယ်တန်းစာမေးပွဲဟု ဆိုပေမယ့်၊ တက္ကသိုလ်ဝင်စာမေးပွဲလည်းဖြစ်ပါသည်။ ညီထွေးကို ကျွန်တော်က သည်စာမေးပွဲမှာ ဂုဏ်ထူးမပါချင်နေ၊ အောင်တော့အောင်မည်ဟု မျှော်လင့်ခဲ့သည်။

"ညီထွေး. . ကျတယ် ဆရာ"

သည်သတင်းကို ကျောင်းသူကလေးသီးလွှာနုကလာ၍ပေးသည်။ အောင်စာရင်းကြည့်ပြီး ပြန်လာပြောသည်မှာမှန်သော်လည်း ကျွန်တော်ယုံရမှာခက်နေသဖြင့် ကိုယ်တိုင်သွားကြည့်သည်။ ကျွန်တော်အုပ်ချုပ်သောဘော်ဒါမှ ကျောင်းသူရှစ်ယောက်၊ ကျောင်းသား လေးယောက်ဖြေသည့်အနက် ဆယ့်တစ်ယောက်အောင်မြင်ပြီး တစ်ယောက်ကျသည်။ ထိုတစ်ယောက်မှာ. . .

. . . . ညီထွေး။

နှစ်စဉ်ရာခိုင်နှုန်းပြည့် အောင်မြင်သည်ဆိုသည့် 'ဗေသနီဘော်ဒါ'၏နာမည်သည် ညီထွေးကြောင့် ပျက်ရပြီ။ အမည်းစက်ဖြစ်ရသည်။ ကျွန်တော့ရင်မှာနာကျင်ခြင်း၊ ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်းအတွက်



# နောက် တစ် ကြိမ် ကြိုး စား ရန် အ ခွင့် ဆိုး

ဆူဝေနေသည်။ ကားမောင်းရန်ပင် စိတ်မတည်ငြိမ်နိုင်တော့။

ဒလကြမ်း ဘရိတ်အုတ်ပြီး ဘော်ဒါဆောင်သို့ ကျွန်တော်ပြန်ရောက်လာသည်။ အဆောင်တစ်ခုလုံးသည် မှန်တိုင်းကျခါနီး ငြိမ်သက်ခြင်းမျိုးဖြင့် တိတ်ဆိတ်နေသည်။ ကျွန်တော့်ဖိနပ်သံသာ ကျယ်လောင်စွာထွက်ပေါ်နေသည်။ ကျွန်တော့်ကို မော့ကြည့်နေသော လက်ထောက်ဆရာမ နွဲ့နွဲ့ကို. .

"ကျောင်းသားတွေ စုထားလိုက်။ ညီထွေးကို ကျွန်တော့်ရုံးခန်းဆီပို့လိုက်"

"ဟုတ်ကဲ့ရှင့်. . "

ကုလားထိုင်ပေါ်သို့ ကျွန်တော် ထိုင်ချလိုက်သည်။ တောင်ပေါ်ဒေသ၏ မိုးစက်ငွေ့များသည် အေးမြခြင်းကိုမပေးနိုင်။ သက်ပြင်းကိုရှိုက်ကာ. . . ရုံးခန်းတံခါးအဖွင့်ကိုပဲ စိတ်စောနေသည်။ တစ်ယောက်တည်း တိုးတိုးတိတ်တိတ် တက်ခေါက်မိသေးသည်။ ပြောရရင် ထိုကာလတုံးက ကျွန်တော်သည် ထိန်းမနိုင် သိမ်းမရဒေါသကြီးနေသည့်အချိန်။

ချိုးဖဲ့ခြင်းခံရသော သစ်ကိုင်းသည်ပြင်းထန်စွာခါယမ်းနေသလို ညီထွေး၏ ချိုးဖဲ့ခြင်းကြောင့် 'ဗေသနီဘော်ဒါ'သည် ခါယမ်းနေသည်ဟုပဲ ကျွန်တော်မြင်နေသည်။

*****

တံခါးသည် ငြင်သာစွာပင် ပွင့်လာသည်။ ပထမဝင်လာသူက လက်ထောက်ဆရာမ "နွဲ့နွဲ့"။ သူ့နောက်မှာ တုန်လှုပ်နေဟန်ရှိသော 'ညီထွေး'။ နှစ်ယောက်စလုံး အသံမဲ့စွာပင် ကျွန်တော့်ရှေ့မှာ လာရပ်ကြသည်။

"ထိုင်"

သူတို့ ထိုင်ကြသည်။ သက်သောင့်သက်သာတော့ဖြစ်ဟန်မတူ။ ကျွန်တော်ဂရုမစိုက်နိုင်။ လိုရင်းကိုပဲပြောလိုက်သည်။

"ကဲ. . ညီထွေး။ မင်းရဲ့တစ်နှစ်တာကာလမှာ ငါအကြိမ်ကြိမ်သတိပေးခဲ့ပြီးပြီ။ မင်းကလည်း ကတိ အကြိမ်ကြိမ် ပေးခဲ့တယ်။ အောင်ပါတယ်။ အောင်မှာပါ. ဆိုပြီးတော့။ ခုတော့. . ဘယ်လိုလဲကွ။ ငါတို့ရဲ့နာမည်တစ်ခုကို နှစ်တွေ၊ လတွေ၊ ကြိုးစားမှုတွေ၊ ပင်ပန်းမှုတွေနဲ့ တည်ဆောက်ခဲ့ရတာ။ မင်းက တစ်ချက်တည်းဖျက်ဆီးပစ်လိုက်တာပဲ။ ငါ. . . . မင်းကို မကျေနပ်နိုင်ဘူး"

"ဟုတ်. . ကဲ့. . "

"သာသနာပြုဘော်ဒါမှာ မင်းနေခွင့်ရတယ်။ အဲဒါ အခွင့်အရေးတစ်ခု။ မင်းဟာ မိဘမဲ့။ ဘုန်းတော်ကြီးတွေရဲ့ ထောက်ခံမှုနဲ့ မင်း 'ဗေသနီ'ကို ရောက်လာတယ်။ အဲဒါ. . အခွင့်အလမ်းကောင်းပဲ။ မင်းရဲ့စားဝတ်နေရေးနဲ့ ပညာသင်ကြားမှုကို အလှူရှင်တွေနဲ့ ဘော်ဒါဆောင်ကော်မတီက. . ဖြည့်ပေးတယ်။ အဲဒါ. . ဆုလဒ်တစ်ခုဖြစ်ပေမယ့်. . အားလုံးကို မင်း အလွဲသုံးစားလုပ်ခဲ့တာပဲ။"

သူခေါင်းငုံ့နေသည်။ ဆရာမကလေးက ငြိမ်သက်နေသည်။ ကျွန်တော်ကတော့ စကားမာရသွန်ကို ဆက်နေဆဲ။

"မင်းရဲ့ဘဝကို မင်းမေ့သွားတယ်။ ကောင်းချီးမင်္ဂလာကို မင်းသွန်ပစ်ခဲ့ပြီ. . . ညီထွေး။ အားလုံးက မင်းပညာတတ်ဖြစ်လာအောင် အနည်းဆုံး သာသနာ့ဝန်ဆောင် မဟုတ်ရင်လည်း ငါတို့လို ကျောင်းဆရာဖြစ်လာအောင် မျှော်လင့်နေကြတာ။ အားလုံးရဲ့မျှော်လင့်ချက်ကို မင်း လက်လွှတ်စပယ်လုပ်ပစ်တာ. . ငါဘယ်လိုခံစားရမလဲ။ "ကျရှုံးသူ" အတွက် ဗေသနီမှာနေရာမရှိဘူးဆိုတာ မင်းမသိခဲ့ဘူးလား။"

ဆရာမကလေးက သက်ပြင်းကိုရှိုက်၍ ဒီနှစ် ဆယ်တန်းအောင်ချက်နည်းတယ်ဆရာ။ တင်းပါးဆင့်ပဲရှိတယ်. . ဟု မသိမသာဝင်ပြောသည်။ ကျွန်တော်ကရယ်၍. . .

"လူတစ်ရာဖြေတဲ့အခါ၊ တစ်ယောက်ပဲအောင်တယ်ထား။ အဲဒီတစ်ယောက်ဟာ ဗေသနီဘော်ဒါကဖြစ်ရမယ်. . ဆရာမ။ အားလုံးထဲမှာ အကောင်းဆုံး၊ အတော်ဆုံးဖြစ်ချင်ကာမှ. . ။ တော်ပြီ. . ဘာဆင်ခြေမှမကြားချင်ဘူး"

"ကျွန်တော့်အပြစ်ပါဆရာကြီး"

ပထမဦးဆုံး. . . ညီထွေး၏အသံကိုကြားရသည်။ တုန်လှုပ်သောစကားသံ။

"ဟုတ်တယ် အဲဒါ. . . ပဲ"



"ကျွန်တော့်အပြစ်ကို ခံယူပါ့မယ်. . "

သူကအံကြိတ်၍ပြောသည်။ ကျွန်တော်ထရပ်သည်။ စားပွဲကိုကျော်ကာသူ့ကိုငုံ့ကြည့်သည်။ သူခေါင်းငုံ့နေသည်။ ငါ့ကိုမော့ကြည့်စမ်းဟုပြောလျှင် သူခေါင်းမော့သည်။ မျက်ဝန်း၌ မျက်ရည်ပုလဲများကြဲဖြန့်နေသည်။ ဆယ်ကျော်သက်ယောကျ်ားကလေး၏ ရှုံးနိမ့်မှုသင်္ကေတ။ ဆရာမကလေးက စိုးရိမ်စွာဖြင့် သူ့တပည့်ကို လှမ်းကြည့်နေသည်။

"ကြိုက်တယ်။ မင်းအပြစ်ကို ခံယူချင်တာတော့ ကောင်းတယ်။ မင်း. . . အခုနောင်တရပြီလား"

သူခေါင်းခါသည်။ ကျွန်တော် အံ့ဩနေစဉ်. . သူက

"နောင်တမရပါဘူး။ ရလည်း မထူးပါဘူး။ အမှားအမှန်ကို ကျွန်တော်ဝေဖန်နိုင်ပါပြီ။ အဲဒါ နောင်တလားမသိဘူး။ ဒါပေမယ့်. ကျွန်တော်ဘာတွေကိုပြုပြင်မှ ဆယ်တန်းအောင်မယ် ဆိုတာကိုတော့ သိသွားတယ်။ ဒီနှစ်တော့. . ကျွန်တော်အောင်မှာပါ. . "

"ဟား. . ဟား. . ဟား၊ မနှစ်ကလည်း အဲဒီစကားကို ငါကြားခဲ့ရပြီးပြီ. . . ညီထွေး။ မင်းဟာ ကတိမတည်တဲ့သူ။ အောင်မြင်အောင်မလုပ်နိုင်သူ။ ကြိုးစားမှုမရှိတဲ့သူ၊ ရိုးသားမှုမရှိတဲ့သူ၊ ဗေသနီရဲ့အလှူငွေကို အလွဲသုံးစားလုပ်တဲ့သူ၊ ငါတို့တည်ဆောက်ခဲ့သမျှဂုဏ်သိက္ခာကို မည်းနက်စေခဲ့သူ. . . ၊

မင်းအပြစ်တွေအတွက် ငါသေဒဏ်တောင်ပေးချင်တယ်။ ဒါပေမယ့် ငါလုပ်နိုင်တာကတော့. . . 'မင်းကို ဘော်ဒါကထုတ်ပယ်နိုင်တာ' တစ်ခုပဲ။ အဲဒီအတွက် ငါဝမ်းနည်းတယ်။ မင်းနဲ့ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ငါမပေးနိုင်လို့. ငါဝမ်းနည်းတယ်"

"ဗျာ. . . ကျွန်တော်"


"ဟုတ်တယ်။ အခမဲ့ပညာသင်ခွင့်၊ အခမဲ့နေထိုင်စားသောက်ခွင့်၊ အခမဲ့ ကယ်တင်ခံရသောအခွင့်၊ အခမဲ့စွာမျှော်လင့်ရှင်သန်ခွင့် အားလုံးကို မင်းမရနိုင်တော့ဘူး။ မနက်ဖြန်မနက်. . . ဒီဘော်ဒါဆောင်က ထွက်သွားပါ။ ခြောက်နာရီ မကျော်ပါစေနဲ့။"

ဆရာမလေးက မျက်ရည်ကျသည်။ ညီထွေးက အံကိုကြိတ်ထားသည်။ ကတုန်ကယင်ဖြစ်နေသည်။ ကျွန်တော်. . သူတို့ကို ကျောခိုင်းလိုက်သည်။ နှုတ်မှလည်း. . . .

"အားလုံးသွားနိုင်ပြီ။ ညီထွေး ဝွတ်ဘိုင်"

*****

စံကားပွင့် ဖြူဖြူကလေးတို့ ကြွေကျနေသည့် မြက်ခင်းစိမ်းစိမ်းကိုဖြတ်သန်းလာခဲ့သည်။ ရိုမန်းတစ်ဆန်သော ထိုင်ခုံကလေးပေါ်မှာ ထိုင်မိချိန်တွင် အိုမင်းသော ဆည်းဆာချိန်ဖြစ်နေပါပြီ။ တစ်နေ့တာဆောင်ရွက်ခဲ့ရသော ဘော်ဒါကျောင်း၏ အမှုခပ်သိမ်းကို ငြိမ်းအေးစေသောကိုယ်ပိုင်အချိန်ကလေး။ အဖော်မဲ့စွာ၊ အထီးကျန်စွာ



နေထိုင်ခဲ့ရသော ဆက်ကပ်ခြင်း (အစေခံခြင်းဆိုပါတော့)ကာလ၏ ခါးသီးမှုကို သကြားအုပ်နိုင်ဖို့ တယောတစ်လက်ကို ယူဆောင်လာခဲ့ပါသည်။ တယောအို၏ဘိုးတံကို တင်းလိုက်ရင်း. . ဘယ်သီချင်းကို တီးရပါ့ဟု စဉ်းစားမိသည်။ ဓမ္မသီချင်း(**Hymn**) တို့ကို ပစ္စုပ္ပန်၌ မတီးချင်သေး။

အလွမ်းသံစဉ်ကလေး တစ်ပုဒ်ကိုရှာဖွေဖို့ ဘိုးတံကိုမြှောက်လိုက်စဉ်မှာပဲ. . .

"ဆရာ. . . "

ငဲ့ကြည့်လျှင်. . ဆရာမလေး နွဲ့နွဲ့နှင့်ကျောင်းသူကလေးသီးလွှာနု (ကကယ်တော့သူ့အမည်မှာသဲလွှာနု ဖြစ်ပါသည်။ ရခိုင်သူကလေးက ဒေသအခေါ်အတိုင်း သီးလွှာနုဟုခေါ်စေချင်သဖြင့် ခေါ်မြဲဖြစ်ခဲ့တာပါ။)


"ဘာလဲ. . . "
"စာတစ်စောင်. . "
"ဘယ်ကလဲ. . "
"ညီထွေးဆီက. . . . "
"နှုတ်ထွက်စာ မဟုတ်လား. ။ ငါစားပွဲပေါ်တင်ထားလေ။ ပြီးတာပဲဥစ္စာ. . "

ဆရာမကလေးက သက်ပြင်းကိုရှိုက်၍ ခေါင်းခါသည်။ ဒါဆိုဘာလဲ. . ဟုမေးလျှင်

"ဆရာဖတ်ဖို့. . . "

"ဟာ. . . ရှုပ်လိုက်တာ။ ကဲထားခဲ့"

သူတို့နှစ်ယောက် ကသုတ်ကရက်ပြန်သွားမှ စာကိုကောက်ယူဖြန့်လိုက်သည်။ မညီညာသောလက်ရေးဖြင့်. . . .



"ဆရာ. . .
ကျွန်တော့အား၊ နောက်တစ်ကြိမ်ကြိုးစားရန်အခွင့်ပြုပါ။ တစ်ကယ်ပဲ. . . နောက်တစ်ကြိမ်တိတိပါပဲ. . . . ။

လေးစားစွာဖြင့် မျှော်လင့်သော
ညီထွေး"

တက်တစ်ချက် ခေါက်လိုက်သည်။ ဒေါသသည် စုပြုံ၍အုံဖွဲ့လာပြန်သည်။ ဒီကောင်ဟာလေ စည်းကမ်းကိုဖောက်ဖို့ ကြိုးစားပြန်ပြီ။

သီချင်းတစ်ပုဒ်မှ မတီးမိပဲ. . အိပ်ယာဆီသို့ပြန်လာခဲ့သည်။ ဒီကောင့်မို့ ပြောရဲလေခြင်း။ နောက်တစ်ကြိမ်ကြိုးစားရန်အခွင့်. . တဲ့။

အိပ်ယာအဝင်မှာ ကျွန်တော်ပဌနာတော်ကို ရွတ်ပါသည်။

". . . . . အကျွန်ုပ်တို့ကို ပြစ်မှားသောသူရှိသမျှတို့၏အပြစ်ကို ကျွန်ုပ်တို့သည်လွှတ်သောကြောင့် အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ။ . . . . . . . . . . . . "

ထိုခဏ၌ကျွန်တော် ဆက်မဆိုမိ။ ရပ်တန့်သွားပါသည်။ ညီထွေး၏အသံကိုလည်း ပြန်ကြားယောင်မိသည်။

"နောက်တစ်ကြိမ် တိတိပါပဲ.
. . . ဆရာရယ်. . . . တဲ့။"

*****

နှစ်ပေါင်း အနည်းငယ်လွန်သွားသောအခါ. . . .

ကျွန်တော်သည် ဘော်ဒါအုပ်အလုပ်မှအနားယူလျက် ခရစ်ယာန်သာသနာ့ မဂ္ဂဇင်းတစ်စောင်မှာ အယ်ဒီတာဖြစ်လာပါသည်။ တစ်နေ့သောအခါ. . 'သတင်းတစ်ခု'ကို ငယ်တပည့်မကလေး သီးလွှာနုက ပေးပို့ပါသည်။ မဂ္ဂဇင်းမှာ ထည့်ပေးနိုင်ပါက ထည့်နိုင်ရန်ဖြစ်ပါသည်။

တောင်တန်းဒေသမှာ ခရစ်ယာန်သာသနာပြု အခမဲ့ဆေးပေးခန်းကလေးတစ်ခုဖွင့်လှစ်ပါသည်။ ဒေသခံ. . . လူများစွာတို့ အားကိုးတကြီးတက်ရောက် ကုသခဲ့ရာ အလွန်ပင်အကျိုးရှိပြီး ယခုအခါ ဆယ်နှစ်မြောက် ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ကို ပြုပါသည်။(သီးလွှာနုက ထိုဆေးခန်းတွင် သူနာပြုတာဝန်ယူထားပါသည်။) ယခုအခါ၊ ပိုပြီးအောင်မြင်အောင် ပံ့ပိုးကြရန်၊ ယုံကြည်သူများကို ဖိတ်ခေါ်ရင်း ခရစ်တော်၏ဘုန်းတော် ထင်ရှားစေရန် အစေခံနေသည့် သတင်းဖြစ်ပါသည်။ သတင်းဓါတ်ပုံလည်းပါသည်။

ဓါတ်ပုံထဲတွင် လူအို၊ လူကြီး၊ လူရွယ်၊ လူငယ်၊ ကလေးများ ဝန်းရံလျက်ရှိသောသူနာပြု(အဲဒါ ကျွန်တော့်တပည့်မပေါ့. . ဂုဏ်ယူစရာပါပဲ)နှင့်. . . လေးစားစရာဆရာဝန်ကိုတွေ့ရပါသည်။ ဆရာဝန်၏မျက်နှာမှာ ပြုံးချိုလျက် ကြင်နာခြင်းမိုးရေဖြင့် စိုရွှဲနေပါသည်။ ဂရုဏာသည်ကြွယ်ဝလျက် ပိန်သော်လည်းခိုင်မာသောအရိုးဖြင့် မတ်မတ်ရပ်နေပါသည်။ သူ. . . ဘယ်သူလဲ။ ဒေါက်တာ. . . . .

အမည်မပါပါ။ ဒါပေမယ့် မျက်နှာကို ကျွန်တော်သိသလိုပဲ။ မှန်ဘီလူးကိုယူ၍ ပုံကို အနီးကပ်ကြည့်လိုက်တော့. . . .

"အို. . ဘုရားသခင်။ အံ့ဩဖွယ် အမှုအရာဖြစ်ပါတယ်"

ဦးနှောက်ထဲသို့ သူ့အမည်မဝင်လာပါ။ ကျွန်တော်သူ့အမည်ကိုရှာမတွေ့သော်လည်း ဝင်လာသောသူ့စကားကတော့ ပြတ်သားလှပါသည်။

"ကျွန်တော့်အား နောက်တစ်ကြိမ် ကြိုးစားရန်အခွင့်ပြုပါ။ တကယ်ပဲ. . နောက်တစ်ကြိမ်တိတိပါပဲ. . . . "

ချက်ချင်းပင် ကျွန်တော်ထ၍ ခုန်မိသည်။ တောထဲ တောင်ထဲမှာ၊ 'သခင်ခရစ်ချောင်းနားပင်လယ်မှာ 'သခင်ခရစ် တော်'အတွက် သွားပြီး အစေခံနိုင်တဲ့ လေးစားအပ်တဲ့ဆရာဝန်ဟာ ငါ. . ငါတို့ ဗေသနီဘော်ဒါကျောင်းထွက်။ ငါ့တပည့်တစ်ယောက်ပါလား။ ဂုဏ်ယူခြင်းဖြင့် ထိုသတင်းကို ရှေ့ပိုင်းစာမျက်နှာမှာထည့်ဖို့ ကျွန်တော်ပြောလိုက်သည်။

ဖောင်ကိုင် အယ်ဒီတာ နန့်သီသီမြက. . .

"ဒါ. . . ဒါ. . . သတင်းလေဆရာ။ ရှေ့မှာထည့်လို့ဖြစ်မလား"

"ဖြစ်တယ်။ ဒီသတင်းထက် အရေးပါတာ ဘာမှမရှိဘူး။ သူ. . သူဟာနောက်တစ်ကြိမ် ကြိုးစားခွင့်ကလေးကိုရရုံနဲ့. ကားတိုင်ရဲ့သူရဲကောင်း၊ သမ္မာတရားရဲ့ သရဖူကို ရသွားတယ်။ သူ့ရဲ့ဆက်ကပ်မှုကို ငါတို့လေးစားသင့်တယ်။ လေးစားရလိမ့်မယ်။ ကိုယ်ကျိုးစွန့်ဝန်ထမ်းကောင်းတစ်ယောက်ရဲ့သတင်းဟာ ငါတို့မဂ္ဂဇင်းမှာ ဟက်လိုင်း(**Head Line**)ပဲ. . . ကလေး။ ငါမရှိခဲ့လို့ နင်တို့ အယ်ဒီတာဖြစ်လာရင်လည်း မှတ်ထား။ ငါတို့မသွားနိုင်၊ မလုပ်နိုင်၊ မစွန့်လွှတ်နိုင်တာကို သခင်ယေရှုအတွက်၊ သွားနိုင်၊ လုပ်နိုင်၊ စွန့်လွှတ်နိုင်တဲ့. . သူတွေရဲ့သတင်းဟာ သာသနာ့မဂ္ဂဇင်း အတွက်. . အရေးအပါဆုံးပဲ. . လို့ ဆုံးဖြတ်ပြီး ထည့်ရမယ်. . . . "

*****

ဟိုတုန်းက. . .
တစ်ကယ်လို့များ (ကျွန်တော်သာ) သူ့ကို 'နောက်တစ်ကြိမ် ကြိုးစားရန်' အခွင့်မပြုခဲ့ရင် ဒီလိုဂုဏ်ယူမှုမျိုး ဘဝမှာ ရှာတွေ့နိုင်မှာမဟုတ်ပါ။ ရှင်လုကာ ခရစ်ဝင်ကျမ်း ၁၁း၄ ကို ကျွန်တော်တို့အားလုံးရကြပါသည်။ မကြာခဏလည်း ရွတ်ဆိုကြပါသည်။

လိုက်နာဖို့ရန်မူကား. . .

အစဉ်သဖြင့်. . . .

ဆိုး
(၃၀-၇-၁၉၉၉)

# H.C.T.C in 1999 - 2000 Academic Year

In this academic year, the college enrolls with (4) full-time foculty members and (12) part-time lecturers. There are (50) students - 37 males and 13 females.

Full-time foculty members are:

1. Revd. Mark Saw Maung Doe (B.A; B.D; M.T.S) Principal
2. Revd. Simon Be Bin Htu (B.Sc; B.D; M.Th) Dean of Studies / Vice - Principal
3. Sarama Saga Hkawn Tawng {B.Sc; B.R.E; M.A (CE)}
4. Saya Sang Khaw (B.A; B.D; M.Min)

Part-time lecturers are:

1. Revd. David Than Lwin (Dip. Min)
2. Revd. D. Mahn Naung (B.A; B.R.E)
3. Revd. Reginal Bennett (B.Sc; B.R.E)
4. Revd. Smith N-Za Thaung (B.A; B.R.E; M.Th)
5. Revd. Nelson Sang Awr (M.A; B.D; M.Th)
6. Thra Saw Po Sein (B.A; B.Ed)
7. Thra Saw Si Hai (B.Sc; Dip. Music)
8. Thramu Amraylla Myat (B.Sc; B.R.E)
9. Thramu Sheba Muvin (B.A; B.R.E)
10. Thra Saw Aung Hla Tun (M.E)
11. Sayama Khin Swe Oo (B.A; B.D)
12. Saya John Thet Lwin (B.Th)

Three of our foculty members are abroad pursuing further theological studies:

1. Rev. Mahn Zaw Lwin (M.Th candidate in Canada)
2. Rev. Steven Than Myint Oo (M.Th candidate in Singapore)
3. Rev. S' San Myat Shwe (M.Th candidate in Germany)

Library-Staffs are:

1. Saya John Thet Lwin (B.Th) Librarian
2. Sayama Hai Thlar Say (B.A; M.T.S)
3. Saya Soe Moe Aung (B.Th)



## "ရှာလုမ်မဂ္ဂဇင်း မတည်ငွေ"

ရှာလုမ်မဂ္ဂဇင်းသည် ယခုနှစ် ၁၉၉၉–၂၀၀၀ ပညာသင်နှစ်မှစ၍ ကိုယ်ပိုင်ရန်ပုံငွေကို စတင်စုဆောင်းလိုက်ပါသည်။ မဂ္ဂဇင်းအဆင့် ၂ ကြိမ်ထွက်ပေါ်လာခဲ့သည်ကလွဲ၍၊ နှစ်ပေါင်းများစွာ 'စာစောင်ငယ်' အဆင့်ဖြင့် ရှုပါရုံထားတင်းတိမ်နေခဲ့ရာမှ အရည်အသွေးမှီ "မဂ္ဂဇင်း" တစ်စောင်အဖြစ် နှစ်စဉ်မပျက်မကွက်ထုတ်ဝေနိုင်ရန် ရှုပါရုံထားကာ စုဆောင်းလိုက်ခြင်းဖြစ်ပါသည်။

ယခုနှစ် စုဆောင်းရရှိသည့် ရန်ပုံငွေကို နှစ်စဉ်ရှာလုမ်မဂ္ဂဇင်း ထုတ်ဝေနိုင်ရေးအတွက် 'သီးသန့်စနစ်တကျ ထိန်းသိမ်း' သွားမည် ဖြစ်ပါသည်။ ရှာလုမ်ကို နှစ်ပေါင်းများစွာ အားပေးခဲ့လျက်၊ ယခုလည်း ရှာလုမ်၏အနာဂတ်အတွက် ဝိုင်းဝန်းမြေတောင်မြှောက်ပေးခဲ့သည့် မိတ်တိုင်းကို နှလုံးသည်းပွတ်အတွင်းမှ အထူးလိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

| စဉ် | အလှူရှင်အမည် | အလှူငွေကျပ် |
|---|---|---|
| | **ရှင်မိက္ခေလအသင်းတော်** | |
| | **(ကြည့်မြင်တိုင်)** | ၅၀၀ |
| ၁။ | ဦးစွမ်းထိုက်မိသားစု | ၈၀၀ |
| ၂။ | ဒေါ်အေးမြင့် | ၃၀၀ |
| ၃။ | ဦးဆိုင်းမွန်းမိသားစု | ၁၀၀၀ |
| ၄။ | ဦးထိန်ဝင်းမိသားစု | ၁၀၀၀ |
| ၅။ | ဦးနယ်လ်ဆင်မိသားစု | ၁၅၀၀ |
| ၆။ | ဦးထွေးလှိုင်မိသားစု | |
| ၇။ | မောင်ဂျော်ထက်မြက် | ၁၀၀၀ |
| | ဇာနည်ထွန်း | ၁၀၀၀ |
| ၈။ | ဒေါ်ခင်စန်းမိသားစု | ၁၀၀၀ |
| ၉။ | ဒေါ်တင်နွဲ့မိသားစု | ၁၀၀၀ |
| ၁၀။ | ဦးဆန်နီမိသားစု | |
| ၁၁။ | ဘုန်းတော်ကြီး | ၁၀၀၀ |
| | ဒေးဗစ်သန်းလွင်မိသားစု | |
| ၁၂။ | ဦးရော်ဘင်+ဒေါ်နွဲ့နွဲ့ဝင်း | ၅၀၀ |
| | မိသားစု | ၁၀၀၀၀ |
| ၁၃။ | ဦးပီတာဝှမ်ဂျတ်မိသားစု | ၇၀၀ |
| ၁၄။ | ဦးကျော်မြင့်မိသားစု | ၁၀၀၀ |
| ၁၅။ | ဦးစံလင်း+ဒေါ်ရွှိုင်းမိသားစု | ၂၅၀၀ |
| ၁၆။ | ဦးနပိုအောင်ထွန်း | |
| ၁၇။ | ဦးနပိုထွန်းလှိုင်+ဒေါ်အယ် | |
| | စတာလှကျော်မိသားစု | ၁၀၀၀ |

| စဉ် | အလှူရှင်အမည် | အလှူငွေကျပ် |
|---|---|---|
| ၁၈။ | ဗိုလ်မှူးစဒေးဗစ်မိသားစု | ၅၀၀ |
| ၁၉။ | ဦးမန်းလှသိန်းမိသားစု | ၁၀၀၀ |
| ၂၀။ | ဦးအောင်ညွှန့်မိသားစု | ၁၀၀၀ |
| ၂၁။ | ဒေါ်သက်သက်ထွန်း | ၁၅၀၀ |
| | **ရှင်ပြန်ထမြောက်ခြင်း** | |
| | **အသင်းတော် (သန်လျင်)** | |
| ၂၂။ | ဦးဝင်းဗိုလ်+ဒေါ်နှင်းမြလွင် | |
| | မိသားစု | ၁၀၀၀ |
| ၂၃။ | ဗိုလ်မှူးချုပ်စိန်လွင်(ငြိမ်း)+ | |
| | ဒေါ်ခင်မြဆွေမိသားစု | ၁၀၀၀ |
| ၂၄။ | မသီရိခိုင် | ၅၀၀ |
| ၂၅။ | ကိုတယ်ရီပြုး+ဒေါ်မြမြဝင်း | |
| | မိသားစု | ၂၀၀၀ |
| | **သန့်ရှင်းသောကားတိုင်** | |
| | **အသင်းတော် (ကမာရွတ်)** | |
| ၂၆။ | ဒု–ဗိုလ်ချုပ်ကြီးကျော်ဘ | |
| | (ငြိမ်း) မိသားစု | ၅၀၀၀ |
| ၂၇။ | ဦးရေးထက်ဒိုးမိသားစု | ၃၀၀၀ |
| ၂၈။ | ဦးပီတာကျော်မြ | ၁၆၀၀ |
| ၂၉။ | ဦးစီအောင်လွင်မိသားစု | ၁၅၀၀ |
| ၃၀။ | ဒု–ဗိုလ်မှူးကြီးမြတ်သင်း | |
| | (ငြိမ်း)မိသားစု | ၅၀၀၀ |
| ၃၁။ | ဦးဘိုးလွင်မိသားစု | ၂၀၀၀ |

| စဉ် | အလှူရှင်အမည် | အလှူငွေကျပ် |
|---|---|---|
| ၃၂။ | ဦးအောင်ထက်ဒိုးမိသားစု | ၁၀၀၀၀ |
| ၃၃။ | ဒေါ်စည်စည်လျာဖိုးကဲ | ၂၀၀၀ |
| ၃၄။ | ဦးစောကက်နက် | ၅၀၀ |
| ၃၅။ | ဘုန်းတော်ကြီးစတီဖင် သန်းမြင့်ဦး | ၅၀၀၀ |
| ၃၆။ | Holy Cross လူငယ်များ | ၁၀၀၀ |
| | **သန့်ရှင်းသောတြိနတိ ကသီဒြယ် အသင်းတော်** | |
| ၃၇။ | အန်တီရီတာမိသားစု | ၁၀၀၀ |
| ၃၈။ | ဦးမြသန်းလင်းမိသားစု | ၂၀၀၀ |
| ၃၉။ | အန်တီဘက်တီမိသားစု | ၄၀၀ |
| ၄၀။ | အန်ကယ်မိုင်းနား(စ်)မိသားစု | ၅၀၁ |
| ၄၁။ | ဦးကျော်ကျော်အောင်မိသားစု | ၂၅၀၀ |
| ၄၂။ | ဦးအောင်အောင်ဦးမိသားစု | ၂၅၀၀ |
| ၄၃။ | ဒေါ်လွင်လွင်မြ | ၅၀၀ |
| ၄၄။ | ဦးစိုးဝင်းမိသားစု | ၁၀၀၀ |
| ၄၅။ | ဦးရောဘတ်မိသားစု | ၃၅၀၀ |
| ၄၆။ | ဒေါက်တာမြင့်သိန်းမိသားစု | ၅၀၀ |
| ၄၇။ | ဗိုလ်မှူးကျော်စိုးမြင့်မိသားစု | ၂၀၀၀ |
| | **စိန့်ဂျွန်းအသင်းတော်** | |
| ၄၈။ | ဘုန်းတော်ကြီး ဦးပီတာ သိန်းမောင် မိသားစု | ၂၀၀ |
| ၄၉။ | ဦးယောသပ် | ၁၀၀၀ |
| ၅၀။ | ဦးနာမာရာပေါလ် | ၅၀၀ |
| ၅၁။ | ကိုဆန်မြူရယ် | ၅၀၀ |
| ၅၂။ | အန်တီလော်ရိန်း | ၁၀၀၀ |
| ၅၃။ | ဦးကနေဒီမိသားစု | ၃၀၀၀ |
| ၅၄။ | ဦးမျိုးဇော်မိသားစု | ၃၀၀၀ |
| ၅၅။ | ဒေါ်သင်းပျံ့ | ၁၀၀၀ |
| ၅၆။ | ဒေါ်ငွေးငွေး | ၂၀၀၀ |
| ၅၇။ | ဦးချစ်ညွန့်မိသားစု | ၂၀၀ |
| ၅၈။ | ဒေါ်ခင်မိသားစု | ၁၅၀၀ |




| စဉ် | အလှူရှင်အမည် | အလှူငွေကျပ် |
|---|---|---|
| | **ရှင်ဗါနဗ အသင်းတော်** | |
| ၅၉။ | ဦးတင်ဇော်မိသားစု | ၁၀၀၀ |
| ၆၀။ | ဦးမင်းဟန်ဇော်+ဒေါ်အိအိလွင် | ၁၀၀၀ |
| ၆၁။ | ဆရာမနော်မိုရင်း | ၂၀၀၀ |
| ၆၂။ | ဦးမာလီကော့(ဗ်)Malekov | ၂၀၀ |
| ၆၃။ | ဦးမိုက်ကယ်နေမျိုးမိသားစု | ၁၀၀၀ |
| ၆၄။ | နော်မူးဝါးမိသားစု | ၁၀၀၀ |
| ၆၅။ | ဘုန်းတော်ကြီးနိုဝယ် နေလင်း မိသားစု | ၁၀၀၀ |
| ၆၆။ | ဦးပီတာသောင်းဖေမိသားစု | ၅၀၀၀ |
| ၆၇။ | ဒေါ်ရသီပီးကျော် | ၂၀၀၀ |
| ၆၈။ | ဒေါက်တာစောသာဝါး | ၁၀၀၀ |
| ၆၉။ | ဦးဇော်မင်းအုန်း | ၅၀၀ |
| | **ရှင်ဂါဗြေလ အသင်းတော်** | |
| ၇၀။ | ဘုန်းတော်ကြီးရယ်ဂျီနယ် ဘဲနက် မိသားစု | ၃၀၀ |
| ၇၁။ | ဦးဗစ်တာ မိသားစု | ၁၀၀၀ |
| ၇၂။ | ဦးပီတာ မိသားစု | ၅၀၀ |
| ၇၃။ | ဦးဂျက်ဆင် မိသားစု | ၁၀၀၀ |
| ၇၄။ | ဦးမြင့်ဆွေ မိသားစု | ၂၀၀၀ |
| ၇၅။ | ဦးစတန်လီပီတား(စ်)မိသားစု | ၅၀၀၀ |
| ၇၆။ | ဒေါ်သန်းသန်းမြ | ၄၀၀၀ |
| | **ခရစ်တော်ဘုရင်မင်းဘွဲ့ခံ အသင်းတော် (အင်းစိန်)** | |
| ၇၇။ | ဦးမင်းစိုးလွင်+ဒေါ်စီစီအေး | ၁၀၀၀ |
| ၇၈။ | Daw June Havock | ၁၀၀၀ |
| ၇၉။ | ဦးပီတာကျော်သိန်းမိသားစု | ၁၅၀၀ |
| ၈၀။ | ဒေါ်စိန်ငွေးမိသားစု | ၅၀၀ |
| ၈၁။ | ဦးချစ်တင်+ဒေါ်မော်နီကာ | ၂၀၀ |
| | **ဒဂုံမြို့သစ် (မြောက်ပိုင်း)** | |
| ၈၂။ | ဦးပီတာစစ်မိသားစု | ၁၅၀၀ |
| ၈၃။ | ဦးညီညီလွင်မိသားစု | ၁၀၀၀ |
| | **ဒဂုံမြို့သစ် (တောင်ပိုင်း)** | |
| ၈၄။ | ဦးခင်ဦးမိသားစု | ၁၅၀၀ |
| | | ၁၃၄၂၀၀ |





ကျောင်းသူ/သားများ စားဖိုဆောင်၌ ပျော်ပျော်ပါးပါး စားသောက် နေကြစဉ်။



## ၁၉၉၉ – ၂၀၀၀ ပညာသင်နှစ် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် သင်တန်း သား/သူ များ

### စတုတ္ထနှစ်

| အမည် | သာသနာ့ပိုင်နယ် |
|---|---|
| ၁။ စောရှီးရှိ | တောင်ငူ |
| ၂။ စောဘဲန်ဆင် | ။ |
| ၃။ ဆလိုင်းလက်ခိုဆပ် | မန္တလေး |
| ၄။ ဆလိုင်း အောင်ဆိုဒ် | စစ်တွေ |
| ၅။ ဆလိုင်း မောင်မောင် | ။ |
| ၆။ မိုင် အောင်မဖြူ | ။ |
| ၃။ စောဒေးဗစ်ပိုး | တောင်ငူ |
| ၄။ နော်ဆာဂေဖေါ | ။ |
| ၅။ နော်မူလာစေးထူး | ။ |
| ၆။ နော်ဖေါဖေါ်ဝါး | ဘားအံ |
| ၇။ ဒေးဗစ်ဘရန်ထန် | မြစ်ကြီးနား |
| ၈။ နော်လားယူဖေါ | ။ |
| ၉။ အဲလိဇဘက်လှမိုင် | ။ |
| ၁၀။ ဆလိုင်းအောင်လင်းခင် | စစ်တွေ |
| ၁၁။ ဆလိုင်းကံအောင် | ။ |
| ၁၂။ မိုင် ကံမ | ။ |

### တတိယနှစ်

| အမည် | သာသနာ့ပိုင်နယ် |
|---|---|
| ၁။ စ အောင်လင်းထင် | ရန်ကုန် |
| ၂။ စ ကျော်ဌေးဝင်း | ။ |
| ၃။ စ လင်းထွဋ်ဝင်း | ။ |
| ၄။ စ အောင်မိုးသူ | ။ |
| ၅။ ဆလိုင်းထွန်းထွန်းဝင်း | ။ |
| ၆။ စ လုကာဝဏ္ဏစိုး | ။ |
| ၇။ စောရော်ဘင် | ။ |
| ၈။ နန့်ဖေါင်ယာ | ။ |
| ၉။ စောလို | တောင်ငူ |
| ၁၀။ စောခရစ္စတိုဖါသိန်းထိုက် | ။ |
| ၁၁။ စောစတီဗင် | ။ |
| ၁၂။ နော်ဧဘရန်မိုင် | မြစ်ကြီးနား |
| ၁၃။ ဒေးဗစ်ဇော်တူး | ။ |
| ၁၄။ နော်လုမာ | ။ |
| ၁၅။ နော်ဝါးဖေါ | ။ |
| ၁၆။ ဆလိုင်းထွန်းပ | စစ်တွေ |

### ဒုတိယနှစ်

| အမည် | သာသနာ့ပိုင်နယ် |
|---|---|
| ၁။ ဆလိုင်းဂျူးဇက် | ရန်ကုန် |
| ၂။ မရေချယ်မေသန်းနိုင် | ။ |

### ပထမနှစ်

| အမည် | သာသနာ့ပိုင်နယ် |
|---|---|
| ၁။ စောဟယ်လရီမင်းငင်း | ရန်ကုန် |
| ၂။ စ အောင်ညွန့်စိန် | ။ |
| ၃။ နန့်အေးသီတာသိန်း | ။ |
| ၄။ စောပြည့်ငြိမ်းဘွယ်ထူး | တောင်ငူ |
| ၅။ စောဒီဘလူး | ။ |
| ၆။ နော်မူမူထွန်း | ။ |
| ၇။ စောဥာဏ်လင်း | ဘားအံ |
| ၈။ ဆလိုင်းပီတာဆေးဟောင်မန်း | မန္တလေး |
| ၉။ ဆလိုင်းအိုက်ဇက် | မြစ်ကြီးနား |
| ၁၀။ ဆလိုင်းနိုဝယ်လ်တင်မင်းထွေး | ။ |
| ၁၁။ အိုက်ဇက်ဆွတ်အောင် | ။ |
| ၁၂။ ဖြိုန်ဂွမ်ဆန်အောင် | ။ |
| ၁၃။ သိလနော်အောင် | ။ |
| ၁၄။ ဆလိုင်း ဆန္ဒအောင် | စစ်တွေ |
| ၁၅။ ဆလိုင်း ငွေသိန်း | ။ |
| ၁၆။ ဆလိုင်း ဒံယေလဖွေးဘူ | ။ |





## မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့ အောင်မြင်စွာဖွဲ့စည်းပြီးခြင်း

မြန်မာနိုင်ငံခရစ်ယာန် စာပေအသင်း၏ ဦးဆောင်မှုဖြင့်ခရစ်ယာန်စာရေးသူများတွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ၁၉၉၉–ခု၊ ဇွန်လ(၇)ရက်မှ(၁၁)ရက်အထိ၊ မော်ဘီမြို့၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ ကျေးလက်သာသနာပြုသင်တန်း အဆောက်အဦ၊ စာဖြူစုလမ်း၊ တပ်ကြီးကုန်းရွာသစ်၌ ကျင်းပပြုလုပ်ခဲ့၏။ မြန်မာနိုင်ငံအဝှမ်းမှ ခရစ်ယာန် စာရေးသူစုစုပေါင်း(၃၉)ဦးပါဝင်တက်ရောက်ခဲ့ကြ၏။

### အစီအစဉ်များ

၁၉၉၉–ခု၊ ဇွန်လ(၇)ရက် တနင်္လာနေ့ ညနေ(၄း၃၀)နာရီအချိန်တွင် ဖွင့်ပွဲအခမ်းအနား ကို စတင်ကျင်းပရာ၌ မြန်မာနိုင်ငံခရစ်ယာန်စာပေ အသင်းဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးဝင်းတင် တက်ရောက်အမှာစကားပြောကြားပေး၏။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း အမှုဆောင်အတွင်းရေးမှူး ဆရာအယ်လင်စောဦးက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပြီး၊ အထူးဆုတောင်းခြင်းကို သိက္ခာတော်ရဆရာဦးမြသောင်းက ဆောင်ရွက်ကာ၊ ဘုန်းတော်ကြီး ဦးဒေးဗစ်သန်းလွင်၏ ကောင်းချီးဖြင့်ရပ်သိမ်းလိုက်သည်။

### တင်ပြခြင်းများ

နေ့စဉ် ကျမ်းသဘောအမြင်တင်ပြခြင်းကို (၈)ရက်နေ့အတွက် ဘုန်းတော်ကြီးဦးဒီ၊သန်းလွင်၊ (၉)ရက်နေ့အတွက် ဘုန်းတော်ကြီး ဦးနန်းချင်း၊ (၁၀)ရက်နေ့အတွက် ဘုန်းတော်ကြီး အက်စ် ထန်အုပ်တို့က အသီးသီးတာဝန်ယူသွားကြသည်။

၁၉၉၉–ခု၊ ဇွန်လ(၈)ရက်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်းအမှုဆောင်အတွင်းရေးမှူး ဆရာအယ်လင်စောဦးက 'ခရစ်ယာန်စာပေအသင်းဘာလဲ၊ ဘယ်လဲ'ဟူသော ခေါင်းစဉ်ဖြင့် စာတမ်းအနှစ်ချုပ်တစ်ခုကို ဖတ်ကြားတင်သွင်းသွား၏။ စာတမ်းတွင်ပုံနှိပ်လောကစတင်မှု၊ မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်းစတင်ဖွဲ့စည်းမှု၊ ဂိုဏ်းပေါင်းစုံ စုစည်းလှုပ်ရှားမှု၊ ရည်ရွယ်ချက်များ၊ ဆောင်ရွက်ခဲ့သောတာဝန်ခံများ၊ ထုတ်ဝေခဲ့သောစာအုပ်များ၊ မျက်မှောက်ခေတ်စာပေအသင်း၏ လုပ်ဆောင်ချက်များ၊ အနာဂတ်မျှော်မှန်းချက်များကို တင်ပြသွား၏။

### ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမူကြမ်း ဖတ်ကြားတင်သွင်းပြင်ဆင်ခြင်း

ဆက်လက်၍ သိက္ခာတော်ရဆရာ ဦးမြသောင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး၊ ဦးစောပီတာအေးက 'ခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်း မျဉ်းမူကြမ်း'ကိုဖတ်ကြားတင်သွင်းသွား၏။ ထိုနောက်တက်ရောက်လာကြသော ခရစ်ယာန်စာရေးသူများက တစ်ချက်ခြင်း ဆွေးနွေး၊ ပြင်ဆင်၊ ဖြည့်စွက်၊ အကြံပြုခြင်းများကို ပြုလုပ်ခဲ့ကြသည်။

### ခရစ်ယာန်စာရေးသူများမိတ်သဟာယအဖွဲ့ ညီလာခံပြုလုပ်ကျင်းပခြင်း

၁၉၉၉–ခု၊ ဇွန်လ(၉)ရက်နေ့ နံနက်တွင် မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့ညီလာခံ စတင်နိုင်ရေးအတွက် ဆရာအယ်လင်စောဦးမှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ (၁) မူကြမ်းရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုအတည်ပြုရန်။ (၂) ခရစ်ယာန်စာရေးသူများမိတ်သဟာယအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီကို ရွေးချယ်ရန်၊ (၃) တက်ရောက်လာသောခရစ်ယာန်စာရေးသူများကိုအခြေခံ၍ ခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့ ဖွဲ့စည်းရေးနှင့် စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် ရေ့လုပ်ငန်းစဉ်များကို ချမှတ်သွားရန် ကိစ္စ

တို့ကိုကြေညာသည်။

### ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုအတည်ပြုခြင်း

ဦးစောပီတာအေးမှုကြမ်းရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို (၈)ရက်နေ့၌ အကြေအလည်ဆွေးနွေး၊ ပြင်ဆင်၊ ဖြည့်စွက်ချက်များအပေါ်မူတည်၍ တက်ရောက်လာကြသောခရစ်ယာန်စာရေးသူများက အားလုံးသဘောတူလက်ခံအတည်ပြုကြသည်။

### ဗဟိုအမှုဆောင်ကော်မတီရွေးချယ်ခြင်း

ညီလာခံယာယီသဘာပတိ ဆရာအယ်လင်စောဦးက ၁၉၉၉–၂၀၀၁ အတွက် ဗဟိုအမှုဆောင်ကော်မတီဝင်အဖြစ် လျာထားသောအမည်စာရင်းကိုတင်သွင်းသည်။ ထိုနောက် ရွေးချယ်ရေးသဘာပတိအဖြစ် ဆရာရဲညွန့်ကျော်(ယောန)လက်သို့ တာဝန်လွှဲပြောင်းပေးသည်။

တက်ရောက်လာကြသော ခရစ်ယာန်စာရေးသူများက အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ၁၉၉၉–၂၀၀၁ ခုနှစ်၊ နှစ်နှစ်သက်တမ်းအတွက်ဗဟိုအမှုဆောင်ကော်မတီဝင်များအဖြစ် ရွေးချယ်ခဲ့ကြသည်။

| | |
|---|---|
| ဥက္ကဋ္ဌ | – ဦးစောပီတာအေး (ပြည်ငြိမ်းအေး) |
| ဒု–ဥက္ကဋ္ဌ | – ဒေါက်တာထွန်းမြတ်အေး (ထွန်းမြတ်အေး) |
| အတွင်းရေးမှူး | – စောရွှေရည်(ဆိုး) |
| တွဲဖက်တွင်း/မှူး | – ဦးအေးကိုမင်း (စောရွှယ်လူးကယ်တင်ခြင်းတပ်) |
| ဘဏ္ဍာထိန်း | – ဒေါ်နန်းခင်စော(ပြုံး) |
| အဖွဲ့ဝင်များ | – ဘုန်းတော်ကြီး ဦးဒေးဗစ်သန်းလွင်(ရွှေနော်ဒီလုံး) |
| | – သိက္ခာရဆရာ ဦးမြသောင်း |
| | – ကိုနော်အောင်(ကိုပီတိ) |
| | – စောဟားရေစီ တို့ဖြစ်ကြ၏။ |

### ရှေ့လုပ်ငန်းနှင့်ဆုံးဖြတ်ချက်များ

၁။ အဖွဲ့ဝင်ဖြစ်ခြင်း။

အဖွဲ့ဝင်ဖြစ်ခြင်း၊ အဖွဲ့ဝင်ပုံစံပေးပို့ခြင်း၊ အဖွဲ့ဝင်အဖြစ်အတည်ပြုခြင်းကိစ္စရပ်များလုပ်ဆောင်ရန်အတွက် အသင်းဝင်ကြေး ၂၀ဝိ/– နှစ်စဉ်ကြေး ၁၀ဝိ/– ဟု(ဗဟိုကော်မတီသို့တာဝန်ပေးအပ်ခြင်း) သတ်မှတ်အတည်ပြုဆုံးဖြတ်ခဲ့သည်။

၂။ အောက်တိုဘာလ ဒုတိယပတ် တနင်္ဂနွေနေ့တွင်ကျရောက်သည့် ခရစ်ယာန်စာပေသာသနာနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်။

၃။ မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့မှ မြတ်ပုလဲမဂ္ဂဇင်းကို ဆက်လက်ထုတ်ဝေသွားရန်၊ အတိုင်ပင်ခံများမှာ ဗဟိုအမှုဆောင်ကော်မတီဝင်များဖြစ်၍ ထုတ်လုပ်မှုစာတည်းများအဖြစ် ရဲညွန့်ကျော်(ယောန)၊ စောဟားရေစီ၊ ဆလိုင်းရမ်လိန်မှုန်း တို့ကို ရွေးချယ်ကြ၏။

၄။ စာပေပြိုင်ပွဲများကျင်းပရန်။

မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့မှကြီးမှူး၍ စာပေပြိုင်ပွဲများကျင်းပရန် ဆုံးဖြတ်ပြီး ပြိုင်ပွဲများတွင်၊ ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းဟူ၍ ကဏ္ဍငါးမျိုးခွဲ၍ ကျင်းပရန်၊ ယခုနှစ်စာပေပြိုင်ပွဲ၏ အဓိကဦးတည်ချက်မှာ **'ခရစ်ယာန်စာပေသာသနာတိုးတက်ပြန့်ပွါးရေး'** ဟုသတ်မှတ်ဆုံးဖြတ်ကြသည်။ ကဏ္ဍ တစ်ခုစီ၌ ပထမဆု၊ ဒုတိယဆု၊ တတိယဆုများပေးရန်နှင့် ပိတ်ရက်ကို ၁၉၉၉–ခု၊ ဒီဇင်ဘာလ(၃၁)ရက်သတ်မှတ်၏။ ဤပြိုင်ပွဲကိစ္စရပ်များအတွက်ဘာသာရေးလောက၌ထုတ်ဝေနေသည့်မဂ္ဂဇင်းစာစောင်များ၌ ထည့်သွင်းကြော်ငြာသွားရန်ဖြစ်သည်။



၅။ ဘာသာရေးမဂ္ဂဇင်းနှင့် စာစောင်ပါစာမူများကို ဆုချီးမြှင့်ရေး။

ဘာသာရေးလောက၌ ထုတ်ဝေနေသည့် မဂ္ဂဇင်း၊ စာစောင်များ၌ပါရှိသည့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ဆောင်းပါးနှင့်ကဗျာများကိုလည်းတစ်နှစ်တစ်ကြိမ်ရွေးချယ်ဆုချီးမြှင့်သွားရန်။

၆။ ကြော်ငြာများအသုံးပြုရန်။

မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို စာဖတ်ပရိသတ်များ၊ ခရစ်ယာန်စာရေးသူများ၊ စာပေဝါသနာရှင်များ သိရှိနိုင်ရေးအတွက် ဘာသာရေးမဂ္ဂဇင်း၊ စာစောင်များ၌ ထည့်သွင်းဖော်ပြသွားရန်။

၇။ ခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့၏ ဒုတိယအကြိမ်ညီလာခံ။

သက္ကရာဇ်(၂၀၀၀) ဇွန်လတွင် မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့၊ ဒုတိယအကြိမ်မြောက်ညီလာခံကို ပြုလုပ်ကျင်းပသွားရန် စသည်တို့ဖြစ်သည်။

### ညီလာခံအဆုံးသတ်ခြင်း

၁၉၉၉–ခု၊ ဇွန်လ(၁၁)ရက် နံနက်(၉)နာရီတွင် ညီလာခံအဆုံးသတ်စည်းဝေးကို ကျင်းပရာ၌ သဘာပတိအဖြစ် ဦးစောပီတာအေးကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ်ဦးစောရွှေရည်ကဆောင်ရွက်၏။ ထိုနောက်ဦးစောရွှေရည်က စည်းဝေးဆုံးဖြတ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကိုကြေညာသွားသည်။ ထိုနောက် လျှောက်လွှာပုံစံများကိုလည်း၊ လျှောက်ထားလိုသူများအားပေးနိုင်ရန်တက်ရောက်လာသူ အားလုံးအား(၅)စုံစီဝေငှပေး၏။ တက်ရောက်လာသော ခရစ်ယာန်စာရေးသူများက အဖွဲ့ဝင်သစ်များရရှိရေးအတွက် စည်းရုံးပေးသွားရန်ဖြစ်သည်။

ထို့နောက်ဦးပီတာအေးက အပိတ်အမှာစကားပြောကြား၏။ ဆက်လက်၍ ဝတ်ပြုခြင်းနှင့် ဂုဏ်ပြုခြင်းအစီအစဉ်ကိုပြုလုပ်ရာ၌ ဆရာမအေးအေးဝင်းက သဘာပတိအဖြစ်ဆောင်ရွက်သည်။ အစီအစဉ်တွင် သိက္ခာတော်ရဆရာဦးဝင်းတင်တက်ရောက်အမှာစကားပြောကြား၏။

### ဂုဏ်ပြုခြင်း

ခရစ်ယာန်စာရေးသူများအနက် စာပေဗိမာန်စာမူဆုရ ဒေါက်တာထွန်းမြတ်အေးကိုလည်းကောင်း၊ ခရစ်ယာန်စာပေများပြားစွာရေးသားနိုင်သူ စောရွှေရည်(ဆိုး)အားလည်းကောင်း၊ မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်းက ဂုဏ်ပြုချီးမြှင့်မှတ်တမ်းတင်၏။

ညီလာခံကိုယ်စားလှယ်များထဲမှ မစိုးစိုးတင့်(စိုးစိုးမန်းလျှန်း)နှင့် ဒေါ်ရီရီစန်း(မိုးဦးဇွန်)တို့က ကျေးဇူးတင်စကားပြောကြား၏။

ထို့နောက် သိက္ခာရဆရာဦးမြသောင်းက တိုက်တွန်းနှိုးဆော်စကားပြောကြားပေးပြီး၊ ဘုန်းတော်ကြီးဦးဒေးဗစ်သန်းလွင်၏ ကောင်းချီးမင်္ဂလာဖြင့် ညီလာခံကိုအောင်မြင်စွာအဆုံးသတ်လိုက်ပါသည်။

### သုံးသပ်ချက်များ

ခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့ဖွဲ့စည်းနိုင်ရေးအတွက် ၁၉၉၀ပြည့်နှစ်မှစ၍၊ ၁၉၉၄–ခုနှစ်အတွင်း မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ ပညာရေးနှင့် ဆက်သွယ်ရေးယူနစ်၊ သိက္ခာတော်ရဆရာ ဦးမြသောင်း သဘာပတိအဖြစ်ဆောင်ရွက်သော စာပေကော်မတီအစည်းအဝေးများ၊ တွေ့ဆုံးဆွေးနွေးပွဲများမှ စ၍ သန္ဓေတည်ခဲ့သည်။ တစ်နည်းအားဖြင့် လွန်ခဲ့သော ဆယ်နှစ်ခန့်ကစ၍ စဉ်းစားဆွေးနွေးတိုင်ပင်လာခဲ့ခြင်းပင်ဖြစ်သည်။ ထိုနောက် မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း၌ အမှုဆောင်အတွင်းရေးမှူးအဖြစ် ဆရာအယ်လင်စောဦးသည် ၁၉၉၅–ခုနှစ်တွင် ရောက်ရှိလာပြီး အဆိုပါဖွဲ့စည်းရေးနှင့်

စည်းရုံးရေးလုပ်ငန်းကို အာရုံစူးစိုက်ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၉၈–ခုနှစ်၊ ဇူလိုင်လ(၁၀)ရက်နေ့တွင်၊ ရန်ကုန်မြို့ ၆၀၁–ပြည်လမ်းရှိ ဂိုဏ်းပေါင်းစုံခရစ်ယာန်ရိပ်သာတွင် စာပေပညာရှင်များတွေ့ဆုံပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီး အဆိုပါတွေ့ဆုံပွဲ၌ ဦးစောပီတာအေး(ပြည်ငြိမ်းအေး)က ခရစ်ယာန်စာရေးသူများမိတ်သဟာယအဖွဲ့,ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် အထောက်အကူပြုစာတမ်းတစ်စောင်တင်သွင်းခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲ၏ရလဒ်အဖြစ် ယခု ၁၉၉၉–ခု၊ ဇွန်လ(၇)ရက်မှ(၁၁)ရက်အထိ၊ မော်ဘီမြို့ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ကျေးလက်သာသနာပြုသင်တန်းအဆောက်အဦးတွင် အောင်မြင်စွာကျင်းပအကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုတွေ့ဆုံသည့် ခရစ်ယာန်စာရေးသူများညီလာခံတွင် လုပ်ငန်းပိုင်းဆိုင်ရာအစည်းအဝေးကျင်းပသကဲ့သို့ ကဗျာရွတ်ခြင်း၊ ဝတ္ထုတိုရေးသားခြင်းဆိုင်ရာဝေမျှခြင်းကိုလည်း ပြုလုပ်ခဲ့ကြသည်။

ကဗျာရွတ်ခြင်းတွင် ယောန၊ ကိုကောင်း(ရတနာမြေ)၊ စိုးစိုးမန်းလျှန်း၊ စောရွှယ်လူ(ကယ်တင်ခြင်းတပ်)တို့ကရွတ်ဆိုခဲ့ကြသည်။ ဝတ္ထုတိုအခန်းကဏ္ဍတင်ပြခြင်းတွင် သိက္ခာရဆရာဦးမြသောင်း၊ မိုင်လို(မိုးကောင်း)၊ ငြိမ်းချမ်းဝေ(သုံးဆယ်)၊ ဒွေးမယ်နော်(လှိုင်ကော်)၊ စောသာစိန်မင်း(ဖျာပုံ)၊ စောမင်းလွင်(နဂါးတောင်တန်း)၊ ပြည်ငြိမ်းအေးတို့ကတင်ပြသွားကြသည်။

ဘုန်းတော်ကြီး ဦးဒေးဗစ်သန်းလွင်(ရွှေနော်ဒီလုံး)ကလည်း တင်ပြမှုများအပေါ် ပြန်လည်သုံးသပ်သွားသည်။

မည်သို့ပင်ဖြစ်စေ၊ ပထမအကြိမ်ကျင်းပသော ခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့၏ညီလာခံသည်အတိုင်းအတာတစ်ခုအထိအောင်မြင်မှုရရှိခဲ့သည်။ သို့သော် ယခုမှ မွေးဖွားသန့်စင်သည့်အဖွဲ့ဖြစ်၍ ရေ့လျှောက်များစွာ ရှန်းကန်လှုပ်ရှားရဖို့ရှိသည်။ ဤအဖွဲ့အပေါ် ခရစ်ယာန်များ ပိုမိုသဘောပေါက်လာဖို့၊ စိတ်ဝင်စားလာဖို့၊ အားပေးလာဖို့၊ အဖွဲ့ဝင်များတိုးတက်လာဖို့လုပ်ဆောင်စရာအမြောက်အမြားရှိနေသေးသည်။

ဤအဖွဲ့သည် ခရစ်ယာန်စာပေဝါသနာရှင်များအတွက်သော်လည်းကောင်း၊ ခရစ်ယာန်စာရေးသူများအတွက်သော်လည်းကောင်း၊ ခရစ်ယာန် စာဖတ်ပရိသတ်များ အတွက်သော်လည်းကောင်း အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ မြန်မာနိုင်ငံခရစ်ယာန်စာပေသာသနာတိုးတက်ပြန့်ပွါးရေးအတွက် ယခုကဲ့သို့ အဖွဲ့အစည်းအခိုင်အမာတည်ရှိခြင်းသည် မလွဲမသွေလိုအပ်သော အကြောင်းတစ်ရပ်ဖြစ်သည်။

ခရစ်ယာန်အသင်းတော်များ၌ ဦးဆောင်နေကြသည့် အသင်းတော်ခေါင်းဆောင်ကြီးများကစာပေ၏တန်ဖိုး၊ စာပေ၏အရေးကြီးပုံ၊ သာသနာပြုခြင်း၌စာပေ၏ ထိရောက်သောအခန်းကဏ္ဍ၊ ဝိညာဉ်ရှင်သန်နိုးကြားရေး၌စာပေ၏တွန်းအားထက်မြက်ပုံများကို ပိုမို သဘောပေါက်သိရှိလာရေးနှင့် စာပေလုပ်ငန်း၌ ရန်ပုံငွေပိုမိုသုံးစွဲလာရေးအတွက် ဤအဖွဲ့အနေဖြင့် တစ်ဖက်တစ်လမ်းမှ တွန်းအားပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

## မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများမိတ်သဟာယအဖွဲ့သို့ ဝင်လိုသူများသိရှိရန် အချက်များ

၁။ ဘာသာရေးမဂ္ဂဇင်း၊ စာစောင်များ၌ ဝတ္ထုတို(၃)ပုဒ်၊ သို့မဟုတ် ပုံပြင်(၃)ပုဒ်၊ သို့မဟုတ် ဆောင်းပါး(၃)ပုဒ်၊ သို့မဟုတ် တရားဟောချက်(၃)ပုဒ်၊ သို့မဟုတ် သက်သေခံချက်(၃)ပုဒ်၊ သို့မဟုတ် ကဗျာ(၅)ပုဒ်၊ သို့မဟုတ် ဘာသာပြန်ဝတ္ထုတို(၃)ပုဒ်၊ သို့မဟုတ် ဘာသာပြန်ဆောင်းပါး(၃)ပုဒ်၊ ပြဇာတ်တို(၃)ပုဒ် စသဖြင့် ပုံနှိပ်ဖော်ပြခြင်းခံရကြောင်း အထောက်အထားနှင့်တကွ ဖော်ပြရမည်။ (အသေးစိတ်ကို မြန်မာနိုင်ငံ ခရစ်ယာန်စာပေအသင်းသို့သော်လည်းကောင်း၊ ဖော်ပြထားသော လိပ်စာရှင်များထံ၌လည်းကောင်း စုံစမ်းနိုင်သည်။)



၂။ လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းဌာနနှင့် ဖော်ပြထားသောလိပ်စာရှင်များထံတွင် တောင်းယူနိုင်သည်။

၃။ ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၃)ပုံကို လျှောက်လွှာနှင့်တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

၄။ ကျား/မ မရွေး ခရစ်ယာန်ဖြစ်သူတိုင်းလျှောက်ထားနိုင်သည်။ သို့သော်အသက်(၁၈)နှစ်ထက် မငယ်စေရ။ ထို့ပြင် အသင်းဝင်ကြေး ၂၀၀/– နှင့် နှစ်စဉ်ကြေး ၁၀၀/–ကို လျှောက်လွှာနှင့်အတူပေးသွင်းရမည်။

၅။ လျှောက်ထားသူတိုင်းသည် အောက်ပါစည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။ စောင့်ထိန်းရမည်။ ကျင့်သုံးရမည်။

က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်ထိန်းရမည်။

ခ) ဂိုဏ်းဂဏအသီးသီး၏ ယုံကြည်မှုနှင့် ကျင့်သုံးမှုကို လေးစားရမည်။

ဂ) ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

ဃ) အဖွဲ့၏ရည်ရွယ်ချက်ကို ထိပါးစေမည့် လုပ်ရပ်များကို လုံးဝမပြုလုပ်ရ။

င) မိမိ၏ဂုဏ်သိက္ခာနှင့် ခရစ်ယာန်တို့၏ ဂုဏ်သိက္ခာတို့ကို ထိပါးစေမည့် အပြုအမူများကို ရှောင်ကြဉ်ရမည်။

စ) အဖွဲ့၏ လှုပ်ရှားမှုတွင် မည်သည့်ခရစ်ယာန်ဂိုဏ်းဂဏအဖွဲ့အစည်း၏လှုပ်ရှားမှုနှင့်အယူဝါဒဩဇာသက်ရောက်မှုမရှိစေဘဲ ကင်းရှင်းစေရမည်။

ဆ) အဖွဲ့၏ညီညွတ်ရေးပျက်ပြားစေမည့် လုပ်ရပ်များနှင့်အဖွဲ့အတွင်း စည်းရုံးရေး၊ ညီညွတ်ရေးပျက်ပြားစေမည့် အပြောအဆို၊ အပြုအမူ၊ အကျင့်အကြံများကို မပြုလုပ်ရ။

ဇ) တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဦးဆောင်မှုမဖြစ်စေဘဲ၊ အဖွဲ့၏ ဦးဆောင်မှုစုပေါင်းဦးဆောင်မှုဖြင့် ခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့ဆိုင်ရာ ကိစ္စအဝဝကို ဆောင်ရွက်ရမည်။

ဈ) မိမိတက်ရောက်ခွင့်ရှိသည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို မှန်မှန်တက်ရောက်ရမည်။

ည) နှစ်စဉ်ကြေး၊ အသင်းဝင်ကြေး များကို မှန်မှန်ပေးသွင်းရမည်။ (နှစ်စဉ်ကြေး ကျပ် ၁၀၀/– အသင်းဝင်ကြေးကျပ် ၂၀၀/–)

---

**အသင်းဝင်လိုသူများ ဆက်သွယ်ရန်**

**မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများမိတ်သဟာယအဖွဲ့**

မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း

၁၄၃–မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။(၁၁၁၃၁)

ဖုံး– ၂၂၁၄၆၅။ ၂၄၆၈၁၃။

နှင့်

**တစ်ဖက်ဖော်ပြပါ နိုးစပ်ရာလိပ်စာရှင်များထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။**

| စဉ် | အမည် | လိပ်စာ |
| --- | --- | --- |
| ၁။ | စောရွှေရည်(ဆိုး) | ၁၄၃-မင်းရဲကျော်စွာလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၂။ | ဘုန်းတော်ကြီးဦးနန်းချင်း | ရှင်မာကုဘုရားကျောင်း(ရွှေစက်)<br>တဆင့်/ သာသနာပိုင်ရုံး၊ သခင်နက်ဖေလမ်း<br>သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့။ ကချင်ပြည်နယ်။ |
| ၃။ | မစိုးစို(စိုးစိုးမန်းလျှန်း) | တဆင့်/ဒေါ်အေးအေးမြင့်၊ အနောက်လျှပ်စစ်ဓါတ်အားခွဲရုံး<br>ဝင်း၊ ညောင်ပင်စုရပ်၊ အင်းတော်မြို့။ စစ်ကိုင်းတိုင်း။ |
| ၄။ | ဦးမိုးစည်(ကိုကောင်း-ရတနာမြေ) | ၆၀၃၊ အောင်ချမ်းသာရပ်ကွက်၊ မိုးကုတ်မြို့။ |
| ၅။ | မပရီဂျား(မိုင်လို-မိုးကောင်း) | စ/၂၂၂(ဈေးကုန်း)မြဝတီလမ်း၊ မိုးကောင်းမြို့၊ကချင်ပြည်နယ်။ |
| ၆။ | စောအောင်ထွန်းညွန့် | အမှတ်(၉) တိုက်ကျောင်းလမ်း၊ သာယာဝတီမြို့။ |
| ၇။ | ကိုသက်နိုင်(ချစ်ရင်ထူး) | အမှတ်(၈၄၇)၊ မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၈။ | ချမ်းငြိမ်းဝင်း<br>ငြိမ်းချမ်းဝေ(သုံးဆယ်) | ဘီ၊ဘီ၊အမ် ဝင်း၊ သုံးဆယ်၊ သာယာဝတီမြို့နယ်။ |
| ၉။ | စမျိုးထွန်းကျော်(မျိုး-လားရှိုး) | ပထမနှစ်ခြင်းအသင်းတော်၊ မြို့တော်ခန်းမအနီး၊<br>အမှတ်(၂)တကောင်းလမ်း၊ လားရှိုးမြို့။ |
| ၁၀။ | ဦးစတီဖင်မြင့်စိုး | တ-၂၄၊ ဂရေ့(စ်)ဗေးလာ၊ စွယ်တော်(၁)လမ်း၊<br>ပဒေသာရပ်ကွက်၊ ပြင်ဦးလွင်မြို့။ |
| ၁၁။ | နော်ဖောဖကြီး<br>(ဒွေးမယ်နော်-လွိုင်ကော်) | မ-၂၄၂၊ မင်္ဂလာရပ်ကွက် လွိုင်ကော်မြို့။<br>ကယားပြည်နယ်။ |
| ၁၂။ | စောသာစိန်မင်း(ဖျာပုံ) | အမှတ်-၈၅၊(၁၀)လမ်း၊ (၁၁)ရပ်ကွက်၊ ဖျာပုံမြို့။ |
| ၁၃။ | ဘုန်းတော်ကြီးဂျိုးဇက်ရင်ဦး | စိန့်စီစီလျာအသင်းတော်၊ စဉ့်ကိုင်ပညာရေး<br>ကောလိပ်အနီး၊ စဉ့်ကိုင်မြို့။ မန္တလေးတိုင်း။ |
| ၁၄။ | နော်ဖောထူးသာ<br>(ချို့မမ-လွိုင်ကော်) | မ-၂၄၆(က)၊ ခွါညိုလမ်းနှင့်ပေါ်ဆန်းမွှေးလမ်းထောင့်၊<br>မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့။ ကယားပြည်နယ်။ |
| ၁၅။ | ဦးစောမင်းလွင် | သံလွင်တောင်နှစ်ခြင်းအသင်းတော်<br>ဝမ်းကန်၊ မိုင်းရှူးမြို့၊ ရှမ်းပြည်မြောက်ပိုင်း။ |
| ၁၆။ | စောချွန်ပန်းလှ | ဘီးရှော့ကုန်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်။ |
| ၁၇။ | ဒေါ်ခင်နန်းစော(ပြုး) | ၁၄၃-မင်းရဲကျော်စွာလမ်း၊ လမ်းမတော်(၁၁၁၃၁)၊ ရန်ကုန်။ |
| ၁၈။ | ဦးအေးကိုမင်း(စောရွှယ်လူး)<br>(ကယ်တင်ခြင်းတပ်) | ဂိုဏ်းပေါင်းစုံခရစ်ယာန်ဓမ္မရိပ်သာ<br>၆၀၁-ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်။ |
| ၁၉။ | ဒေါ်ဂါဗြေလလှမေသိန်း | တ-၂၄၊ ဂရေ့(စ်)ဗေးလာ၊ စွယ်တော်(၁)လမ်း၊<br>ပဒေသာရပ်ကွက်၊ ပြင်ဦးလွင်မြို့။ |



| | | |
| --- | --- | --- |
| ၂၀။ | စောဟားရေစီ | ၉၉၉၊ ကျမ်းစာသင်ကျောင်းလမ်း၊ အရှေ့ကြို့ကုန်း၊<br>အင်းစိန်၊ ရန်ကုန်မြို့။ |
| ၂၁။ | ဘုန်းတော်ကြီးအက်စ်ထန်အုပ် | သန့်ရှင်းသောတြိနတိအသင်းတော် ၄၄၆-ဗိုလ်ချုပ်အောင်ဆန်း<br>လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၂။ | ဦးစောပီတာအေး(ပြည်ငြိမ်းအေး) | သာသနာပိုင်ချုပ်ရုံး၊ ၁၄၀-ပြည်ထောင်စုရိပ်<br>သာလမ်း၊ ဒဂုံစာတိုက်(၁၁၁၉၁)၊ ရန်ကုန်မြို့။ |
| ၂၃။ | ဘုန်းတော်ကြီးဦးဒီသန်းလွင်<br>(ရွှေနော်ဒီလုံး) | ရှင်မိက္ကေလအသင်းတော်၊ ၁၃၅-အထက်ကြည့်<br>မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ |
| ၂၄။ | ဂိုဏ်းအုပ်ကြီးဦးမြသောင်း<br>(သိက္ခာရဆရာဦးမြသောင်း) | ၃၂၁-မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊<br>ပြည်လမ်းရှေ့၊ ရန်ကုန်မြို့။ |
| ၂၅။ | စောဖရက်ဒရစ်လယ်ဖော<br>(ကပ္ပလီစော) | ၂၀၇၊ သမိန်ဗရမ်းလမ်း၊ ၃၆/၄၅၉-<br>ဒဂုံမြို့သစ်(မြောက်ပိုင်း) ရန်ကုန်မြို့။ |
| ၂၆။ | ဦးစန်းလွင်၊(သွေး-သိလ္လာမြေ) | ၁၄၃-မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၇။ | ဒေါ်ရီရီစန်း(မိုးဦးဖွန်) | ၁၁(က)၊ ဦးချိုလမ်း၊ လှိုင်(၈)ရပ်ကွက်၊<br>လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ |
| ၂၈။ | မရန်နော်အောင်(ကိုပီတိ) | အမှတ်(၈၄၇)၊ မြေညီထပ်ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၉။ | စောသာမူး(စောသာ) | တဆင့်/ ဦးစံဖြိုး၊ ၉၄၈၊ ကျမ်းစာကျောင်းလမ်း၊<br>ကြို့ကုန်း(အရှေ့)၊ အင်းစိန်မြို့။ |
| ၃၀။ | ဦးသက်ဇင်<br>(သက်ဇင်-အမ်အိုင်စီတီ) | ၁/၁၅၀၊ နှင်းဆီလမ်း၊<br>ထောက်ကြံ့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၁။ | ငြိမ်းထူးအေး(ချွန်ထက်) | အမှန်(၈၄၇)မြေညီထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊<br>လမ်းမတော်၊ ရန်ကုန်မြို့။ |
| ၃၂။ | နော်သပွယ်ဖော(သဒါး) | အမှတ်(၄၇၈/က) မဥ္ဈူလမ်း၊ (၈)ရပ်ကွက်<br>ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။ |
| ၃၃။ | ဦးရဲညွန့်ကျော်(ယောန) | ၈/၂/၁၂၈-ရွာမကွက်သစ်(၃)လမ်း၊ လှည်းကူးမြို့။ |
| ၃၄။ | အေးအေးဝင်း | မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း၊ |
| ၃၅။ | စောအယ်လင်စောဦး(သူ့ထက်ဦး) | မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း၊ |
| ၃၆။ | ဒေါက်တာထွန်းမြတ်အေး<br>(ထွန်းမြတ်အေး) | တိုက်(၉)၊ အခန်း(၄)၊ ဦးဝိစာရအိမ်ရာ၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၇။ | စောဂျန်း | လှည်းကူးနှစ်ခြင်းခရစ်ယာန်အသင်းတော်၊<br>ပြည်တော်သာ(၃)လမ်း၊ လှည်းကူးမြို့။ |

LIBRARY
YANGON



## စာပေအနုပညာလက်ရာပြိုင်ပွဲ–စာမူပိတ်ခေါ်ခြင်း

မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများ မိတ်သဟာယအဖွဲ့မှကြီးမှူး၍၊ ပထမအကြိမ်မြောက် စာပေအနုပညာလက်ရာပြိုင်ပွဲ၌ ခရစ်ယာန်စာပေဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ရန် အောက်ပါအတိုင်းဖိတ်ခေါ်အပ်ပါသည်။

**အဓိကအချက်– "ခရစ်ယာန်စာပေသာသနာ တိုးတက်ပြန့်ပွါးရန်"** ဖြစ်၏။

**ယှဉ်ပြိုင်မည့် ဘာသာရပ်များ**

(၁) ဝတ္ထုရှည်၊ (၂)ဝတ္ထုတို၊ (၃)ဆောင်းပါး၊ (၄)ကဗျာနှင့် (၅)ကာတွန်းဖြစ်၏။

**စည်းကမ်းချက်များ။**

၁။ ခရစ်ယာန်အသင်းသူ/အသင်းသားတစ်ဦးဖြစ်ရမည်။
၂။ မိမိကိုယ်ပိုင်စိတ်ကူး၊ အတွေ့အကြုံ၊ ခံစားချက်ဖြစ်ရမည်။
၃။ အခြားမည်သည့်မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်တို့တွင် မပါဝင်သေးသည့်စာမူဖြစ်ရမည်။
၄။ မိမိစိတ်ဝင်စားသည့် ဘာသာရပ်များကို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။
၅။ သို့သော် ဘာသာရပ်တစ်မျိုးအတွက် တစ်ခုသာယှဉ်ပြိုင်ခွင့်ရှိသည်။
(က) ဝတ္ထုရှည်အတွက် လက်ရေးစာမူစာမျက်နှာ(၁၀၀)ရေးသားရမည်။
(ခ) ဝတ္ထုတို၊ ဆောင်းပါးအတွက် လျှောက်လွှာစာမျက်နှာ လက်ရေးဖြင့်(၆)မျက်နှာရေးရမည်။
(ဂ) ကဗျာကို မိမိနှစ်သက်သည့်ပုံသဏ္ဍာန်ဖြင့်ရေးဖွဲ့နိုင်သည်။
(ဃ) ကာတွန်း ၁၀လက်မ × ၆လက်မအရွယ်ရေးဆွဲရမည်။
၆။ မြန်မာဘာသာတစ်မျိုးတည်းဖြင့် သာရေးသားယှဉ်ပြိုင်ရမည်။
၇။ ကလောင်အမည်၊ မှတ်ပုံတင်အမည်၊ အသင်းတော်အမည်နှင့် လိပ်စာအပြည့်အစုံဖော်ပြပေးရမည်။
၈။ အသက်အရွယ်ပိုင်းခြင်းမှုမရှိ၊ အကောင်းဆုံးစာမူများကို သာရွေးချယ်ချီးမြှင့်သွားမည်။

**စာမူပိတ်ရက်။ ။ ၁၉၉၉–ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်(သောကြာနေ့)**

**စာမူပေးပို့ရမည့်လိပ်စာ။**

☞ **မြန်မာနိုင်ငံခရစ်ယာန်စာရေးသူများမိတ်သဟာယအဖွဲ့** ☜
**မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း**
၁၄၃–မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်(၁၁၁၃၁)၊ ရန်ကုန်မြို့။(ဖုံး–၂၂၁၄၆၅)

**မြတ်ပုလဲမဂ္ဂဇင်း** (၃)လတစ်ကြိမ်ပြန်လည်ထွက်လာပါတော့မည်။

* ကဗျာ၊ ကာတွန်း၊ ရုပ်ပြ၊ ဆောင်းပါး၊ ဝတ္ထုတို၊ မဂ္ဂဇင်းဝတ္ထုရှည်၊ ဘာသာပြန်ပေးပို့လိုသူများ စာမူဖိတ်ခေါ်ပါသည်။
* မြတ်ပုလဲမဂ္ဂဇင်းဝိုင်းဝန်းကူညီဖြန့်ချိပေးလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ မြန်မာနိုင်ငံ ခရစ်ယာန်စာပေအသင်းရုံးနှင့် ဆက်သွယ်နိုင်ပါသည်။



ဒုတိယနှစ်သင်တန်းသူ/ သားများ



ပထမနှစ်သင်တန်းသူ/ သားများ

# Prayer of St. Francis of Assisi

*Lord, make us instruments of your peace;*
*Where there is hatred, let us sow love;*
*Where there is injury, pardon;*
*Where there is doubt, faith*
*Where there is despair, hope*
*Where there is darkness, light*
*and where there is sadness, joy.*

*O God,*

*grant that we may not so much seek*
*to be consoled as to console;*
*to be understood as to understand;*
*to be loved as to love;*
*for it is in giving that we receive,*
*it is in pardoning that we are pardoned,*
*and it is dying that we are born to eternal life.*

*Amen.*